www.burmeseclassic.com

ပန်းဝေဝေ စာပေ

ကလေးတို့အတွက်

# ပုံပြ
# ငါးရာ့ငါးဆယ်နိပါတ်တော်
## စကားပြေ ဇာတ်ဝတ္ထုများ

နန္ဒာမိုးကြယ် ပြုစုသည်

( တတိယတွဲ )



●ဖေဖော်ဝါရီ
2010

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ကလေးတို့အတွက်

ပုံပြ

# ငါးရာ့ငါးဆယ်နိပါတ်တော်

# စကားပြေ ဇာတ်ဝတ္ထုများ

## နန္ဒာမိုးကြယ်

ပြုစုသည်

(ဒုတိယတွဲ)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်** - ၆၀၀၁၄၇၀၃၁၁

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၆၀၀၂၆၂၀၅၁၁

**အုပ်ရေ** - ၅၀၀

**တန်ဖိုး** - ၅၀၀ ကျပ်

**ပထမအကြိမ်** - ၂၀၁၁ခုနှစ်၊ ဇွန်လ

**အဖုံးဒီဇိုင်း** - သန့်ဇော်သစ်

**အတွင်းဖလင်** - A-7 Group (Asia Plaza)

**ကွန်ပျူတာစာစီ** - Dream City

**ထုတ်ဝေသူ** - ဒေါ်ခင်မာချို
ပန်းဝေဝေစာပေ

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** - ဦးအောင်မြင့်သိန်း (မြ-၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ် - ၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်** - ပန်းဝေဝေ

၃၉၈.၂

နန္ဒာမိုးကြယ်

ငါးရာငါးဆယ်နိပါတ်တော်စကားပြေ ဇာတ်ဝတ္ထုတော်များ (တတိယတွဲ)/
နန္ဒာမိုးကြယ် ။ -ရန်ကုန်။ ပန်းဝေဝေစာပေ၊ ၂၀၁၁။
၂၁၆-စာ ၊ ၁၀.၅ × ၁၆.၅စင်တီ။
(၁) ငါးရာငါးဆယ်နိပါတ်တော်စကားပြေ ဇာတ်ဝတ္ထုတော်များ(တတိယတွဲ)


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## အာသီသဝင်

၅၁။ **မဟာသီလဝဇာတ်** ၁
(မေတ္တာတန်ခိုး၏ အာနိသင်ကြောင့် နတ်ဘီလူး၏ အစောင့်အရှောက်ဖြင့် မိမိအုပ်စိုးသောတိုင်းပြည်ကို ပြန်လည်ရရှိသော သီလဝမင်းအကြောင်း)

၅၂။ **စူဠဇနကဇာတ်** ၁၄
(ပင်လယ်တွင်း၌ သင်္ဘောပျက်သော်လည်း လုံ့လဝီရိယကို မလျှော့သဖြင့် မင်းအဖြစ်ကို ရရှိသော စူဠဇနကမင်းအကြောင်း)

၅၃။ **ပုဏ္ဏပါတိဇာတ်** ၁၇
(ဆေးခတ်ထားသောအရက်ဖြင့် လိမ်လည်လုယ်စားရန် ကြံစည်သော သေသောက်ကြူးတို့အကြောင်း)

www.burmeseclassic.com

www.burmeseclassic.com

၅၄။ **ကိံဖလဇာတ်** ၂၄
သရက်သီးနှင့်တူသော အဆိပ်သီးများကို
မဆင်မခြင်ဘဲ စားသူနှင့် ဆင်ခြင်၍
မစားဘဲနေသော သူတို့၏အကြောင်း

၅၅။ **ပဉ္စာဝုဓဇာတ်** ၃၁
(ကပ်စေးနှဲဘီလူးကြီးအား ကြောက်ရွံ့ထိတ်လန့်ခြင်း
မရှိဘဲ လက်နက်ငါးပါးဖြင့် တိုက်ခိုက်သော
ပဉ္စာဝုဓမင်းသားအကြောင်း)

၅၆။ **ကဉ္စနက္ခန္ဓဇာတ်** ၄၀
(လယ်ထွန်နေရာမှ ရွှေတုံးကြီး ရရှိပြီး
မထမ်းနိုင်ဖြစ်ရာ၊ စိတ်ကိုလှည့်စားမှ ထမ်းနိုင်သော
လယ်ထွန်ယောကျ်ားအကြောင်း)

၅၇။ **ဝါနရိန္ဒဇာတ်** ၄၅
(မိကျောင်းကို ဥပါယ်တံမျဉ် ဉာဏ်သုံးလျက်
လှည့်ဖြားအနိုင်ယူခဲ့သည့် မျောက်မင်းအကြောင်း)

၅၈။ **တယောဓမ္မဇာတ်** ၅၂
(မျောက်မင်းကြီး၏ သတ်ဖြတ်မှုကို မခံရဘဲ
တရားဓမ္မကို စောင့်ထိန်းသဖြင့် မျောက်မင်းကြီးအား
အနိုင်ရရှိသည့် မျောက်ငယ်အကြောင်း)

၅၉။ **ဘေရိဝါဒကဇာတ်** ၆၀
(အချိန်အခါ မသင့်ဘဲ လက်လွတ်စပယ် စည်တီးသဖြင့်
ဒုက္ခရောက်ရသော စည်တီးသားအဖအကြောင်း)

၆၀။ **သခ်ဓမ္မဇာတ်** ၆၅
(သား၏စကားကို နားမထောင်ဘဲ ခရုသင်းကို
ဆက်တိုက်မှုတ်သဖြင့် ခိုးသားဓားပြတို့၏ လုယက်
တိုက်ခိုက်ရိုက်ပုတ်မှုကို ခံရသည့် သားအဖအကြောင်း)

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ဣတ္ထိဝဂ်


၆၁။ **အသာတမန္တဇာတ်** ၇၀

(မိန်းမတို့၏ လော်လည်ဖောက်ပြားမှုကို ဒိသာပါမောက္ခဆရာကြီးမှ တပည့်လုလင်အား လက်တွေ့ပြသ ဆိုဆုံးမသည့်ဇာတ်ကြောင်း)

၆၂။ **အဏ္ဍဘူတဇာတ်** ၈၁

(ကိုယ်ဝန်တွင်းမှစ၍ စောင့်ရှောက်ပါသော်လည်း ဖောက်ပြားတတ်သော မိန်းမကြောင့် ကြွေအန်ရှုံးရသော ပုဏ္ဏားကြီး၏ ဇာတ်ကြောင်း)

၆၃။ **တက္ကပဏ္ဍိတဇာတ်** ၉၁

(ခိုးသားလင်လုပ်၍ မူလလင်တက္ကပဏ္ဍိတအား သတ်ရန် ကြံစည်သဖြင့် ပျက်စီးရသော မိန်းမယုတ်အကြောင်း)

၆၄။ **ဒုရာဇာနဇာတ်** ၉၉

(ကျွန်ကဲ့သို့တစ်ဖုံ၊ သခင်ကဲ့သို့တစ်နည်း အပြုအမူ ပြောင်းလဲသော မယားဖြစ်သူအား မယုံသင်္ကာဖြစ်မိသော ပုဏ္ဏားလုလင်အကြောင်း)

၆၅။ **အနဘိရတိဇာတ်** ၁၀၅

(မိန်းမတို့နှင့် ပတ်သက်၍ ဆရာ၏ဆိုဆုံးမမှုအပေါ် ငြီးငွေ့သော ပုဏ္ဏားအကြောင်း)

၆၆။ **မုဒုလက္ခဏဇာတ်** ၁၀၉

(မုဒုလက္ခဏမိဖုရားကြီးအပေါ် ကိလေသာစိတ် ဝင်မိသဖြင့် ဈာန်လျောခဲ့ရသည့် ရသေ့ကြီးအကြောင်း)

၆၇။ **ဥစ္ဆင်္ဂဇာတ်** ၁၁၈

(မင်းဖြစ်မင်းဒဏ်သင့်နေသည့်သူ သုံးဦးအနက် လင်နှင့်သားကို မတောင်းခံဘဲ မောင်ဖြစ်သူကိုသာ တောင်းခံသည့် ပညာရှိ မိန်းမအကြောင်း)


www.burmeseclassic.com

www.burmeseclassic.com

၆၈။ **သာကေတဇာတ်** ၁၂၅
(ဘုရားရှင်အား သားဟု ခေါ်ဆိုပြီး အိမ်သို့
ပင့်ဆောင်သွားသော ပုဏ္ဏားအို မိသားစုအကြောင်း)
၆၉။ **ဝိသဝန္တဇာတ်** ၁၃၀
(ကိုက်ခဲပြီးသော လူနာထံမှ အဆိပ်ကို ပြန်မစုတ်ယူဘဲ
မီးပုံတွင်း သက်ဆင်းမည်ဆိုသည့် မြွေအကြောင်း)
၇၀။ **ကုဒါလ ပဏ္ဍိတဇာတ်** ၁၃၅
(ပေါက်တူးကို ခွဲလမ်းမိ၍ ခုနစ်ကြိမ်တိုင်တိုင်
လူအဖြစ် ရဟန်းအဖြစ် တပဲလည်လည်ဖြစ်ခဲ့ရသော
ကုဒါလပဏ္ဍိတအကြောင်း)

## ဝရုဏဝဂ်

၇၁။ **ဝရုဏဇာတ်** ၁၄၂
(မုန်းရှိ၍ လုံ့လနည်းသဖြင့် ခံတက်ကိုင်းအစိုကို
ထင်းအဖြစ် ချိုးဖဲ့ရာမှ မျက်စိတစ်ဖက်ကန်းခဲ့ရသော
လုလင်အကြောင်း)
၇၂။ **သီလဝနာဂရာဇာတ်** ၁၄၉
(ကျေးဇူးရှင် ဆင်မင်းအား အကြိမ်ကြိမ် ပြစ်မှားသဖြင့်
မြေမျိုခံလိုက်ရသော မုဆိုးမိုက်အကြောင်း)
၇၃။ **သစ္စံကိရဇာတ်** ၁၅၆
(ကျေးဇူးရှင် ဆရာရသေ့အား ပြစ်မှား၍ ဒဏ်ခတ်ခြင်း
ခံရသော မင်းဆိုးမင်းယုတ်အကြောင်း)
၇၄။ **ရုက္ခဓမ္မဇာတ်** ၁၆၅
(ပညာရှိ ရုက္ခစိုး၏ ဆိုဆုံးမမှုကို မနာယူသဖြင့် ပျက်စီး
ဆုံးရှုံးရသော နတ်များအကြောင်း)

www.burmeseclassic.com

www.burmeseclassic.com

၇၅။ **မစ္ဆဇာတ်** ၁၇၂
(ဆွေမျိုးငါးအပေါင်း၏ ဒုက္ခကို သစ္စာပြုကာ
မိုးရွာသွန်းစေခဲ့သော ငါးမင်း၏သစ္စာတန်ခိုးအကြောင်း)
၇၆။ **အသံကိရဇာတ်** ၁၇၈
(ဗြဟ္မာဝိဟာရ တရားကို ကျင့်သုံးပြီး
တရားမှတ်စကြံလျှောက်သဖြင့် ခိုးသားဓားပြတို့၏ ရန်မှ
ကင်းဝေးခဲ့ရသော ရသေ့အကြောင်း)
၇၇။ **မဟာသုပိနဇာတ်** ၁၈၄
(မင်းကြီး၏ အိပ်မက် ၁၆ ချက်ကြောင့်
ယဇ်ပူဇော်ခံရမည့် သတ္တဝါတို့၏ ဘေးဒုက္ခကို
ကယ်တင်ခဲ့သည့် ရသေ့မြတ်အကြောင်း။

**အတွဲ (၃) ပြီး၏။**

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၅၁။ မဟာသီလဝဇာတ်



www.burmeseclassic.com

www.burmeseclassic.com

**ကာသိသက်**

[၅၁]

# မဟာသီလဝဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော ဂေါတမ ဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်မည်သော ကျောင်းတော်၌ သီတင်းသုံးနေသော ကာလဖြစ်၏။

ထိုကာလ၌ လုံ့လဝီရိယ ယုတ်လျော့သော ရဟန်းတစ်ပါး ရှိလေ၏။ သီတင်းသုံးဖော် ရဟန်းတို့သည် တစ်နေ့သောအခါ အဆိုပါ ရဟန်းအား ဘုရားရှင်ထံသို့ ခေါ်ဆောင်ကာ အကျိုးအကြောင်း တင်ပြလျှောက်ထားတော်မူ၏။ ထိုအခါ မြတ်စွာဘုရားရှင်က–

"ချစ်သားရဟန်း၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေတတ်သော ငါဘုရားရှင်၏ သာသနာတော်၌ ရဟန်းပြု

www.burmeseclassic.com

www.burmeseclassic.com



ပါလျက် အဘယ်ကြောင့် လုံ့လဝီရိယ ယုတ်လျော့ရပါ ဘိသနည်း။ ရှေးပညာရှိတို့ဆိုလျှင် လုံ့လဝီရိယ ရှိသည့် အတွက် လက်လွတ်ဆုံးရှုံးခဲ့ပြီးသော မင်းစည်းစိမ်ကိုပင် ပြန်လည်၍ ရခဲ့ဖူးပေပြီ"

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်ပါလေ သ တည်း။

* * *

လွန်လေပြီးသော ကာလသမယ။

ဗာရာဏသီပြည်၌ မဟာသီလဝမင်းသည် တိုင်းပြည်ကို အုပ်ချုပ် စိုးစံလေ၏။ ထိုမင်းကား အကျင့်သီလရှိ၏။ ဥပုသ် သီတင်း ဆောက်တည်၏။ တိုင်းသူပြည်သားတို့အပေါ် ကျော သားရင်သား မခွဲခြားဘဲ အုပ်ချုပ်၏။ မြို့တံခါးလေးမျက်နှာ၊ မြို့လယ်၊ နန်းတော်တံခါး ဤခြောက်ဌာနဝယ် အလှူမဏ္ဍပ် ခြောက်ဆောင် ဆောက်လုပ်၍ အယုတ်, အလတ်, အမြတ်မရွေး လှူဒါန်း ပေးကမ်းလေ့ရှိလေ၏။

ထိုအချိန်၌ အမတ်တစ်ယောက်သည် နန်းတွင်း၌ ခွင့်လွှတ် နိုင်ဖွယ်မရှိသော အမှားတစ်ခုကို ကျူးလွန်ခဲ့မိ၏။ ထိုအဖြစ်ကို မဟာသီလဝမင်း သိတော်မူလျှင်–

"ဟယ်... အမတ်မိုက်၊ သင်သည် ခွင့်လွှတ်နိုင်ဖွယ် မရှိသောအမှားကို ကျူးလွန်ခဲ့၏။ သည့်အတွက် ငါ၏နိုင်ငံ ၌ မနေနှင့်။ သင်၏သားမယားတို့ကို ခေါ်ဆောင်၍ ငါ၏ နိုင်ငံမှ အမြန်ဆုံး ထွက်ခွာသွားလော့"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ နှင်ထုတ်လေ၏။ ထိုအခါ အမတ်မိုက်လည်း ကောသလတိုင်းသို့ မိသားစုနှင့် ထွက်ခွာကာ ကောသလမင်းကြီးထံ ဝင်ရောက်ခစား၏။ မင်းလိုလိုက် မင်းကြိုက်ဆောင်တတ်သဖြင့် မကြာမီမှာပင် ကောသလမင်းကြီး၏ လူယုံတော်အဖြစ်သို့ ရောက်ခဲ့လေတော့၏။

တစ်နေ့သ၌ အငြိုးအတေးကြီးလှစွာသော အမတ်မိုက်သည် မဟာသီလဝမင်းနှင့် ဗာရာဏသီပြည်ကြီး ပျက်စီးရလေအောင် ကြံစည်နေရာမှ အကြံရလာသည့်အတွက် ကောသလမင်းကြီးအား–

"အရှင်မင်းကြီး၊ ဗာရာဏသီပြည်ကား ပျားကောင်မရှိသော ပျားလဘို့နှင့် တူပါပေ၏။ ဗာရာဏသီပြည်ကို စိုးစံသော မဟာသီလဝမင်းသည် လွန်စွာနုံးညံ့သူဖြစ်၏။ သည့်အတွက် စစ်သည်ဗိုလ်ပါ အနည်းငယ်မျှလောက်နှင့်ပင် သွားရောက်သိမ်းပိုက်ပါက အလွယ်တကူ ရနိုင်ပါလိမ့်မည်"

ဟူ၍ တင်ပြလျှောက်ထားလေ၏။ ထိုအခါ ကောလသမင်းကြီးလည်း

"အို...အမတ်၊ သင်၏ မူလနေရာဖြစ်သော ဗာရာဏသီဆိုသည်မှာ လွန်စွာမှ ကျယ်ဝန်း၍ စစ်သည်ဗိုလ်ပါများလှစွာ၏။ သင်သည် အဘယ့်ကြောင့် ဖြစ်နိုင်ခြေမရှိသောစကားကို ဆိုပါဘိသနည်း။ သင်သည် သူလျှိုမဟုတ်လော"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မေးလေလျှင်၊ အမတ်မိုက်လည်း ပြုံးပြုံးပျာပျာ ဖြစ်ကာ–

"လိမ်ညာမှုသားဆိုခြင်း မဟုတ်ရပါမင်းကြီး။အကျွန်ုပ် တင်ပြလျှောက်ထားသည့် စကားကို ယုံကြည်တော်မမူပါ လျှင် ဗာရာဏသီ၏ အစွန်အဖျား ပစ္စန္တရာဇ် အရပ်များသို့ ဖျက်ဆီးရန် လူအချို့စေလွှတ်တော်မူပါ။ ဗာရာဏသီတပ် များ ဖမ်းဆီးသွားပါက မဟာသီလဝမင်း၏ ရှေ့တော် မှောက်သို့ရောက်လျှင် ထိုမင်းကြီးသည် ဥစ္စာပစ္စည်းတို့ကို ပေးသနား၍ ပြန်လွှတ်ပေးပါလိမ့်ဦးမည်"

ဟူ၍ လျှောက်တင်လေ၏။ ဤကဲ့သို့ ကြိမ်ဖန်များစွာ လျှောက်သည်ရှိသော် ကောသလမင်းကြီးလည်း စစ်သည်အချို့ အား ဗာရာဏသီ၏ ပစ္စန္တရာဇ်အရပ်များသို့ပို့ကာ ဖျက်ဆီးစေ၏။ ဤတွင် ပစ္စန္တရာဇ်ရှိ ဗာရာဏသီတပ်သည်လည်းကောင်း ဖျက် ဆီးသူတို့အား လက်ရဖမ်းဆီးလျက် မဟာသီလဝမင်းထံမှောက် သို့ ပို့ဆောင်ခဲ့၏။ မင်းကြီးလည်း ဖမ်းဆီးမိလာသူတို့အား နှိပ်စက်ကလူပြုခြင်း လုံးဝမရှိဘဲ နူးညံ့သိမ်မွေ့စွာဖြင့် ဆုံးမစကား များ ပြောကြား၏။ ဥစ္စာပစ္စည်းများကို ပေးကမ်း၏။ ထို့နောက် ဘေးမသီ ရန်မခစေဘဲ ဌာနေရင်းသို့ ပြန်ပို့ပေးလေ၏။

ကောသလမင်းလည်း နောက်ထပ်သုံးကြိမ်သုံးခါဆိုသလို ယခင်အခါကအတိုင်း ဗာရာဏသီအစွန်အဖျား ပစ္စန္တရာဇ်အရပ် များကို ဖျက်ဆီးစေ၏။ ထိုအခါ အဖမ်းခံရပြီး နူးညံ့သိမ်မွေ့သော မဟာသီလဝမင်း၏ ဆုံးမမှုကို ခံယူရင်း လက်ဆောင်ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာများကို ပိုက်ကာ ဘေးမသီရန်မခ ပြန်ပြန်လာကြသည်ကို တွေ့ရလေသောအခါ အမတ်မိုက်၏လျှောက်ထားချက်ကို အကြွင်းမဲ့ လက်ခံယုံကြည်သွားလေတော့၏။ ထို့ကြောင့်ပင် ကောသလမင်းလည်း စစ်သည်ဗိုလ်ပါတို့ကို စုရုံး၍ ဗာရာဏသီပြည်ကြီးအား သိမ်းပိုက်ရန်အတွက် ၎င်းကိုယ်တိုင် ဦးဆောင်ချီတက်လာတော့၏။

ထိုအဖြစ်ကို ဗာရာဏသီတိုင်းသူပြည်သားများ သိကြလေသောအခါ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားကြလေ၏။ ဤတွင် မဟာသီလဝမင်းအပေါ် သစ္စာရှိသေစောင့်သိကြသော လွန်စွာမှ ရဲစွမ်းသတ္တိပြည့်စုံကြပြီး ဇမ္ဗူဒိပ်ကျွန်းတစ်ကျွန်းလုံးကိုပင်လျှင် သိမ်းယူနိုင်လောက်အောင် အရည်အသွေး ပြည့်စုံကြသည့် သူရဲကောင်း အမတ်တစ်ထောင်တို့က မဟာသီလဝမင်းအား–

"မင်းကြီး ရန်သူကောသလမင်းသည် တပ်ဦးမှ ချီလျက် ဗာရာဏသီအား ရန်စကျူးကျော် သိမ်းပိုက်ရန် လာနေပါပြီ။ ရန်သူကောသလ နယ်စပ်သို့ မရောက်မီ အကျွန်ုပ်တို့ သွားရောက်ဖမ်းဆီးကာ မင်းကြီးအား ဆက်သတော်မူပါရစေ"

ဟူ၍ ဝိုင်းဝန်းလျှောက်တင်ကြလေ၏။ ထိုအခါ လွန်စွာမှ စိတ်ထားနူးညံ့သိမ်မွေ့သော မဟာသီလဝမင်းက–

"အမောင်တို့၊ ငါ့အတွက်ကြောင့် သင်တို့ ဆင်းရဲပင်ပန်းကြမည်ကို မလိုလားပါ။ ငါ၏တိုင်းပြည်ကို အလို

www.burmeseclassic.com



ရှိ၍ လာကြခြင်းဖြစ်ပေရာ သူတို့ဆန္ဒအတိုင်း ယူကြပါစေ
သင်တို့ မသွားကြပါနှင့်”

ဟူ၍ ပိတ်ပင်တားမြစ်တော်မူခဲ့၏။ ကောသလမင်းလည်း စစ်ချီရာ လမ်းခရီးတစ်လျှောက် မည်သည့်အတားအဆီးမျှ၊ ခုခံခြင်းမျှ ကြုံတွေ့ခြင်း မရှိလေရကား များစွာမှ အံ့အားသင့်လျက်ရှိရ၏။ သို့နှင့် အစဉ်အတိုင်း ချီလာခဲ့ရာ ဗာရာဏသီမြို့တံခါးပေါက်သို့ ရောက်ရှိခဲ့လေ၏။ ဤတွင်-

“တိုင်းပြည်ကို ပေးမည်လော။ သို့မဟုတ် စစ်တိုက်
မည်လော”

ဟူ၍ မဟာသီလဝမင်းထံ သတင်းစကား ပေးပို့လိုက်လေ၏။ မဟာသီလဝမင်းလည်း သတင်းစကားကို ကြားရလေသော်

“စစ်မတိုက်လိုပါ။ တိုင်းပြည်ကို ယူပါလော့”

ဟူ၍ တုံ့ပြန်လိုက်လေ၏။ ဤတွင် ကောသလမင်းလည်း ဗာရာဏသီ တစ်ပြည်လုံးကို သိမ်းပိုက်ကာ မင်းပြု၏။ ထို့နောက် လုံးဝအပြစ်ကင်းစင်သော မဟာသီလဝမင်းအားလည်းကောင်း၊ အမတ်တစ်ထောင်အားလည်းကောင်း၊ အတူတကွ ဖမ်းဆီးနှောင်တည်းကာ သုသာန်သချိုင်းသို့ ခေါ်ဆောင်ခဲ့၏။ ထို့နောက် လည်ပင်းပမာဏရှိ တွင်းတို့ကို တူးစေပြီး မဟာသီလဝမင်းကြီးကို အလယ်၌ ထားကာ အမတ်တို့ကို ဝန်းရံစေ၏။ ပြီးလေသော် လည်ပင်းအစပ်ထိရောက်အောင် မြေကို တင်းကြပ်စွာ ဖို့စေ၏။ ဤတွင် မဟာသီလဝမင်းကြီးလည်း အမတ်တစ်ထောင်တို့အား-

“အမောင်တို့၊ ရန်သူကောသလမင်းအပေါ်၌ အမျက်
မထွက်ကြနှင့်။ မေတ္တာ ပွားများကြပါကုန်လော့”

www.burmeseclassic.com



ဟူ၍ ဆုံးမလေ၏။ ဤတွင် လူ၏အသားကိုသာ စားနေကျဖြစ်သော ခွေးအတို့သည် ညအချိန်သို့ ရောက်လေသော် သုသာန်သို့ လာကြကုန်၏။ ခွေးအတို့ ရောက်လာကြသည်ကို မြင်လျှင် မင်းကြီးနှင့် အမတ်တို့လည်း ညာသံပေးကာ တစ်ပြိုင်နက် အော်ကြကုန်၏။ ထိုအခါ မြေခွေးတို့လည်း ထိတ်လန့်တုန်လှုပ်ကြောက်ရွံ့လာကာ ပြေးကြကုန်၏။ သုသာန်အပြင်သို့ ပြန်ရောက်၍ ညာသံပေးမှုများ တိတ်ဆိတ်သွားသဖြင့် တစ်ဖန်ပြန်လည်၍ သုသာန်အတွင်းသို့ ပြန်ဝင်လာကြပြန်၏။ ဤတွင်လည်း ယခင်နည်းအတိုင်း မင်းကြီးနှင့် အမတ်တို့က ညာသံပေးပြန်ရာ ခွေးအတို့လည်း ပြေးကြပြန်ကုန်၏။ ဤသို့ဖြင့် သုံးကြိမ်သုံးခါ ပြေးလာကြရာမှ ခွေးအတို့က အော်သံများ ကြားရသော်လည်း ၎င်းတို့ထံ တစ်စုံတစ်ယောက်မျှ လိုက်လာသူကို မတွေ့ရသဖြင့် သချိုင်းအတွင်း၌ သတ်ဖြတ်ရန် ထားသူများသာ ဖြစ်လိမ့်မည်ဟု ယူဆကာ မကြောက်ရွံ့ဘဲ အနားသို့ကပ်ကြကုန်၏။ ထိုသို့ကပ်ကြရာတွင် ခေါင်းဆောင်ခွေးအသည် မဟာသီဝမင်းကြီးထံသို့လည်းကောင်း၊ ကျန်ခွေးအတို့သည် အမတ်တို့ထံသို့လည်းကောင်း ချဉ်းကပ်ကြလေ၏။

မဟာသီလဝမင်းကြီးသည် တွေးခေါ်မြော်မြင် ဉာဏ်ကြွယ်ဝသူ ဖြစ်ရကား ခေါင်းဆောင်ခွေးအလာသောအခါ အသင့်ကိုက်ခဲနိုင်ရန် အခွင့်ပေးသည့်အလား လည်ပင်းကို မော့၍ ထားလေ၏။ ခွေးအသည် လည်ပင်းကို ကိုက်သောအခါ မေးရိုးဖြင့် မြဲမြံစွာ ညှပ်၍ ထားလေ၏။ ထိုအခါ ခွေးအလည်း လွတ်အောင်မရုန်း

www.burmeseclassic.com



နိုင်တော့ဘဲ သေဘေးမှ ကြောက်ရွံ့ရကား ၎င်း၏ခြေလက်အစုံ တို့ဖြင့် မြေစိုင်တို့ကို ယက်ကာ ရုန်းကန်အော်လေတော့၏။ ခေါင်းဆောင်ခွေးအ၏ အော်သံကို ကြား၍ အခြားခွေးတို့လည်း ကြောက်ရွံ့စိတ်ဖြစ်ပေါ်ကာ အခြားခွေးအအပေါင်းလည်း လွတ်ရာကျွတ်ရာသို့ ထွက်ပြေးကြကုန်၏။

ထိုအခါ မဟာသီလဝမင်းကြီးလည်း ၎င်းအား ဖို့သိပ်ထားသော မြေတို့ ပွချောင်လာပြီကိုသိ၍ ခွေးအကို လွှတ်ပြီးသကာလ၊ ကိုယ်ကိုနှဲ့၍လည်းကောင်း၊ လူးလွန့်၍လည်းကောင်း၊ မြေပြင်အထက်သို့ ကြိုးစားတက်နိုင်ခဲ့ပြီး နောင်ကြိုးတို့မှ လွတ်ကင်းခဲ့လေ၏။ ထို့နောက် ကျင်းထဲရောက်နေကြသော အမတ်တို့ကို ကျင်းထဲမှ ဖော်ယူကယ်ဆယ်ကာ သုသာန်အတွင်း အမတ်ပေါင်းခြံရံလျက် တင့်တယ်စွာ စမွှယ်နေလေ၏။ ထိုအခိုက် ဘီလူးနှစ်ကောင်သည် လူသေကောင်တစ်ကောင်ကို ဝေစုခွဲရာ အဝေမတည့်သည့်အတွက် မဟာသီလဝမင်း၏ အဆုံးအဖြတ်ကို ခံယူရန် ရောက်လာကြကုန်၏။ ထိုအခါ မင်းကြီးက–

> "အမောင်ဘီလူးတို့၊ သင်တို့ တွေ့ကြုံနေရသော ပြဿနာ အခက်အခဲကို ဖြေရှင်းပေးချင် ပါသော်ငြား၊ လက်ရှိ ငါ့၌ အညစ်အကြေး ဖုန်မှုန့်များ ကပ်ငြိလျက်ရှိ၏။ လက်စွဲတော် သန်လျက်လည်းမရှိ။ သည့်အတွက် ပြည့်စုံရလေအောင် စီမံဆောင်ရွက်ပေးလေလော့"

ဟူ၍ အမိန့်တော်ရှိလေသော် ဘီလူးတို့သည် ကောသလမင်းထံမှ လိုအပ်သည်များကို အပြည့်အစုံ ဆောင်ကြဉ်းယူလာ

www.burmeseclassic.com



ကော်မူကာ မဟာသီလဝမင်းကြီးအား ရေချိုးစေခြင်း၊ အမွှေးနံ့သာရည်များ လိမ်းကျံစေခြင်း၊ မင်းဝတ်တန်ဆာတို့ကို ဆင်စေခြင်း၊ ပွဲတော်တည်စေခြင်းတို့ကို ပြုလုပ်စေခဲ့၏။ ကိစ္စပြီးလေသော် သန်လျက်တော်ကို အပ်လေ၏။

မဟာသီလဝမင်းကြီးလည်း လက်စွဲတော်သန်လျက်ဖြင့် အဝေမတည့်ဖြစ်နေသော အလောင်းကောင်အား ဦးခေါင်းမှစ၍ မပိုမလို တိတိကျကျ ပိုင်းဖြတ်ခွဲဝေပေးလိုက်ရာ ဘီလူးနှစ်ကောင်လည်း ဝမ်းမြောက်ဝမ်းသာ စားသောက်ကြလေ၏။ စားသောက်၍ ပြီးလေသော် မင်းကြီးအား–

"အရှင်မင်းကြီးအား ကျေးဇူးများစွာ တင်ပါသည်။ သည့်အတွက် အကျွန်ုပ်တို့ ဘာများ ထမ်းရွက်ပေးရပါမည်နည်း"

ဟု လျှောက်တင်ကြ၏။ မင်းကြီးလည်း–

"အမောင်ဘီလူးတို့၊ သင်တို့၏ တန်ခိုးအာနုဘော်ဖြင့် ငါ့အား ငါစက်တော်ခေါ်ကာ ကျက်သရေ တိုက်ခန်းသို့လည်းကောင်း၊ ဤအမတ်တစ်ထောင်တို့အား ၎င်းတို့၏ အိမ်ဂေဟာသို့လည်းကောင်း၊ အဆင်ပြေ ချောမောစွာ ရောက်ရှိအောင် ဆောင်ကြဉ်းပေးပါလော့"

ဟု မိန့်ဆိုလေ၏။ ဘီလူးနှစ်ကောင်လည်း ၎င်းတို့၏ တန်ခိုးအာနုဘော်ဖြင့် မဟာသီလဝမင်းကြီး မိန့်ကြားသည့်အတိုင်း လုပ်ဆောင်ပေးခဲ့လေ၏။ မဟာသီလဝမင်းကြီးသည် သလွန်ထက်၌ အိပ်မောကျနေသော ကောလမင်း၏အပါးသို့ သွားကာ

www.burmeseclassic.com

www.burmeseclassic.com



သန်လျက်ဖြင့် ဝမ်းဗိုက်အား ပုတ်ခတ်လိုက်၏။ ကောသလမင်းကြီးလည်း အိပ်ရာမှ နိုးလတ်သော် ဆီမီးရောင်တွင် တန်ဆာဆင်လျက် သန်လျက်မိုးထားသော မဟာသီလဝမင်းကြီးအား အံ့ဩထိတ်လန့်စွာ တွေ့မြင်ရလေ၏။ ထိုအခါ ကောသလမင်းလည်း သလွန်မှ အလူးအလဲထလျက်-

"အရှင်မင်းကြီး၊ အစောင့်အရှောက် အထပ်ထပ်ချထားလေသော လုံခြုံလှစွာသည့် ဤနေရာသို့ ဘယ်ပုံဘယ်နည်းရောက် ရှိလာခဲ့ပါသနည်း"

ဟူ၍ မေးလေ၏။ မင်းကြီးလည်း သုသာန်တွင်း အဖြစ်အပျက်မှ အစချီလျက် ဘီလူးတို့နှင့် ဆုံစည်းခဲ့ရပုံတို့ကို ပြောဆိုပြလေ၏။ ထိုအခါ ကောသလမင်းသည် လွန်စွာမှ ထိတ်လန့်တုန်လှုပ်သွားတော့၏။

"အရှင်မင်းကြီး၊ အကျွန်ုပ်ကား လူသားစင်စစ် ဖြစ်ပါလျက် အရှင်မင်းကြီး၏ ဂုဏ်ကျေးဇူးကို မသိခဲ့သူဖြစ်ချေပြီ။ သတ္တဝါတို့၏ အသားအသွေးတို့ကို စားသောက်လျက် ရက်စက် ကြမ်းကြုတ်လှစွာသော ဘီလူးတို့ပေါ်မှ မင်းကြီး၏ကျေးဇူးကို သိကြပါသေး၏။ သီလနှင့် ပြည့်စုံတော်မူသော အရှင်မင်းကြီး အကျွန်ုပ် ပြစ်မှားကျူးလွန်ခဲ့သည်များအပေါ် သည်းခံခွင့်လွှတ်တော်မူပါ"

ဟူ၍ ဝန်ချကန်တော့လေ၏။ မင်းကြီးထံ၌ သစ္စာတော်ခံ၏။ ထို့နောက် မဟာသီလဝမင်းကြီးအား ကြီးကျယ်မြင့်မြယ်သော သလွန်၌ စက်တော်ခေါ်စေလျက် ၎င်းမှာမူ သလွန်ငယ်၌သာ စက်တော်ခေါ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



နံနက်မိုးသောက် အလင်းရောက်သည်ရှိလေသော် ကောသလမင်းသည် နန်းရင်ပြင်၌ အမတ်အားလုံးတို့ကို စည်းဝေးစေလိုက်၏။ ပြီးလေသော် ဗာရာဏသီပြည့်ရှင် မဟာသီလဝမင်းကြီး၏ သီလဂုဏ်၊ သိက္ခာဂုဏ်၊ သမာဓိဂုဏ်နှင့် သတ္တဝါတို့အပေါ်ထားရှိသော ခန္တီ၊ မေတ္တာ၊ ကရုဏာတို့အပေါ် ထုတ်ဖော်ချီးကျူးပြီးလျှင် မဟာသီလဝမင်းကြီးအား အားလုံး၏ရှေ့မှောက်၌ ဗာရာဏသီမင်း စည်းစိမ်ကို ပြန်လည်အပ်နှင်း၏။ ထို့နောက်

"အရှင် မဟာသီလဝမင်းကြီး၊ အရှင်မင်းကြီးနှင့်တကွ ဗာရာဏသီတိုင်းပြည်အပေါ်သို့ ကျရောက်လာမည့် ဘေးရန်အန္တရာယ် ဟူသမျှတို့အပေါ်တွင် အကျွန်ုပ်စောင့်ရှောက်သွားပါမည်။ စိတ်လက်ကြည်သာ ချမ်းမြေ့စွာဖြင့် တိုင်းပြည်အုပ်ချုပ် မင်းလုပ်တော်မူပါ"

ဟူ၍ လျှောက်ထားပြီးသကာလ ကျေးဇူးမဲ့တတ်သော၊ ကျေးဇူးရှင်အပေါ် ကျေးပြန်စွပ်တတ်သော၊ နှစ်ပြည်ထောင်အပေါ် စိတ်ဝမ်းကွဲရလေအောင် ကုန်းချောစကားဆိုသော အမတ်မိုက်အား ထိုက်တန်စွာ အပြစ်ပေးလေ၏။ ထို့နောက် ၎င်း၏စစ်သည်ဗိုလ်ပါ အားလုံးကိုခေါ်ယူကာ ဌာနေရင်းဖြစ်သော ကောသလတိုင်းသို့ ပြန်လည်ထွက်ခွာသွားလေတော့၏။

ဤတွင် မဟာသီလဝမင်းကြီးလည်း အမတ်တစ်ထောင်တို့ကို စည်းဝေးစေပြီး

"အမောင်တို့၊ ငါနှင့်တကွ သင်တို့အားလုံး၏ အသက်ကို မထိခိုက်ခြင်း၊ ဆုံးရှုံးလေပြီးသော ထီးနန်းစည်းစိမ်တို့

www.burmeseclassic.com



ပြန်လည်ရရှိခြင်းမှာ ငါ၏ အားထုတ်မှုကြောင့် မဟုတ်လော"

ဟူ၍ မေးလေရာ၊ အမတ်တစ်ထောင်တို့က မှန်ကန်ပါကြောင်း၊ တညီတညွတ်တည်း ဖြေကြားကြလေ၏။ ဤတွင် မင်းကြီးလည်း–

"အမောင်တို့၊ လောက၌ ပညာရှိယောကျ်ားကောင်း မှန်လျှင် လုံ့လဝီရိယကို မလျှော့ရာ၊ မပျင်းမရိရာ၊ လုံ့လဝီရိယကင်းစွာ အားထုတ်လျက် မပျင်းမရိသောသူမှသာလျှင် လိုရာစည်းစိမ်ဥစ္စာကို ခံစားရရှိမြဲဖြစ်၏"

ဟူ၍ တရားဟောလေ၏။

ဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ အနုသန္ဓေဆက်စပ်ပြီးလေသော် ရဟန်းအပေါင်းအား–

"ရဟန်းတို့၊ ထိုအခါက ကောသလမင်းသည် ယခုအခါ ဒေဝဒတ်ဖြစ်လာ၏။ အမတ်တစ်ထောင်သည် ငါဘုရား၏ ပရိသတ်ဖြစ်လာ၏။ မဟာသီလဝမင်းကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု ဇာတ်တော်ကိုပေါင်းပြီး ဒေသနာတရားတော်ကို ဟောကြားတော်မူ၏။ ဒေသနာတော်ဆုံးလျှင် လုံ့လဝီရိယလျှော့သော ရဟန်းသည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားခဲ့လေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၅၂။ ရှင်ဝနကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၅၂]

# ရုဋ္ဌဝေနကဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာသခင်ဖြစ်တော်မူသော ဂေါတမ ဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က လုံ့လဝီရိယအရာ၌ ယုတ်လျော့တော်မူသော ရဟန်းတစ်ပါးရှိလေ၏။ ဘုရားရှင်ထံမှောက်သို့ ထိုရဟန်းတော်အား သီတင်းသုံးဖော်ရဟန်းတို့က ခေါ်ဆောင်လာသောအခါ

"ချစ်သားရဟန်း၊ ငါဘုရားရှင်၏ သာသနာတော်၌ ရဟန်းပြုပါလျက် အဘယ်ကြောင့် လုံ့လဝီရိယ ယုတ်လျော့ဘိသနည်း"

ဟူ၍ မိန့်ဆိုအပြစ်တင်ကာ အတိတ်ဇာတ်ကို ဆောင်တော်မူပါသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



(အဆိုပါ စူဠဇနကဇာတ်သည် မဟာဇနကဇာတ်နှင့် အလုံးစုံတူ၏။ ထူးခြားချက်ကား)

စူဠဇနကမင်းကြီးသည် ၎င်း၏ လုံ့လဝီရိယဖြင့် ထီးနန်းစည်းစိမ်ကို ရသောအခါ ထီးဖြူအောက်မှနေလျက်–

"လောက၌ ပညာရှိ ယောကျ်ားမှန်လျှင် လုံ့လပြုရမည်။ မပျင်း မရိရာ။ လုံ့လပြုသည့်အတွက် ရေနစ်နေရာမှ ကုန်းသို့ တက်လာနိုင်ခဲ့ပြီ မင်းအဖြစ်ကိုပင် ရရှိနေပေပြီ။"

ဟူ၍ မျူးမတ်တို့အလယ်၌ ဥဒါန်းကျူးရင့်တော်မူ၏။

ဘုရားရှင်၏ ဒေသနာတော်အဆုံး၌ လုံ့လ ဝီရိယလျှော့သော ရဟန်းသည် အရဟတ္တဖိုလ် တည်ခဲ့လေ၏။

ဤသို့လျှင် ဂေါတမဘုရားရှင်သည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်လျက်–

"ရဟန်းတို့– ထိုအခါက စူဠဇနကမင်းသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၅၃။ ပုဏ္ဏပါတိဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၅၃]

# ပုဏ္ဏပါတိဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်စဉ်က ဖြစ်၏။

ထိုကာလ၌ အရက်သေစာတို့ သောက်စားယစ်မူးကြကုန်သော သေသောက်ကြူးတို့သည် သေရည်သေရက်သောက်ပြီး မူးမေ့နေသူတို့ထံမှ ဥစ္စာပစ္စည်းတို့ကို လုယက်ယူငင်ရန် အကြံဖြင့် သေရည်အိုးထဲသို့ မူးမေ့စေကတတ်သည့် ဆေးများခတ်ကာ သေတင်းကုပ်၌ ထား၏။ လာသမျှသူတို့ကို တိုက်ကျွေးရန် အသင့်စောင့်မျှော်နေကြလေ၏။

ထိုအချိန်တွင် အနာထပိဏ်သူဌေးသည် မင်းကြီးထံ အခစားသွားရန် ကြုံကြိုက်သဖြင့် သေသောက်ကြူးတို့က အနာထပိဏ်အား သေရည်သောက်ရန် ဖိတ်မန္တကပြုလေ၏။ အနာထပိဏ်ကား သောတာပန်ဖြစ်လေရကား သေရည်ကို မသောက်ချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အကြောင်းတစ်စုံတစ်ရာ ရှိလိမ့်မည်ဟု စဉ်းစားမိကာ အကြောင်းရင်းမှန်သိရန် စုံစမ်းလေသော် သေရည်အိုးထဲသို့ ဆေးခတ်ထားသည်ကို ရိပ်စားမိလိုက်လေ၏။ သည့်အတွက်

"အမောင်တို့၊ အမောင်တို့အား သင်တို့၏ သေရည်ကို လွန်စွာကောင်းကြောင်း ချီးကျူးနေပါသော်ငြား အဆိုပါ သေရည်ကိုမူ သင်တို့ အဘယ့်ကြောင့် မသောက်ရလေ့ သနည်း။ သေရည်အိုးထဲသို့ အဆိပ်ခတ်ထားသည် မဟုတ် လော"

ဟူ၍ ခြိမ်းခြောက်မောင်းမဲလေသော် သေသောက်ကြူးတို့ လည်း အနာထပိဏ်သူဌေး၏ ဩဇာကို ထိတ်လန့်ခြင်းဖြစ်လျက် သေတင်းကုတ်မှ ထွက်ပြေးသွားကြလေတော့၏။ အနာထပိဏ် လည်း ထိုအရပ်မှ ဖဲခွာလျက် ဇေတဝန်ကျောင်းသို့ ထွက်လာခဲ့ လေသည်။ ကျောင်းတော်သို့ ရောက်ရှိပြီးသကာလ ၎င်း လမ်း ခရီး၌တွေ့ကြုံရသော အဖြစ်အပျက်တို့အား လျှောက်ထားတော် မူလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က

"သူဌေးကြီး၊ သင်လမ်း၌ တွေ့ကြုံခဲ့ရသော သေ သောက်ကြူးတို့သည် ယခုမှသာလျှင် သေရည်၌ ဆေးခတ် ၍ လှည့်ပတ်ကြသည်မဟုတ်၊ ရှေးအခါကလည်း ဤကဲ့သို့ လှည့်ပတ်ခဲ့ဖူးပြီ။

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေ သတင်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ထိုဗာရာဏသီပြည်၌ပင် သူဌေးကြီးတစ်ဦး ရှိလေရာ ၎င်းအား ဗာရာဏသီသူဌေးကြီးဟူ၍ပင် ခေါ်ဆိုကြလေ၏။

ထိုကာလ၌ သေသောက်ကြူးတို့သည် သုံးစွဲဖို့ရာ ငွေအသပြာတို့ ကုန်ခန်းလေသည်ရှိသော် အချင်းချင်း စည်းဝေးတိုင်ပင်ကြလေ၏။ ဤတွင် ရက်စက်ကြမ်းကြုတ်လှသော သေသောက်ကြူးတစ်ဦးက–

"အမောင်တို့ ငွေကြေးအသပြာ ပြတ်လပ်ခြင်းအတွက် စိုးရိမ်ကြောင့်ကြခြင်း မဖြစ်ကြပါနှင့်။ ငါတို့သည် ဦးစွာ သေတင်းကုပ်ကို ဆောက်ကြမည်။ ပြီးလျှင် ခရီးသွားဖြတ်သွားဖြတ်လာတို့ သောက်သုံးရန် အရက်အိုးကို တည်ထားကြမည်။ ထိုအရက်ကို ငါတို့လုံးဝ မသောက်ကြနှင့်။ ထိုအရက်အိုးထဲသို့ သောက်သုံးမိသူ မှန်သမျှ မူးမေ့သွားစေမည့် ဆေးတို့ကို ခတ်ထားကြပါမည်။ သောက်သုံးသူတို့ မူးမေ့သွားပြီဆိုပါက ထိုသူတို့ထံ၌ ပါရှိသော အသပြာငွေကြေးတို့အား လုယက်ယူငင်ကြပါမည်"

ဟူ၍ အကြံပြုလေ၏။ အားလုံးလည်း တညီတညွတ်တည်း ဆိုသလိုပင် အဆိုပါသေသောက်ကြူး အကြံပေးသည်ကို သေသောက်ကြူးတို့ကား လမ်းခရီးတစ်နေရာ၌ သေတင်းကုပ်ကို ဆောက်လုပ်ကြ၏။ ပြီးလေသော် ဆေးခတ်ထားသော သေရည်

www.burmeseclassic.com



အိုးအား တည်ခင်းလျက် ခရီးသွားတို့ သောက်သုံးစိတ်ဝင်လာဖို့ အရေး မြှူဆွယ်ရန် အသင့်သင့် စောင့်ဆိုင်းနေကြလေ၏။

ထိုအချိန်တွင် ဗာရာဏသီသူဌေးကြီးသည် ဗြဟ္မဒတ်မင်းထံ အခစား ဝင်ရောက်ရန် အိမ်ဂေဟာမှ ထွက်လာခဲ့လေ၏။ သေသောက်ကြူးတို့သည် သူဌေးကြီးအား ကြိုဆိုဖိတ်ခေါ်လေ၏။

"အရှင်သူဌေးကြီး၊ ဤအိုးအတွင်းရှိ သေရည်ကား လွန်စွာမှ အနံ့အရသာနှင့် ပြည့်စုံလှပါ၏။ သွေးလေတို့ ညီညွတ်မျှတကာ အားအင်တို့ကို တိုးပွားစေပါ၏။ သုံးဆောင်တော်မူပါလော့"

ဟူ၍ ဖိတ်မန္တကပြုရင်း တိုက်တွန်းသွေးဆောင်ပါလေ၏။ သူဌေးကြီးလည်း သေရည်ကို မသောက်လိုသော်ငြား သေသောက်ကြူးတို့ ဖိတ်ခေါ်သည်မှာ အကြောင်းတစ်ခုခုရှိရမည်။ ၎င်းတို့၏ အမူအရာမှာ တည်တည်ငြိမ်ငြိမ်မရှိ။ လှည့်ပတ်နေခြင်း ဖြစ်လိမ့်မည်။ အကြောင်းစုံကို သိရန် စုံစမ်းရမည်ဟု ကြံစည်ကာ-

"အမောင်တို့၊ ငါ့မှာ မင်းကြီးထံ အခစားဝင်ဖို့ သွားရမည်ဖြစ်၏။ သေရည်သောက်သွား၍ မဖြစ်။ အပြန်တွင် ဝင်လာခဲ့ပါမည်"

ဟုဆိုကာ နန်းတော်သို့ ထွက်ခွာသွားလေတော့၏။ သူဌေးကြီးလည်း မင်းကြီးထံ အခစားဝင်ရောက်ခဲ့ပြီးနောက် ပြန်လာသည်ရှိသော် သေသောက်ကြူးတို့ထံ ဝင်လျက် အကြောင်းရင်းမှန်ကို စုံစမ်းလေ၏။ သေသောက်ကြူးတို့က သူဌေးကြီးသော်

www.burmeseclassic.com

www.burmeseclassic.com



သုံးရန် ခွက်အတွင်းသို့ သေရည်တို့အား ခပ်ထည့်ပေး၏။ သို့ရာတွင် ၎င်းတို့ကမူ မသောက်ချေ။ သည့်အတွက် စူးစမ်းလေ့လာလိုက်သောအခါ သေရည်ထဲမှ မူးမေ့စေတတ်သော ဆေးများ ခတ်ထားကြောင်းကို ရိပ်စားမိဇလေ၏။ ထိုအခါ သူဌေးကြီးလည်း

"အမောင်တို့၊ သင်တို့ကား သင်တို့၏ သေရည်ကောင်းကြောင်းကို အာပေါက်မတတ် ချီးကျူးထုတ်ဖော် ပြောဆိုနေသော်ငြား၊ သူတို့ကိုယ်တိုင်မှာမူ လုံးဝ ထိတွေ့ခြင်း မရှိသည်မှာ ထူးလှပေ၏။ စင်စစ် သေရည်ထဲ၌ ဆေးခတ်ထားသည် မဟုတ်လော"

ဟူ၍ ခပ်ထန်ထန် ခပ်ပြတ်ပြတ်ပြောဆိုလိုက်လေ၏။ ဟုတ်နေ မှန်နေသည့်အတွက် သေသောက်ကြူးတို့မှာ ဆိတ်ဆိတ်နေကြလေ၏။ ဤတွင် သူဌေးကြီးလည်း ၎င်းတို့ကြောက်ရွံ့ထိတ်လန့်လောက်အောင် ပြောဆိုခြိမ်းခြောက်လေရာ သေသောက်ကြူးတို့လည်း ကြောက်ရွံ့ထိတ်လန့်လာကြပြီး ထွက်ပြေးသွားကြတော့၏။ ထိုအခါမှ သူဌေးကြီးလည်း သေရည်အိုးအား သွန်မှောက်လျက် ၎င်း၏အိမ်ဂေဟာသို့ ပြန်ခဲ့လေသတည်း။

ဤကဲ့သို့ ဂေါတမဘုရားရှင်လည်း ပစ္စုပ္ပန် နှစ်ဟန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက် အနာထပိဏ်နှင့်တကွ ရဟန်းပရိသတ်တို့အား-

"ရဟန်းတို့၊ ထိုစဉ်အခါက သေသောက်ကြူးတို့သည် ယခု အခါ၌လည်း သေသောက်ကြူးတို့ပင် ဖြစ်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ဗာရာဏသီသူဌေးကြီးကား ယခုအခါတွင် ငါဘုရားရှင် ဖြစ်လာခဲ့လေ၏"


ဟု မိန့်တော်မူကာ ဇာတ်တော်ကို ပေါင်းတော်မူပါသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၅၄။ ကိံဖလဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၁၄]

# ကိံဖလဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည်ရှိ ဇေတဝန်ကျောင်းတော်၌ စမ္မယ်သီတင်းသုံးနေတော်မူစဉ် ဗာရာဏသီသူဌေး ပိုင်ဆိုင်သော ဥယျာဉ်၌ ဥယျာဉ်စောင့်တစ်ဦး ရှိလေ၏။ အဆိုပါ ဥယျာဉ်စောင့်သည် သစ်သီး၏ အနေအထားတို့ကို အကဲခတ်၊ အကဲဖြတ်ရာ၌ လွန်စွာကျွမ်းကျင် လိမ္မာပါးနပ်၏။

တစ်နေ့သ၌ ဗာရာဏသီသူဌေးသည် ဘုရားရှင် အမှူးပြုသော သံဃာတော်အပေါင်းအား ၎င်း၏ဥယျာဉ်သို့ ပင့်ဆောင်ကာ ဆွမ်းယာဂုခဲဖွယ်တို့ကို ဆက်ကပ်လှူဒါန်း၏။ ဆက်ကပ်လှူဒါန်းပြီးလေသော် ဥယျာဉ်စောင့်ကိုခေါ်ကာ...

"အချင်း ဥယျာဉ်စောင့်၊ ရဟန်းတော်တို့နှင့် ဥယျာဉ်အတွင်း လှည့်လည်၍ သစ်သီးတို့ကို ရှုဆွတ်လှူဒါန်းပါလော့"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ စေခိုင်းလိုက်လေ၏။ ဉယျာဉ်စောင့်လည်း ရဟန်းတို့နှင့် လှည့်လည်ရင်း အသီးသီးနေသော အပင်တို့၏ အောက်၌ နေလျက်–

"အဆိုပါ သစ်သီးကား နုသေး၏။ ၎င်း နံ့ဘေးရှိ အကိုင်းမှ အသီးများမှာလည်း အစိမ်းအတိုင်းပင် ရှိသေး၏။ ယခု တပည့်တော် ညွှန်ပြသော သစ်သီးမှာမူ မှည့်သည့် အဆင့် ရောက်နေပါပြီ"

ဟု လျှောက်ထားပြီး ရဟန်းတို့ အလိုရှိရာကို ခူးဆွတ်စေသောအခါ ရလာသော သစ်သီးတို့မှာ ဉယျာဉ်စောင့်ပြောသည့် အတိုင်းပင် မှန်ကန်နေ၏။

ရဟန်းတို့လည်း ထိုအကြောင်းကို မြတ်စွာဘုရားရှင်အား လျှောက်ထားကြလေသော်...

"ချစ်သား ရဟန်းတို့၊ ဤဉယျာဉ်စောင့်သာလျှင် ကျွမ်းကျင်လိမ္မာသည် မဟုတ်။ ရှေးပညာရှိတို့လည်း ကျွမ်းကျင်လိမ္မာသည်သာပင်"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူပါသတည်း။

* * *

လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံအုပ်ချုပ်စဉ် လှည်းငါးရာဝဲ့ကို ကြီးမှူးအုပ်ချုပ်သည့် လှည်းမှူးတစ်ယောက် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ လှည်းမှူးသည် လှည်းငါးရာတို့၌ ကုန်စည်များအပြည့်တင်ဆောင်လျက် လှည်းသားငါးရာတို့ကို စီမံ အုပ်ချုပ်ကာ ကုန်ရောင်းထွက်ခဲ့လေ၏။ တောအုပ်တစ်ခုသို့ရောက်၍ တောအတွင်းသို့ မဝင်မီ လှည်းသားအပေါင်းကို စုဝေးစေကာ...

"အမောင်တို့... ဤတောအုပ်ကား သီးပင်တို့စုံလင်စွာ ပေါက်ရောက်သော တောအုပ်ဖြစ်ချေ၏။ အချို့အပင်တို့အား စားသောက်ရန် ကောင်းမွန်သော်ငြား အချို့မှာမူ အဆိပ်ပင်, အဆိပ်ရွက်, အဆိပ်သီး, အဆိပ်ပွင့်တို့အပြင် အဆိပ်ပျားများပင် ရှိကြကုန်၏။ သို့ဖြစ်၍ မိမိတို့မစားဘူး၊ မသောက်ဖူးသော အပင်မှ အသီးတို့ကို ရှောင်ကြဉ်ကြကုန်လော့။ သံသယဖြစ်ပါက ငါ့အားလာ၍ ပြကြလော့။ ငါ့ထံမှ အခွင့်မရဘဲ မစားသောက်ကြပါနှင့်"

ဟူ၍ ပြောဆိုဆုံးမခဲ့လေ၏။ ထို့နောက် လှည်းသားငါးရာကို ဦးဆောင်လျက် တောအုပ်အတွင်းသို့ ဝင်ခဲ့လေ၏။ တောအုပ်၏ အဝင်ဝ၊ တစ်ခုသော ရွာတံခါးအနီး၌ ကိံဖလမည်သော သစ်ပင်ကြီးတစ်ပင် ရှိလေ၏။ ထိုကိံဖလအပင်ကြီး၏ ပင်စည်, အကိုင်းအခက်, အရွက်အသီး, အပွင့်အနံ့နှင့်တကွ အရသာတို့မှာ သရက်ပင်နှင့် လုံးဝဥဿုံ တူညီနေ၏။ သို့ရာတွင် ထိုအပင်ကား အဆိပ်ရှိသော အပင်ဖြစ်ပေရာ ခူးယူစားသုံးမိကြသူ မှန်သမျှ အချိန်မီ အဆိပ်ဖြေဆေးဖြင့် မကုသပါက အသက်ဆုံးရှုံးစေနိုင်၏။

www.burmeseclassic.com



ထိုကိံဖလ သစ်ပင်ကြီးရှိရာသို့ ဦးစွာရောက်နှင့်နေကြသော လှည်းသမားတို့တွင် ဆိုဆုံးမစကားကို နားမထောင်, ကွယ်ရာ၌ လုပ်ချင်ရာလုပ်တတ်ကြသည့် လှည်းသမားအချို့သည် သရက်ပင် ဟုထင်မှတ်ကာ အပင်ပေါ်သို့ တက်ကြပြီး အသီးတို့ကို ခူးဆွတ် လျက် အားပါးတရ စားကြကုန်၏။ အချို့ကမူ ခူးဆွတ်ပြီး အသီးတို့ကို ကိုင်ဆောင်လျက် မစားသောက်သေးဘဲ လှည်းမှူး ရောက်အလာတွင် ပြသမေးမြန်းရန် စောင့်ဆိုင်းနေကြလေ၏။ မကြာခင် လှည်းမှူးရောက်လာလေ၏။ ဤတွင်--

"အမောင်တို့... အဆိုပါအပင်ကား သရက်ပင်နှင့် လွန်စွာတူသော ကိံဖလဆိုသော အပင်ဖြစ်၏။ သရက်သီး မဟုတ်ပေ။ အဆိပ်သီးသာဖြစ်လျက် စားသောက်မိပါက အချိန်မကြာခင်မှာပင် အဆိပ်သင့်ပြီး သေစေနိုင်၏။"

ဟူ၍ ပြောဆိုရှင်းပြလေ၏။ ထိုစဉ်မှာပင် စားသောက်ခဲ့ ပြီးသော လှည်းသမားအချို့မှာ အဆိပ်မိပြီး အသက်ငင်နေကြ ကုန်၏။ အရာရာကို ကြိုတင်တွေးမျှော်တတ်သည့် လှည်းမှူး လည်း ယူဆောင်လာသော အသက်ကယ်ဆေးဝါး၊ အဆိပ်ပြယ် ဆေးဝါးတို့ကို တိုက်ကျွေးလျက် လူမမာတို့အား အော့အံစေ၏။ အဆိပ်များကို အကုန်အစင် ထွက်ကျစေ၏။ ပြီးလေသော် စတုမဓုရ ကျွေးကာ လူကောင်းပကတိဖြစ်အောင် ပြုစုကုသပေး လေ၏။ အဆိုပါ လှည်းမှူး၏အရင်က သွားခဲ့သော လှည်းငါးရာ တို့မှာ သစ်ပင်, သစ်သီးတို့၏ ကျွမ်းကျင်သူမပါဘဲ ခရီးထွက်လာ ရာမှ ကိံဖလအပင်သို့ ရောက်လေသော် ခူးဆွတ်စားသောက်

www.burmeseclassic.com

www.burmeseclassic.com



မိကြပြီး အားလုံး သေပွဲဝင်ကြကုန်လေ၏။ ဤသို့ အနီးရှိရွာမှ လူတို့ရောက်လာကြပြီး လူသေတို့အား သဂြိုဟ်ကြပြီး လှည်းပေါင်းငါးရာနှင့် ကုန်စည်ပစ္စည်းအပေါင်းအား ခွဲဝေယူကြလေဖူး၏။ သည်သို့ ဖြစ်ခဲ့ဖူးသည်ကို အမှတ်ရ၍ နောက်တစ်ရက်ရောက်လေသော် လူသေအပေါင်းကို ဖုတ်ကြည်းသဂြိုဟ်ရန် လှည်းများ၊ ကုန်စည်များကို ခွဲဝေယူကြရန် ရွာသူရွာသားများ ရောက်ရှိလာကြလေသည်။

သို့ရာတွင် ၎င်းတို့ရောက်ရှိလေသောအခါ တစ်ဦးတစ်ယောက်မျှ အဖိတ်အစင်မရှိသည့်အတွက် အံ့အားတသင့်ဖြစ်သွားကြလေ၏။ ဤတွင် ရွာသူကြီးက လှည်းသမားတို့အား-

"အမောင်တို့၊ ဤသစ်ပင်အား အဘယ်ကြောင့် သရက်ပင် မဟုတ်မှန်း သိကြလေသနည်း"

ဟုမေးလေ၏။ လှည်းသမားတို့ကလည်း

"ရွာသူကြီး၊ ဤအပင်ကို သရက်ပင် မဟုတ်မှန်း ကျွန်ုပ်တို့ မသိကြပါ။ သိသူမှာ ကျွန်ုပ်တို့အား ဦးစီးဦးဆောင်ပြုသည့် လှည်းမှူးသာ ဖြစ်ပါ၏"

က ဟူ၍ အဖြေပေး၏။ ရွာသူကြီးလည်း လှည်းမှူးထံသွား၍...

"အဆွေပညာရှိ လှည်းမှူး၊ အဘယ်ကြောင့် ဤသစ်ပင်အား သရက်ပင် မဟုတ်မှန်း သိစွမ်းပါသနည်း"

ဟူ၍ မေးလေ၏။ ဤသို့ လှည်းမှူးလည်း သိခြင်း၏ အကြောင်းနှစ်ပါးကို ပြလိုဖြင့်-

www.burmeseclassic.com

www.burmeseclassic.com



"အဆွေသူကြီး၊ ဤသစ်ပင်ကား ခက်ခက်ခဲခဲတက်ရ လောက်သည့် အနေအထားတွင် မရှိပါ။ လူကြီးမဆိုထားဘိ ကလေးသူငယ်များပင် လွယ်ကူစွာ တက်နိုင်ပါ၏။ တစ်ဖန် ဤအပင်ပေါက်နေသောနေရာသည် ရွာနှင့် အနီးကလေး တွင် ရှိပါ၏။ အကယ်၍ ဤအပင်သည် အဆိပ်ကင်းမဲ့ သော အပင်သာဖြစ်ပါက ယခုကဲ့သို့ သီးမျိုးမြိုင်စွာ တွဲကျ နေသော အသီးတို့သည် ရွာသူရွာသားများ လာရောက် ဆွတ်ငင်မည်သာ ဖြစ်၍ တစ်လုံးမျှပင် ကျန်လိမ့်မည် မထင်ပေ။ အဆိပ်ရှိ၍သာ ခူးသူကင်းမဲ့လျက် အသီးတွေ မြိုင်နေခြင်း ဖြစ်ပါ၏"

ဟူ၍ အကြောင်းနှင့်အကျိုး ချိန်ထိုးဆက်စပ်ကာ ရှင်းပြ လိုက်လေ၏။ ထို့နောက် ကုန်စည်တို့အား အလိုရှိတိုင်း ရောင်းချ ရန် ကိံဖလပင်အား ကျောခိုင်း၍ လှည်းငါးရာကို ဦးဆောင်လျက် အရပ်တစ်ပါးသို့ ထွက်ခွာသွားလေတော့သတည်း။

ထိုသို့ ဂေါတမဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်လျက်-

"ရဟန်းတို့၊ ထိုစဉ်အခါက လှည်းမှူး၏ ပရိသတ် သည် ဘုရားရှင်၏ ပရိသတ်များ ဖြစ်လာကြ၏။ ထိုစဉ်က လှည်းမှူးသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၁၃။ ပဥ္စာဝုဓဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၁၅]

## ပဋ္ဌာဝုဇောတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။ ထိုစဉ်က တရားအားထုတ်ခြင်းအရာ၌ လုံ့လဝီရိယ ယုတ်လျော့တော်မူသော ရဟန်းတစ်ပါး ရှိလေ၏။ တစ်နေ့သ၌ ဘုရားရှင်သည် ထိုရဟန်းအား အပါးသို့ခေါ်ယူပြီး...

"ချစ်သားရဟန်း... ငါ၏သာသနာတော်သို့ ဝင်ရောက်ပြီးသကာလ လုံ့လ ဝီရိယအရာ၌ အဘယ့်ကြောင့် ယုတ်လျော့တော်မူရသနည်း"

ဟု မိန့်ဆိုပြီး အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွန်လေပြီးသော ကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် မင်းကြီး၏ မိဖုရားကြီးမှ သားတော်တစ်ပါး ထွန်းကားလေ၏။ မင်းကြီးလည်း သားတော်၏အနာဂတ်အရေးကို သိရှိလိုသည့်အတွက် လက္ခဏာဖတ်ပုဏ္ဏားတို့ကို ဆင့်ခေါ်ပြီး သားတော်၏ လက္ခဏာကို ဖတ်စေ၏။ ပုဏ္ဏားတို့လည်း...

"အရှင်မင်းကြီး၊ ဤသတို့သားကား ဘုန်းတန်ခိုးရှိန်စော် အာဏာတော်ကြီးမားမည့်သူ ဖြစ်၏။ အရှင်မင်းကြီး၏ ထီးမွေနန်းမွေကို ခံထိုက်သော သတို့သားလည်းဖြစ်၏။ အထူးသဖြင့် 'လက်နက်ငါးပါး'ကို ကိုင်တွယ်သုံးစွဲရာ၌ လွန်စွာမှ ထင်ရှားသော ပုဂ္ဂိုလ်ဖြစ်ပါလိမ့်မည်"

ဟူ၍ လျှောက်ထား ကြလေ၏။ ဤတွင် "လက်နက်ငါးပါး" ကို အခြေပြု၍ "ပဉ္စာဝုဓ"ဟူ၍ အမည်ပေးလေ၏။

ပဉ္စာဝုဓမင်းသား အသက်တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်လေသော် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်ရှိ ဒိသာပါမောက္ခ ဆရာကြီးထံ သွားရောက်ကာ အဋ္ဌာရသ ပညာရပ်များကို သင်ကြားလေ၏။ အချိန်တန်၍ အတတ်ပညာရပ်များကို ကျွမ်းကျင်လိမ္မာစွာ တတ်မြောက်သည်ရှိသော် ဒိသာပါမောက္ခ ဆရာကြီးကို ခွင့်ပန်၍ ဆရာကြီးပေးလိုက်သော လက်နက်ငါးပါးအား ယူဆွဲကိုင်ဆောင်လျက် ဗာရာဏသီသို့ ခြေဦးလှည့်ခဲ့လေ၏။ ထိုသို့ သွားရာလမ်းခရီး၌ ကပ်စေးနဲ့ ဘီလူးစောင့်သော တောအုပ်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ရှိလေ၏။ ပဏ္ဍာဝုဓမင်းသားလည်း တောအုပ်အဝသို့ ရောက်သည် ရှိသော် အနီးအပါးရွာမှ လူများက–

"အသင်မင်းသား၊ အဆိုပါ တောအုပ်အတွင်းသို့ မဝင်ရောက်ပါနှင့်။ အဆိုပါ တောအုပ်တွင်း၌ လွန်စွာမှ ကပ်စေးသော အမွေးအမျှင်များ ပေါက်ရောက်လျက် ရှိသည်။ ကပ်စေးနဲ့ ဘီလူးကြီးတစ်ကောင်သည် ဝင်လာသမျှ လူတို့အား လွတ်မြောက်ခွင့် မပေးဘဲ သတ်ဖြတ်စားသောက်ပစ်လေ့ရှိ၏"

ဟုဆိုကာ တောအုပ်တွင်း မဝင်ရောက်ရန် တားမြစ်လေ၏။ မည်သို့ပင် တားမြစ်စေကာမူ ပဏ္ဍာဝုဓမင်းသားသည် နားဝင်ခြင်း အလျဉ်းမရှိဘဲ ကေသရာဇာခြင်္သေ့မင်းအလား ရဲရင့်သော စိတ်ဓာတ်ဖြင့် တောအုပ်အတွင်းသို့ ဝင်လေ၏။ တောအုပ်အတွင်း အလယ်လောက်ရောက်လေလျှင် ကပ်စေးနဲ့ ဘီလူးကြီးလည်း ငင်း စားသောက်ရမည့် လူသားအစာကို တွေ့ရပြီဟုမှတ်ယူလျက် အလွန်ကြီးမားသော ကိုယ်ခန္ဓာကြီးအား ကြောက်မက်ဖွယ်ရာ အဖြစ် ဖန်ဆင်းလေ၏။ ထို့နောက်...

"အသင်လူသား၊ ဇနေရာတွင် ရပ်လာလော့။ သင်ကား... ငါ၏အစာဖြစ်ချေပြီ"

ဟူ၍ ခြိမ်းခြောက်ပြောဆိုလေ၏။ သို့ရာတွင် ပဏ္ဍာဝုဓမင်းသားသည် အနည်းငယ်မျှပင် ကြောက်ရွံ့ထိတ်လန့်ခြင်းကို မပြဘဲ။

www.burmeseclassic.com

www.burmeseclassic.com



"အသင်ဘီလူး၊ ငါသည်ကား ခြောက်တိုင်း ကြောက်သည့် လူစားမဟုတ်ပေ။ ငါ့မှာ လက်နက်အပြည့်အစုံပါလာ၏။ သတိထား၍သာ ရှောင်ပါလော့"

ဟုဆိုကာ ရတ်ခြည်းသေစေနိုင်သော အဆိပ်လူးမြားဖြင့် ခွင်းလေ၏။ မြားသည် ဘီလူးကြီး၏ ခန္ဓာကိုယ်အား မထွင်းဖောက်နိုင်ဘဲ အမွေးအမျှင်တို့၌သာလျှင် ကပ်ငြိကြကုန်၏။ မြားအရေအတွက်ပေါင်း ငါးဆယ်တိတိကို တစ်စင်းပြီးတစ်စင်း ပစ်လွှတ်ပါသော်ငြား မည်သည့်မြားမျှ ဘီလူးကြီး၏ခန္ဓာကိုယ်အား ထွင်းဖောက်နိုင်ခြင်း မရှိဘဲ အမွေးအမျှင်တို့၌သာ ကပ်ငြိနေစမြဲဖြစ်လေ၏။ ဘီလူးကြီးသည် အမွေးအမျှင်တို့၌ ကပ်ငြိကုန်သော မြားတို့အား ခါချလေ၏။ မြားတို့ မြေပြင်သို့ ကျလေသော် မင်းသားအား ဖမ်းချုပ်ရန် အပါးသို့ တိုးကပ်လေ၏။ ထိုအခါ မင်းသားသည် သန်လျက်ကို ထုတ်၍ ခုတ်လေ၏။ သန်လျက်မှာလည်း အသားထိအောင် မတိုးဘဲ အမွေးအမျှင်တို့၌ ကပ်ငြိကြပြန်၏။ ဆောက်ပုတ်မှာလည်း အမွေးအမျှင်တို့၌ ကပ်ငြိသည့်သာပင်။ ထိုအခါ လှံကိုထုတ်၍ ထုတ်ပြန်၏။ လှံသွားမှာ ခန္ဓာကိုယ်အား မထွင်းဖောက်နိုင်ဘဲ အမွေးအမျှင်တို့၌သာ ကပ်ငြိပြန်လေ၏။ လက်နက်များ ကုန်သွားခဲ့သော်ငြား မင်းသားသည် ကြောက်ရွံ့ခြင်း အလျဉ်းမရှိဘဲ...

"အသင်ဘီလူး၊ သင့်ကိုငါ လုံးဝ မကြောက်။ သင့်ကို မှုန့်မှုန့်ညက်ညက်ကြေအောင် ငါလုပ်မည်"

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ တောအုပ်တစ်ခွင်လုံး ပွဲတင်ထပ်မျှ ကြုံးဝါးလျက် လက်တစ်ဖက်ဖြင့် သတ်ပုတ်၏။ ထိုလက်မှာ အမွေးအမျှင်တို့၌ ကပ်ငြိ၏။ ထိုအခါ ကျန်သောလက်တစ်ဖက်ဖြင့် သတ်ပုတ်ပြန်၏။ ထိုလက်မှာလည်း အမွေးအမျှင်တို့၌ပင် ကပ်ငြိပြန်၏။ ထိုအခါ ခြေတစ်ဖက်ဖြင့် သတ်ပြန်၏။ ထိုခြေမှာ အမွေးအမျှင်တို့၌ ကပ်ငြိကုန်၏။ ဤတွင် ကျန်သောခြေတစ်ဖက်ဖြင့် သတ်ပြန်၏။ ၎င်းခြေမှာလည်း အမွေးအမျှင်တို့၌ပင် ကပ်ငြိပြန်၏။ ထိုအခါ ခေါင်းဖြင့်တိုက်ပြန်၏။ ခေါင်းမှာလည်း အမွေးအမျှင်တို့၌ ကပ်ငြိပြန်သည်သာ။ သည်သို့ အခြေအနေလုံးဝ မလှုပ်သော်ငြား မင်းသားသည် ကြောက်ရွံ့ထိတ်လန့်ခြင်း အလျဉ်းမရှိပေ။ ထိုအခါ ကပ်စေးနဲ့ ဘီးလူးကြီးလည်း-

"လောက၌ ဤကဲ့သို့သော ယောကျ်ားမျိုးကို ငါတစ်သက်နှင့် တစ်ခါတစ်ကြိမ်ဖူးမျှ မတွေ့မမြင်ခဲ့ပေ။ ဤယောကျ်ားကား ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိ။ သူသည် အဘယ်ကြောင့် ကြောက်စိတ် ကင်းရပါလေသနည်း"

ဟူ၍ စဉ်းစားဆင်ခြင်မိသွားပြီး သိချင်စိတ်ကို မတားဆီးနိုင်ရကား မေးလေတော့၏။

"အမောင်လုလင်... လူတကာက ငါ့အပေါ် ဖိမ့်ဖိမ့်တုန်မျှ ကြောက်ရွံ့ကြပါလျက်၊ သင်ကမူ အဘယ်ကြောင့် ငါ့အား မကြောက်သနည်း"

"အို...ဘီလူးကြီး၊ ငါသည် သင့်အား ဘယ်အကြောင်းကြောင့် ကြောက်ရွံ့ထိတ်လန့်ရပါမည်နည်း။ တစ်ဘဝ၌

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ် သေကြရမြဲဖြစ်၏။ ထို့အပြင် သင့်အပေါ် ငါ လုံးဝမကြောက်သည်မှာ ငါ၏ဝမ်းထဲ၌ ဝရဇိန်လက်နက် ရှိနေ၏။ သင်သာ ငါ့ကို ဖမ်းဆီးစားသောက်မည်ဆိုပါက သင်၏အသည်းနှလုံး၊ အူတို့သည် အပိုင်းပိုင်းပြတ်တောက်ကာ သင်နှင့်ငါ နှစ်ယောက်စလုံးပင် ခန္ဓာကြွေစဲ သေပွဲဝင်ရပါလိမ့်မည်"

ဟူ၍ တုန်လှုပ်ခြင်းမရှိဘဲ ရဲဝံ့စွာ ဆိုလိုက်၏။ ထိုအခါ ဘီလူးကြီးလည်း-

"ဤလုလင်ကား မှန်သောစကားကို ဆိုခြင်း ဖြစ်ပေလိမ့်မည်။ အကယ်၍ ငါသည် ဤလုလင်ကို စားသောက်လိုက်ပါက ပဲနောက်၏အစေ့မျှလောက်သော အသားပင် ကြေနိုင်မည် မဟုတ်။ ဤအာဇာနည်လုလင်အား ငါ စား၍ မဖြစ်။ လွှတ်မှ ဖြစ်တော့မည်။"

ဟူ၍ ဆင်ခြင်သုံးသပ်မိကာ-

"အမောင်လုလင်၊ သင့်ကိုငါ လုံးဝ မစားဝံ့တော့ပါ။ သို့ဖြစ်၍ သင်သွားလိုရာ သွားနိုင်ပါပြီ။ သင့်အသက်ကို ငါ လွှတ်ပါမည်"

ဟူ၍ လွှတ်ပေးလိုက်လေ၏။ ဤတွင် မင်းသားလည်း။

"အို...ဘီလူးကြီး၊ သင်သည် ရှေးအတိတ်ကာလများစွာတို့၌ အကုသိုလ်အမှုများစွာကို ပြုလုပ်ခဲ့သည့်အတွက်ကြောင့် ယခုဘဝ၌ သူတစ်ပါး၏အသား၊ အသွေးတို့ကို စားရသည့် ဘီလူးအဖြစ်ကို ရခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤဘဝ၌ ထပ်မံ၍ အကုသိုလ်အမှုများကို ပြုမည်ဆိုလျှင် ယခုကဲ့သို့ အမိုက်အမှောင်ဘဝမှသည် ထပ်မံ၍ အမိုက်အမှောင်ဘဝသို့ပင် လားရပေဦးမည်။ သင့်အတွက် ယနေ့မှစ၍ အကုသိုလ်အမှုကိစ္စများကို မပြုပါနှင့်”

ဟူ၍ သွန်သင်ဆုံးမ တရားချလေ၏။ ငါးပါးသီလကို ဟောကြားကာ သီလတည်စေ၏။ ထို့နောက် အကျွတ်တရားရရှိသော ဘီလူးကြီးအား တောအုပ်၌ ကိုးကွယ်ရာ နတ်အဖြစ်သို့ ပြုပြင်ပေးခဲ့ကာ လက်နက်ငါးပါးကို ပြန်လည်ယူဆောင်ပြီး တောအုပ်မှ ထွက်လေ၏။ တောအုပ်အဝ၌ ရှိနေကြသောသူတို့အား အကျိုးအကြောင်း ရှင်းပြပြောဆိုပြီး ဗာရာဏသီပြည်သို့ ထွက်ခွာလာခဲ့လေ၏။

ဗာရာဏသီပြည်သို့ရောက်၍ ဖခမည်းတော် နတ်ရွာစံသည်နှင့် ကြုံကြိုက်လေသော် မင်းအဖြစ်ကို ခံယူ၏။ တိုင်းသူပြည်သားအပေါင်းအား မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ပြီး ကောင်းမှုကုသိုလ်များဖြင့် အသက်ထက်ဆုံး ပျော်မွေ့လေတော့သတည်း။

အဆိုပါ ဒေသနာတော်ဆုံးလေသော် လုံ့လဝီရိယ ယုတ်လျော့တော်မူသော ရဟန်းလည်း အရဟတ္တဖိုလ်၌တည်ကာ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ဤကဲ့သို့ အတိတ်, ပစ္စုပ္ပန် နှစ်ဟန်သောဝတ္ထုတို့အား ဘုရားရှင်လည်း အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက် တရားနာ ရဟန်းပရိသတ်အပေါင်းအား…

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့၊ ထိုစဉ်အခါက ကပ်စေးနှဲဘီလူးကြီးသည် ယခုအခါ အင်္ဂုလိမာလဖြစ်လာ၏။ ပဏ္ဍာဝုဓမင်းသားမှာမူ ငါဘုရားရှင် ဖြစ်လာလေသတည်း"

ဟူ၍ မိန့်ကြားတော်မူပြီး ဇာတ်တော်ကို ပေါင်းပါလေတော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၅၆။ ကဉ္စနက္ခန္ဓဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၅၆]

# ကဥ္စနကုန္ဒဇာတ်

သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် စမ္ပယ်သီတင်းသုံးစဉ်က အမျိုးသားတစ်ယောက်သည် ဘုရားရှင်၏တရားတော်ကို နာယူလိုက်ရသည့်အတွက် သတိ သံဝေဂ ရကာ သာသနာတော်အတွင်း၌ ရဟန်းပြုခဲ့လေ၏။

ထိုအခါ ၎င်းရဟန်း၏ ဥပဇ္ဈာယ်ဆရာတို့သည် ရဟန်းတို့စောင့်ထိန်းရန် သီလသိက္ခာပုဒ်တို့ကို များစွာပြောကြကုန်၏။ စောင့်ထိန်းရန် သီလသိက္ခာပုဒ်များမှာ များပြားလေရကား ထိုရဟန်းသည် စိတ်ညစ်လျက် လူထွက်တော့မည်ဖြစ်ကြောင်း လျှောက်ထားလာလေ၏။ ထိုအခါ ဥပဇ္ဈာယ်ဆရာတို့က–

"ငါ့ရှင် လူမထွက်ပါနှင့်ဦး။ သီလသိက္ခာပုဒ်များကို မထိန်းနိုင်သည့် ကိစ္စအတွက် ဘုရားရှင်နှင့် တွေ့လိုက်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ဘုရားရှင်ထံ ခေါ်ဆောင်လာခဲ့လေ၏။ ဘုရားရှင်ထံရောက်၍ အကြောင်းစုံကို သိလေလျှင် ဘုရားရှင်သည် ရဟန်းတော်တို့အား "သင်တို့သည် ဤရဟန်းအား သီလသိက္ခာပုဒ်များအကြောင်းကို မပြောလေနှင့်ဦး" ဟူ၍ ပိတ်ပင်တားဆီးလိုက်ပြီး အဆိုပါ ရဟန်းအား အပါးသို့ခေါ်ယူကာ...

"ချစ်သား ရဟန်း၊ ကိုယ်, နှုတ်, စိတ် သုံးပါးတွင်
(၁) ကိုယ်ဖြင့် မကောင်းမှုမှန်သမျှကို မပြုပါနှင့်။
(၂) နှုတ်ဖြင့် မကောင်းမှုမှန်သမျှကို မပြုပါနှင့်။
(၃) စိတ်ဖြင့်လည်း မကောင်းမှုမှန်သမျှကို မပြုပါနှင့်။
ဤသုံးပါးကို ချစ်သား စောင့်ထိန်းနိုင်ပါသလော"
ဟူ၍ မေးတော်မူ၏။ ထိုအခါ ရဟန်းလည်း

"အရှင်ဘုရား၊ ဤသုံးပါးလောက်ကိုဖြင့် စောင့်ထိန်းနိုင်ပါ၏"

ဟူ၍ ဝမ်းမြောက်ဝမ်းသာပြောကြားပြီးသည်ရှိသော် နောက်ပိုင်း၌ သီလ၊ သိက္ခာပုဒ်တို့ကို လုံခြုံစွာ စောင့်ရှောက်လေ၏။ ထိုမှတစ်ဖန် ဝိပဿနာကို ပွားများအားထုတ်သည်ရှိသော် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေတော့၏။

ရဟန်းတို့လည်း ထိုအကြောင်းနှင့် စပ်လျဉ်း၍ တရားသဘင်၌ စကားစပ်မိလေတိုင်း...

"ငါ့ရှင်တို့၊ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်သည် အံ့ဖွယ်ကောင်းလှပါပေ၏။ သီလ သိက္ခာပုဒ်များ၍ မစောင့်ထိန်းလိုသော ရဟန်းအား ကိုယ်, နှုတ်, စိတ်တို့ကို သုံးစု

www.burmeseclassic.com



ကာ စောင့်ထိန်းစေသဖြင့် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်ခဲ့လေပြီ။

ဟူ၍ ပြောဆိုကြလေ၏။ ဘုရားရှင်ကြွလာ၍ ထိုအကြောင်းကို လျှောက်တင်ကြသည်ရှိသော်–

"ရဟန်းတို့၊ ယခုအခါမှသာလျှင် အစုပြု၍ ဝန်ကိုချီစေသည်မဟုတ်။ ရှေးအခါကလည်း ပညာရှိတို့သည် ရွှေတုံးကိုရရာ၌ မချီနိုင်သဖြင့် အစုပြု၍ ချီခဲ့ဖူးပြီ"

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်ပါလေသတည်း။

* * *

ရှေးလွန်လေပြီးသော ကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံတော်မူစဉ် ရွာတစ်ရွာ၌ လယ်ထွန်ယောကျ်ားတစ်ဦး ရှိလေ၏။

တစ်နေ့သ၌ ထိုလယ်ထွန်ယောကျ်ားသည် ဖုန်းဆိုးမြေတစ်ခု၌ လယ်စိုက်ရန် ထွန်လေ၏။ ထိုဖုန်းဆိုးမြေ၌ သူဌေးတစ်ဦးသည် မပျက်စီးမီက အလျားလေးတောင်၊ လုံးပတ်ပေါင်လုံးခန့်ရှိ ရွှေတုံးကို မြှုပ်နှံ၍ ထားခဲ့ဖူး၏။ ဤတွင် လယ်ထွန်ယောကျ်ား လယ်ထွန်သည်ရှိသော် ထွန်သွားသည် ရွှေတုံးနှင့်သွား၍ ငြိလေ၏။

ထိုအခါ လယ်ထွန်ယောကျ်ားလည်း သစ်မြစ်နှင့် ငြိသည်ထင်၍ မြေကို ယက်သောအခါ ရွှေတုံးကို မြင်လေ၏။ ဤတွင် သူတစ်ပါးမသိအောင် မြေဖြင့်ဖုံး၍ထားလေ၏။ နေဝင်လေသော

www.burmeseclassic.com

www.burmeseclassic.com



အခါ ထမ်းပိုး၊ ထွန်တုံးတို့ကို သင့်ရာအရပ်၌ ဖြုတ်သိမ်းပြီး ရွှေတုံးရှိရာသွားကာ လက်ဖြင့် ချီမလေ၏။ သို့ရာတွင် အလေးချိန်များသည့်အတွက် သယ်မ၍ မရပေ။ ထိုအခါ ရွှေတုံးအနီး၌ ထိုင်၍ ရွှေတုံး၏ပမာဏကို ချင့်ချိန်လျက်...

"ဤမျှလောက်ကို စားဝတ်နေရေးအတွက် အသုံးပြုမည်။ ဤမျှလောက်ကိုမူ မြေတွင် ပြန်မြှုပ်၍ ထားမည်။ ဤမျှလောက်ကို အလုပ်အကိုင်၌ အရင်းအနှီးအဖြစ် အသုံးပြုမည်။ ကျန်သမျှကိုကား ကုသိုလ်ကောင်းမှု ပြုလုပ်မည်"

ဟူ၍ အစုလေးစုပြုကာ ပိုင်းခြားဝေဖန်သုံးသပ်၏။ သည့်နောက် ရွှေတုံးကို မကြည့်သောအခါ ယခင်ကလောက် လေးသည်ဟု မထင်ရတော့ဘဲ ပေါ့ပေါ့ပါးပါး ဖြစ်လာခဲ့လေ၏။ သို့ဖြင့် လယ်ထွန်ယောက်ျားလည်း ရွှေတုံးကို အလွယ်တကူ အိမ်သို့ ယူဆောင်လျက် အစုခွဲထားသည့်အတိုင်း အသုံးပြုရင်း ချမ်းသာစွာ အသက်ထက်ဆုံး နေထိုင်သွားလေတော့သတည်း။

ဤသို့ ဂေါတမဘုရားရှင်သည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုကို အနုသန္ဓေ ဆက်စပ်လျက်...

"ရဟန်းတို့၊ ထိုစဉ်အခါက လယ်ထွန်ယောက်ျားသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာလေသတည်း"


ဟူ၍ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၅၇။ ဝါနရိန္ဒဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၅၇]

# ဝါနရိန္ဒဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။ ဤကာလတွင် ဘုရားရှင်အပေါ်မလို မုန်းထား အငြိုးပွားနေသော ဒေဝဒတ်ရဟန်းသည် ဘုရားရှင်အား သတ်ဖြတ်ရန်အတွက် အကြံအစည် အမျိုးမျိုးဖြင့် အားထုတ် လျက်ရှိပေ၏။ ထိုအကြောင်းကို ရဟန်းအပေါင်းတို့သည် တရား သဘင်၌ စကားစပ်လျက် ပြောဆိုနေကြရာ ဘုရားရှင်ကြွလာပြီး သိတော်မူသည့်အခိုက်...

"ချစ်သားတို့၊ ရဟန်းမိုက် ဒေဝဒတ်သည် ငါဘုရားရှင်ကို သတ်ဖြတ်ရန် ယခုမှသာ အားထုတ်သည်မဟုတ်။ ရှေးကလည်း အားထုတ်ခဲ့ဖူးလေပြီ"

ဟုမိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူပါသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်ကဖြစ်၏။ ထိုအချိန်တွင် တစ်ခုသော မြစ်ကမ်းပါး ကျင်လည်ကျက်စားနေထိုင်သော မျောက်ကြီးတစ်ကောင်ရှိလေ၏။ ထိုမျောက်ကြီး၏ ကိုယ်လုံးကိုယ်ပေါက်မှာ မြင်းငယ်ပမာဏမျှ ရှိလေ၏။ ထိုမျောက်ကြီး ကျင်လည်ကျက်စားသော ကမ်းစပ်မှ မြစ်အလယ်တွင် ကျွန်းငယ်တစ်ကျွန်းရှိလေ၏။ ထိုကျွန်းငယ်၌ သရက်၊ ပိန္နဲ၊ နရွဲ၊ မာလကာ အစရှိသော စားသောက်သီးပင်ကြီးများ ရှိလေ၏။ ဤတွင် မျောက်ကြီးသည် မြစ်၏ဤမှာဘက်ကမ်းမှ ခုန်လွှားကာ မြစ်နှင့် ကျွန်းငယ်အကြားရှိ ကျောက်ဖျာ၌ တစ်ထောက်ကျ၏။ တစ်ဖန် ထိုကျောက်ဖျာမှ ကျွန်းငယ်ရှိရာကို ခုန်လွှားလျက် စားသောက်လိုသော အသီးအနှံတို့ကို စိတ်တိုင်းကျ ဆွတ်ခူးစားသောက်ရင်း ညနေဆည်းဆာချိန် ရောက်သောအခါမှသာလျှင် လာစဉ်ကအတိုင်း ခုန်လွှားကာ ပြန်လာပြီး မိမိနေထိုင်ရာတွင် နေလေ့ရှိ၏။ ဤသို့သောနည်းဖြင့် မျောက်ကြီးလည်း နေထိုင်စားသောက်ကျင်လည်ခဲ့လေ၏။

ထိုမြစ်ကမ်းစပ်အနီး၌ မိဖျောင်းဖိုနှင့် မိချောင်းမတို့သည် သင့်တင့်စွာ နေထိုင်ကြ၏။ တစ်နေ့သ၌ မိချောင်းမသည် မျောက်ကြီးအားမြင်လျှင် မျောက်ကြီး၏နှလုံးသားကို စားသောက်လိုသော ချင်ခြင်း ဖြစ်ပေါ်လာခဲ့၏။ သည့်အတွက် မိချောင်းဖိုအား ရင်ဖွင့်ပြောဆို ပူဆာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်၊ အကျွန်ုပ်သည် ဤမြစ်ကမ်းဝန်းကျင်၌ ကျင်လည် ကျက်စားနေထိုင်သော မျောက်ကြီး၏ နှလုံးသားကို စားသောက်လိုသော ချင်ခြင်းဖြစ်နေပါ၏။ ထိုချင်ခြင်း ပြေပျောက်ရန် မျောက်ကြီးကို ရအောင်ဖမ်းပေးပါလော့"

သည်သို့ တောင်းဆိုသည်ရှိသော် မိချောင်းဖိုလည်း မဘာက်လိုက်၍ မိုက်ဘက်သာသောသူပီပီ...

"ကောင်းပြီရှင်မ၊ ယနေ့ညချမ်းအချိန်တွင် ထိုမျောက်ကြီးအား ရအောင်ဖမ်းဆီး၍ ၎င်း၏နှလုံးသားကို စားရအောင် စွမ်းဆောင်ပေးပါမည်။

ဟူ၍ ကတိပေးကာ မျောက်ကြီးကို လက်ရဖမ်းဆီးနိုင်ရေးအတွက် အကြံထုတ်ရင်း မြစ်တွင်းရှိ ကျောက်ဖျာ၌ ဝပ်၍နေလေ၏။

မျောက်ကြီးလည်း ညချမ်းအချိန်အခါ ကျွန်းငယ်မှ ပြန်မည်ဟူ၍ ကျောက်ဖျာကို အကဲခတ်လိုက်သောအခါ...

"မည်သို့ ဖြစ်ရပါလေသနည်း။ ကျောက်ဖျာသည် ခါတိုင်းနေ့များနှင့် မတူဘဲ၊ ဤယနေ့ကျောက်မှ ကြီး၍နေပါတကား။ ယနေ့ မြစ်ရေမှာလည်း အတိုးအဆုတ်မရှိ။ ငါ့ကို ဖမ်းယူရန် မိချောင်းသည် ဝပ်၍ စောင့်နေပါသလော။ ငါ သိအောင် စုံစမ်းမှဖြစ်မည်"

ဟူ၍ ကြံစည်ကာ ကျောက်ဖျာနှင့် စကားပြောနေကျအသွင်ဆောင်လိုက်ပြီး ပရိယာယ် ဆင်လိုက်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



"အိုး အသင်ကျောက်ဖျာ"

ဟု ခေါ်ဆို နှုတ်ဆက်လိုက်၏။ ထိုအခါ ကျောက်ဖျာအသွင် ဆောင်ထားသော မိချောင်းလည်း မည်သို့မျှ စကားခွန်းတုံ့မပြန်ဘဲ ငြိမ်သက်တိတ်ဆိတ်နေ၏။ မျောက်ကြီးကလည်း သုံးကြိမ်သုံးခါတိတိ "အိုး ကျောက်ဖျာ၊ အသင်ကျောက်ဖျာ"ဟူ၍ ခေါ်ပြန်၏။ သုံးကြိမ်မြောက်သည့်တိုင် စကားပြန်ပြောခြင်း မရှိသဖြင့်...

"အိုး... ကျောက်ဖျာ၊ ခါတိုင်းနေ့များ၌ ကျွန်ုပ်ခေါ်လိုက်တိုင်း ပြန်ထူးကာ စကားဆိုပါသော်ငြား၊ ယနေ့မှာမူ မည်သည့်အကြောင်းကြောင့် ကျွန်ုပ်အား စကား ပြန်မပြောဘဲ ဆိတ်ဆိတ်နေရ ပါလေသနည်း"

ဟု မေးလေ၏။ ထိုအခါ ပညာမဲ့သော မိချောင်းလည်း မျောက်ကြီး၏ စကားကိုကြားလျှင်...

"ယခင် ယခင်နေ့တွေက ကျောက်ဖျာသည် စကားပြန်ပြော၍ ယခုကဲ့သို့ မျောက်ကြီးက မေးနေခြင်းဖြစ်မည်။ သည်တော့ ငါ့အနေနှင့် စကားပြန်ပြောမှ ဖြစ်တော့မည်"

ဟု အတွေးဝင်ကာ ရုတ်ခြည်းပင်။

"အသင်မျောက်မင်း၊ ငါ့အား စကားပြောဆိုသည်မှာ မည်သည့်အကြောင်းများ ရှိနေ၍ပါနည်း"

ဟူ၍ ခွန်းတုံ့ပြန်လေ၏။ ဤတွင် မျောက်ကြီးက-

"အသင်... မည်သူ ဖြစ်လေသနည်း"

ဟု မေးတော့၏။ မိချောင်းကလည်း...

"ငါသည်ကား မိချောင်းဖြစ်လေ၏"

www.burmeseclassic.com

www.burmeseclassic.com



"အဘယ့်ကြောင့် ကျောက်ဖျာထက်၌ ဝပ်နေရလေသနည်း"

"သင့်နှလုံးသားအား ငါ၏ရှင်မက စားသောက်လိုသည့်အတွက် ဝပ်နေမိခြင်း ဖြစ်ပါ၏"

မျောက်ကြီးလည်း မိချောင်း၏ ဇာတိသရုပ်မှန်ကို သိရလေသော် ကိုယ်လွတ်ရုန်းပြေးရန် အခွင့်အလမ်းမရှိသည်ကို သိရသည့် သကာလ၊ မိချောင်းအား လှည့်စားမှ ဖြစ်မည်ကို တွေးတောကြံစည်မိလျက်–

"အို...မိချောင်း၊ ကောင်းပါပြီ။ ငါ၏ခန္ဓာကိုယ်အား သင့်အတွက် စွန့်လွှတ်ပါတော့မည်။ သင်၏ ပါးစပ်ကို အသင့်ဖွင့် ထားပါလော့။ ငါလာသောအခါ ဆီးကြိုပြီး ဖမ်းစားပါလှည့်"

ဟူ၍ ပြောဆိုလှည့်စားလိုက်လေ၏။ ထိုအခါ မိချောင်းလည်း မျောက်ကြီး၏ လှည့်ဖြားမှုကို ယုံစားလျက် ပါးစပ်ကို ဟထားလိုက်လေ၏။ မိချောင်းတို့၏ သဘာဝမှာ အထက်မေးသည် အရှင်ဖြစ်၍ ပါးစပ်ဟလိုက်လျက် မျက်စိသည် ပိတ်သွားတတ်လေ၏။ မျောက်ကြီးလည်း ပါးစပ်ဟနေသောမိချောင်း၏ မျက်စိများ မှိတ်နေသည်ကို သိသဖြင့် ကျွန်းငယ်မှ ခုန်လွှားလျက် မိချောင်းထိပ်ကို နင်းကာ တစ်ဖက်ကမ်းသို့ ခုန်ကူးသွားလေတော့၏။ ထိုအခါ မိချောင်းလည်း အံ့ဖွယ်အဖြစ်ကို တွေ့မြင်ရ၍ မျောက်ကြီးအား–

"အရှင်မျောက်မင်း၊ လောက၌... "မှန်ကန်တည့်မတ်သောစကား၊ အသိဉာဏ်ပညာ လုံ့လဝီရိယ၊ အသက်ကို စွန့်လွှတ်မှု"အစရှိသော အချက်များနှင့် ပြည့်စုံသူမှာတစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ရန်ကို အောင်မြင်မြဲဖြစ်၏။ အသင်မျောက်မင်းမှာလည်း အထက်ပါအချက်များနှင့် ပြည့်စုံသူဖြစ်သည့် အားလျော်စွာ ကျွန်ုပ်အပေါ်၌ အနိုင်ယူသွားခဲ့လေပြီတကား"

ဟူ၍ ပြောဆိုချီးမွမ်းပြီးနောက် မိချောင်းမရှိရာသို့ ကူးခတ်သွားလေတော့သတည်း။

* * *

ဗုဒ္ဓဘုရားရှင်လည်း ဤသို့ အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေဆက်စပ်ပြီးသည့်နောက်-

"ရဟန်းတို့၊ ထိုအခါက မိချောင်းဖိုသည် ယခုအခါ ရဟန်းမိုက် ဒေဝဒတ်ဖြစ်လာ၏။ မိချောင်းမသည် စိဉ္စမာဏ ဖြစ်လာ၏။ မျောက်ကြီးကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၅၈။ တယောဓမ္မဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၅၈]

## တယောခမ္မဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်၊ ရဟန်းအပေါင်းတို့သည် တရားသခင်၌ ဒေဝဒတ်ရဟန်းသည် ဘုရားရှင်အား သတ်ဖြတ်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြံစည်အားထုတ်ခဲ့ပုံများကို ပြောဆိုနေကြလေ၏။

ထိုအကြောင်းကို ဘုရားရှင် သိလေသော်...

"ရဟန်းတို့၊ ဒေဝဒတ်သည် ငါဘုရားရှင်ကို သတ်ဖြတ်ရန် ယခုအခါမှသာ ယုံ့လပြုသည် မဟုတ်သေး။ ရှေးအခါကလည်း လုံ့လပြုအားထုတ်ခဲ့ပေ၏"

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွန်လေပြီးသော ကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် မျောက်မင်းသည် မျောက်အပေါင်းတို့ ခြံရံလျက် ဟိမဝန္တာတော အရပ်၌ နေလေ၏။ ထိုမျောက်မင်းသည် ၎င်း၏ ပယောဂဖြင့် မွေးဖွားလာသော မျောက်ထီးမှန်သမျှ ၎င်း၏စည်းစိမ်အား တစ်နေ့နေ့၌ လုယူမည်ကို ကြောက်ရွံ့သဖြင့် မျောက်ထီးတို့ ဖွားမြင်လာလေတိုင်း မျောက်ငယ်ထီးကလေး၏ ဝှေးစေ့အား သွားဖြင့်ကိုက်ဖြတ်ကာ ထုတ်ပစ်လေ့ ရှိလေ၏။

ထိုအချိန်တွင် မျောက်မငယ်တစ်ကောင်သည် မျောက်မင်းကိုစွဲ၍ ကိုယ်ဝန်တည်လေသောအခါ ကိုယ်ဝန်ကို စောင့်ရှောက်ရန် တောင်ခြေရင်းတစ်ခုသို့ သွားလျက် ပုန်းအောင်းနေလေ၏။ အချိန်တန်၍ ကိုယ်ဝန်ရင့်လေသော် မျောက်သားငယ်ကလေးကို ဖွားမြင်လေ၏။ အသိုပါ မျောက်ငယ်ကြီးပြင်းလေသောအခါ အခြားအခြားသော မျောက်များနှင့်မတူဘဲ ကိုယ်ခန္ဓာထွားကျိုင်း၏။ အားအင်အစွမ်းနှင့်လည်း ပြည့်စုံ၏။ အဟိတ်တိရစ္ဆာန်ဖြစ်စေကာမူ လွန်စွာမှပင် လိမ္မာရေးခြားရှိလေ၏။ တစ်နေ့သ၌ မျောက်သားငယ်သည် မိခင်ဖြစ်သူအား…

"အို…မိခင်၊ ဤတောင်ခြေရင်း၏အခြားတစ်ဖက်၌ မျောက်အပေါင်းရှိကြကုန်၍ များမြောင်လှစွာသော မျောက်တို့အား ကျွန်ုပ်၏ ဖခင်မျောက်မင်းက အုပ်ချုပ်နေသည်ဟု ကြားသိရပါ၏။ ဖခင်ထံသွားရောက်လိုပါ၍ ခွင့်ပြုတော်မူပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ တောင်းဆိုလေ၏။ ထိုအခါ မိခင်မျောက်မကြီးက

"အမောင်ချစ်သား၊ မသွားပါနှင့်။ အမောင့်ဖခင် မျောက်မင်းသည် မျောက်ထီးမွေးလာလျှင် ၎င်း၏စည်းစိမ် ကို လုယူမည်စိုး၍သဖြင့် မျောက်ထီးကလေးတွေ မွေးလာ တိုင်း ၎င်း၏သွားဖြင့် ကိုက်ဖြတ်ကာ ဝှေးစေ့ကို ထုတ်ပစ် လေ့ရှိပါ၏"

ဟုဆိုကာ တားမြစ်လေ၏။ ထိုအခါ မျောက်သားငယ်က...

"အို... မိခင်၊ ကျွန်ုပ်လုံးဝ မကြောက်ပါ။ ဖခင်ထံသို့ သာ ပို့ပေးပါ။ မကြာမီ သား၏အစွမ်းကို သိရပါလိမ့် မည်"

ဟု ပြောဆိုလေ၏။ မတတ်သာသည့် အဆုံး၌ မိခင်မျောက် မကြီးလည်း မျောက်သားငယ်ကို ခေါ်ဆောင်ပြီး ဖခင်မျောက်မင်း ထံ ပို့ဆောင်ပေးလေ၏။ မျောက်မင်းလည်း ၎င်း၏မျောက်သား ငယ်ကို မြင်လျှင်...

"ငါ၏ ဤမျောက်သားငယ်ကား ကြီးပြင်းလာပါက မျောက်အပေါင်းတို့ကို ဦးဆောင်သိမ်းသွင်းကာ ငါ၏နေရာ ကို လုယူပေလိမ့်မည်။ ယခုကပင်၎င်း၏လည်ပင်းကို ဖက် သည့်အယောင်ဆောင်ကာ တအားညှစ်၍ သတ်ပစ်ရမည်"

ဟူ၍ ကြံစည်ကာ မျောက်သားငယ်ကို ၎င်းထံခေါ်လိုက်၏။

"ငါ၏ချစ်သား၊ ဖခင်ထံသို့ လာပါလော့။ ငါ၏သား သည် ဖခင်ကို ဤမျှရှေ့ဤမျှကြာအောင်၊ အဘယ်သို့ သွား၍ ခွဲခွာနေပါဘိသနည်း"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောဆိုပြီး အနားသို့ ရောက်လာသော မျောက်သားငယ်အား လည်ပင်းကို ဖက်သယောင်ပြု၏။ ထို့နောက် အတင်းကာ ရောညှစ်လေတော့၏။ ထိုအခါ မျောက်သားငယ်လည်း ဆင်ပြောင်ကြီးတမျှ အားကြီးလှသည် ဖြစ်၍ မျောက်မင်း၏လည်ပင်းကို ပြန်၍ ဖက်ကာ ပြန်၍ ညှစ်လေ၏။ မျောက်မင်းလည်း အရိုးကွဲလုမတတ် နာကျင်လွန်းလှသဖြင့် မျောက်သားငယ်ကို လွှတ်ပေးရလေ၏။

တစ်ဖန် မျောက်မင်းသည် မျောက်သားငယ်ကို ဒုက္ခပေးရန်အတွက် အနီးရှိ ဘီလူးတို့စောင့်သော ရေကန်သို့လွှတ်ကာ ဘီလူးတို့ စားစေရန် ကြံစည်လျက် မျောက်သားငယ်အား...

"ချစ်သား၊ ဖခင်မှာ ယခုအခါတွင် အိုမင်းလှပါပြီ။ ချစ်သားအား မျောက်အပေါင်းတို့ကို အပ်နှင်းလျက် ယနေ့ပင် မင်းအဖြစ်ကို မြှောက်ပါမည်။ သို့ဖြစ်၍ အဆိုပါ ဖခင်ညွှန်ပြသောရေကန်သို့ သွား၍ ထိုကန်မှ ကုမုဒြာကြာနှစ်ပွင့်၊ ဥပ္ပလကြာသုံးပွင့်၊ ပဒုမာကြာငါးပွင့် စသဖြင့် ကြာပန်းဆယ်ပွင့်ကို ခူးဆွတ်၍ ဖခင်ထံ ယူဆောင်လာခဲ့ပါ"

ဟူ၍ စေခိုင်းလိုက်လေ၏။ မျောက်သားငယ်လည်း ကောင်းပြီဟုဆိုကာ ရေကန်ရှိရာသွားလျက် လက်လွတ်စပယ် ရေကန်တွင်းသို့ မဆင်းဘဲ ရေကန်ဝန်းကျင်ရှိ ခြေရာတို့ကို လေ့လာစူးစမ်းလေ၏။ ထိုအခါ ရေကန်တွင်းသို့ ဆင်းသက်သော ခြေရာတို့ကိုသာ တွေ့ရပြီး ရေကန်မှ တက်လာသော ခြေရာတို့ကိုမှ မတွေ့ရပေ။ ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



"ဤကန်ကား မုချဧကန် ဘီလူးတို့စောင့်သောရေကန် ဖြစ်ပေလိမ့်မည်။ ငါ၏ဖခင်သည် ငါ့အား ၎င်းကိုယ်တိုင် မသတ်နိုင်သဖြင့် ဘီလူးအစားခံ၍ အသက်ဆုံးလေအောင် ရေကန်သို့ လွှတ်လိုက်ခြင်းဖြစ်၏။ ကိစ္စမရှိ။ ရေကန်တွင်းသို့ မဆင်းသက်ဘဲနှင့် ကြာပန်းတို့ကို ငါရအောင်ယူမည်"

ဟူ၍ ကြံစည်ကာ ခြေလက်တို့ကို ရေနှင့် မထိစေဘဲ ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းကို အပြန်ပြန်အလှန်လှန် ကူးရင်းမှ အလိုရှိသောကြာပန်းတို့ကို ဆွတ်ယူပြီး စည်းနှောင်ယူသွားခဲ့လေ၏။ ထိုအခါ ရေကန်စောင့်ဘီလူးသည်...

"ငါသည်၊ ဤရွှေ့ဤမျှ ကြာအောင် နေထိုင်ခဲ့သည့် ကာလတစ်လျှောက် ဤမျှအံ့ဖွယ်သူရဲ ထူးကဲလှစွာသော ပညာရှိကို မမြင်ဖူးခဲ့။ ငါ အာဏာလွှမ်းမိုးရာ ရေပိုင်နက်အတွင်း မသက်ဆင်းဘဲ ကြာပန်းတို့ ခူးဆွတ်သွားခဲ့သည်မှာ ချီးကျူးဖွယ်ကောင်းလှချေတကား"

ဟု ကောက်ချက်ချပြီ၊ ရေကန်မှတက်လာသော မျောက်သားငယ်ထံ ချဉ်းကပ်လေ၏။ ထို့နောက်...

"အသင်မျောက်၊ လောက၌ လိမ္မာခြင်း၊ ရဲရင့်ခြင်း၊ အသိဉာဏ်ပညာကြီးမားခြင်း စသည့် တရားသုံးပါးကို ပိုင်ဆိုင်သူသည်သာလျှင် တစ်ဖက်ရန်သူကို အနိုင်ရစမြဲဖြစ်၏။ အသင်မျောက်မှာ အဆိုပါတရားသုံးပါးကို ပိုင်ဆိုင်သူဖြစ်၍ ကျွန်ုပ်အပေါ်၌ အောင်မြင်မှုရခဲ့ပေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပြောဆိုချီးမွမ်းပြီး ကြာပန်းဆွတ်ခူးရခြင်း၏အကြောင်းရင်းကို မေးမြန်းစုံစမ်းလေတော့၏။ အကြောင်းစုံ သိလေသောအခါ...

"အသင်လို မင်းဖြစ်မည့်သူအား ကျွန်ုပ်ကိုယ်တိုင်
ကြာပန်းများ ကိုင်ဆောင်ကာ ပို့ဆောင်ပေးပါမည်"

ဟုဆိုကာ မျောက်သားငယ်အား မျောက်မင်းထံသို့ လိုက်လံပို့ဆောင်ပေးလေ၏။ မျောက်မင်းလည်း အဆိုပါ မြင်ကွင်းအားမြင်ရလေသော်...

"ငါကား၊ သင်းကို သေစေလို၍ ဘီလူးတို့ အစားခံရရန် လွှတ်လိုက်ပေ၏။ သို့ရာတွင် ဘီလူးအစား မခံရသည့်အပြင် ဘီလူးကိုယ်တိုင်မှ ၎င်းအား ဆရာအဖြစ်တင်မြှောက်ကာ တပည့်အနေဖြင့် ကိုယ်တိုင်လိုက်၍ ပို့ချေပြီ။ သို့ဖြစ်ပေရာ ငါသည် မကြာခင်ကာလအတွင်း ပျက်စီးရပေတော့မည်တကား"

ဟူ၍ သောကမီးများ တောက်လောင်ကာ နှလုံးကွဲ၍ သေဆုံးရလေတော့၏။ ထိုအခါ မျောက်အပေါင်းတို့လည်း ခေါင်းဆောင်တို့၏ လက္ခဏာနှင့် ပြည့်စုံသော ခွန်အားဗလကြီးမားသော ဉာဏ်ပညာထက်မြက်သော မျောက်သားငယ်အား မျောက်မင်းအဖြစ် တင်မြှောက်လိုက်လေလေတော့သတည်း။

* * *

ဤသို့ မြတ်စွာဘုရားရှင်သည် အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့၊ ထိုအခါက မျောက်မင်းသည် ယခုအခါ၌ ဒေဝဒတ်ဖြစ်လာ၏။ ထိုအခါက မျောက်သားငယ်သည် ယခုအခါ ငါဘုရားရှင်ဖြစ်လာ၏။"

ဟု မိန့်တော်မူကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❏ ❏ ❏

www.burmeseclassic.com

www.burmeseclassic.com

# ၅၉။ ဘေရိဝါဒကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၅၉]

# ဘေရိဝါဒကဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်း၏ ဆရာအရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်မည်သောကျောင်းတော်၌ သီတင်းသုံး စမ့်ယ်စဉ်အခါက ဆိုဆုံးမ ခက်ခဲသော ရဟန်းတော်တစ်ပါး ရှိလေ၏။ သီတင်းသုံးဖော် ရဟန်းတို့က ထိုရဟန်းအား ဘုရားရှင်ထံမှောက်သို့ ခေါ်ဆောင်လာကြသော အခါ ဘုရားရှင်လည်း...

"ရဟန်းတို့၊ ငါဘုရားရှင်ထံမှောက် သင်တို့ပို့ဆောင်လာသော ရဟန်းသည် ယခုမှသာလျှင် ဆိုဆုံးမရ ခက်ခဲသည်မဟုတ်သေး။ ရှေးယခင်ကလည်း ဆိုဆုံးမရ ခက်ခဲသည်သာပင်"

ဟု မိန့်ကာ အတိတ်ဇာတ်ကို ဆောင်တော်မူပါသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်ကဖြစ်၏။ ရွာငယ်ဇနပုဒ်တစ်ခုတွင် အခစားဖြင့် စည်တီးလျက် အသက်မွေးဝမ်းကြောင်း ပြုရသော သားအဖနှစ်ဦး ရှိလေ၏။

အခါတစ်ပါး၌ ဗာရာဏသီပြည်တွင် နက္ခတ်ပွဲသဘင်ကို ဆင်ယင်ကျင်းပကြလေ၏။ ဖခင်စည်တီးသမားက အဆိုပါပွဲသဘင်သို့ သွားရောက်၍ စည်တီးကာ အခကြေးငွေများရအောင် ကြံဆောင်မည်ဟု စိတ်အကြံရလေ၏။ ထို့နောက် သားကိုခေါ်ကာ ရွာမှ ထွက်လာခဲ့ပြီး ဗာရာဏသီရှိ နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပရာသို့ ရောက်လေသော် စည်ကိုတီးကြ၏။ ၎င်းတို့၏ စည်တီးသံကို နှစ်သက်ကြသဖြင့် ပရိသတ်အပေါင်းအား ငွေကြေးဆုလာဘ်များ ချီးမြှင့်ကြလေ၏။

နက္ခတ်ပွဲသဘင်ကြီး ဆင်ယင်ကျင်းပ ပြီးလေသောအခါ သားအဖနှစ်ဦးလည်း ဆုလာဘ်ဥစ္စာငွေကြေးတို့ကို ထုပ်ပိုး၍ ဇနပုဒ်ရှိရာသို့ ပြန်လာကြလေ၏။ ရွာငယ်ဇနပုဒ်သို့ မရောက်ခင် တောအုပ်တစ်ခုကို ဖြတ်သန်းရ၏။ ထိုတောအုပ်ကား သူခိုးဓားပြတို့ ပုန်းလျှိုးခိုအောင်းသည့်တောအုပ် ဖြစ်လေရာ သားဖြစ်သူက စည်တီး၍သွားလျှင် မင်းကြီး၏စည်အဖြစ် မှတ်ယူလျက် သူခိုးဓားပြတို့ တိမ်းရှောင်သွားမည်ဖြစ်ကြောင်း ပြောဆို၍ တောအုပ်အတွင်း ဝင်သည်နှင့် စည်ကို အဆက်မပြတ် တီးလာခဲ့လေ၏။ ထိုအခါ ဖခင်စည်တီးသမားက...

www.burmeseclassic.com

www.burmeseclassic.com



"အမောင်၊ စည်ကို အဆက်မပြတ် မတီးပါနှင့်။ တိုင်းခန်း လှည့်လည်သော မင်းကြီး၏ စည်ပမာ ရံဖန်ရံခါမှသာ တီးပါလော့"

ဟု ပြောဆိုဆုံးမ တားမြစ်လေ၏။

သို့ရာတွင် သားဖြစ်သူမှာ ဖခင်၏ပြောဆိုဆုံးမ တားမြစ်မှုကို မနာယူဘဲ တီးကောင်းကောင်းနှင့် စည်အား အဆက်မပြတ် တီးနက်လာခဲ့လေ၏။ ကနဦး၌ စည်သံကြားရသော သူခိုးဓားပြတို့သည် မင်းကြီး တိုင်းခန်းလှည့်လည်လာသည်ဟူသော အမှတ်ဖြင့် ကြောက်ရွံ့ထိတ်လန့်ကာ ထွက်ပြေးပုန်းရှောင်ခဲ့ကြ၏။ သို့ရာတွင် စည်တီးသံမှာ ရံဖန်ရံခါမဟုတ်ဘဲ အဆက်မပြတ် တီးနက်နေသည့်အတွက် မင်းကြီး၏ စည်မဟုတ်မှန်း သဘောပေါက်လာကြ၏။ ထို့ကြောင့် ခိုးသားဓားပြတို့ စုရုံးပြီး စည်တီးရာအရပ်ကို လိုက်လံချောင်းမြောင်းလေသော ငွေစကြေးစများ ရှင်လာသော သားအဖနှစ်ဦးကို တွေ့မြင်ရပြီး သားအဖအား ရိုက်နှက်ကာ ငွေစကြေးစများကို ယူငင်လုယက်ကြလေ၏။ ထိုအခါ ဖခင်စည်တီးသမားလည်း

"ဟယ်...သားမိုက်၊ နင်သည် ငါ့စကားကို နားမထောင်။ လမ်းသွားရင်း မင်းကြီး၏စည်နှင့်တူအောင် ရံဖန်ရံခါသာ တီးပါဟု ဆုံးမထားပါလျက် ဆုံးမသည်ကို မနာယူဘဲ ဆက်ကာဆက်ကာ တီးခဲ့လေသည့်အတွက် ငါတို့ ဆင်းရဲပင်ပန်းစွာ ရှာဖွေစုဆောင်းခဲ့ရလေသော ဥစ္စာငွေကြေးများ ဆုံးရှုံးရလေပြီတကား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆို ညည်းတွားလေတော့သတည်း။

* * *

ဤသို့ ဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထု တို့ကို အနုသန္ဓေဆက်စပ်လျက်…

"ရဟန်းတို့၊ ထိုစဉ်က သားငယ် စည်တီးသမားသည် ယခုအခါ ဆိုဆုံးမရခက်ခဲသောရဟန်း ဖြစ်လာပြီး ဖခင် စည်တီးသမားမှာမူ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဆိုမိန့်ကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## ၆၀။ သင်္ခမှုတ်



www.burmeseclassic.com

www.burmeseclassic.com

[၆၀]

# သခ်ိမ္မဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဘုရားရှင်၏ သာသနာတော်၌ ဆိုဆုံးမရခက်ခဲသော ရဟန်းတစ်ပါးရှိလေ၏။ [illegible] သီတင်းသုံးဖော် ရဟန်းတို့သည် ဘုရားရှင်ထံမှောက်သို့ ဆိုဆုံးမရ ခက်ခဲသော ရဟန်းကို ခေါ်ဆောင်လာခဲ့၏။ ဤတွင် ဘုရားရှင်က

"ရဟန်းတို့၊ သင်တို့ခေါ်ဆောင်လာသော ရဟန်းသည် ယခုအခါ၌သာ ဆိုဆုံးမရ ခက်ခဲသည် မဟုတ်သေး။ ရှေးယခင်ကလည်း ဆိုဆုံးမရခက်ခဲ၍ ဒုက္ခကြီးစွာ ရောက်ခဲ့ရဖူးလေပြီ"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွန်လေပြီးသော ရှေးကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် တစ်ခုသော ရွာငယ်ဇနပုဒ်၌ ခရုသင်းမှုတ်၍ အသက်မွေးဝမ်းကြောင်းပြုရသော သားအဖနှစ်ဦးရှိလေ၏။

တစ်နေ့သ၌ ဗာရာဏသီပြည်တွင် နက္ခတ်သဘင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပနေစဉ် သားဖြစ်သူသည် ထိုပွဲသို့သွား၍ ခရုသင်းမှုတ်ပြီး အခကြေးငွေရအောင်ရှာဖွေသော် ကောင်းမည်ဟု အကြံရလျှက် ဖခင်ကို ၎င်းနှင့်အတူ ခေါ်ဆောင်သွားလေ၏။ ဗာရာဏသီပြည်၏ နက္ခတ်သဘင်ပွဲ၌ ခရုသင်းမှုတ်လေသော အခါ နက္ခတ်ပွဲလာ လူ သတ်အပေါင်း နှစ်ထောင်းအာရ ဖြစ်ကြပြီး ဆုလာဘ်ငွေကြေးများ ချကြလေ၏။

နက္ခတ်ပွဲသဘင်ကြီး ဆင်ယင်ကျင်းပပြီးလေသောအခါ သားအဖနှစ်ဦးလည်း ဆုလာဘ်ငွေကြေး ဥစ္စာတို့ကို ထုပ်ပိုး၍ ဇနပုဒ်ရှိရာသို့ ပြန်လာကြလေ၏။ ရွာငယ်ဇနပုဒ်သို့ မရောက်ခင် တောအုပ်တစ်ခုကို ဖြတ်သန်းရ၏။ ထိုတောအုပ်ကား ခိုးသားဓားပြတို့ ပုန်းလျှိုးခိုအောင်းသည့် ပေါအုပ်ဖြစ်လေရာ ဖခင်ဖြစ်သူက ခရုသင်းကိုမှုတ်၍ သွားလျှင် မင်းကြီး၏ခရုသင်းမှုတ်ကာ ခိုးသားဓားပြတို့ ကြောက်ရွံ့ထိတ်လန့်ပြီး တိမ်းရှောင်သွားမည်ဖြစ်ကြောင်း ပြောဆို၍ တောအုပ်အတွင်းဝင်သည်နှင့် ခရုသင်းကို အဆက်မပြတ် မှုတ်လေတော့၏။ ဤတွင် သားငယ်က–

www.burmeseclassic.com

www.burmeseclassic.com



"ဖခင်၊ ခရုသင်းကို အဆက်မပြတ် မမှုတ်ပါနှင့်။ တိုင်းခန်းလှည့်လည်လာသော မင်းကြီး၏ခရုသင်းပမာ ရံဖန်ရံခါမှသာ မှုတ်ပါလော့"ဟု တားမြစ်လေ၏။

သို့ရာတွင် ဖခင်ဖြစ်သူမှာ သား၏ ပြောဆိုတားမြစ်မှုကို မနာယူဘဲ မှုတ်ကောင်းကောင်းနှင့် ခရုသင်းအား အဆက်မပြတ် မှုတ်လာခဲ့၏။ ကနဦး၌ ခရုသင်းမှုတ်သံကြားရသော ခိုးသားဓားပြတို့သည် မင်းကြီးတိုင်းခန်းလှည့်လည်လာသည်ဟူသော အမှတ်ဖြင့် ကြောက်ရွံ့ထိတ်လန့်ကာ ထွက်ပြေးပုန်းရှောင်ခဲ့ကြ၏။ သို့ရာတွင် ခရုသင်းမှုတ်သံမှာ ရံဖန်ရံခါမဟုတ်ဘဲ အဆက်မပြတ် ထွက်ပေါ်နေသည့်အတွက် သင်္ကာမကင်း ဖြစ်လာပြီး အသံထွက်ပေါ်ရာနောက် လိုက်လံစုံစမ်းလိုက်သောအခါ သားအဖနှစ်ဦးကိုသာ တွေ့ရလေ၏။ ဤ၌သားအဖကို ရိုက်နှက်၍ ပါလာသော ငွေစကြေးစများကို ယူငင်လုယက်လိုက်ကြလေ၏။ ထိုအခါ သားဖြစ်သူက-

"အို...ဖခင်၊ ဖခင်သည် ကျွန်ုပ်၏စကားကို နားမထောင်။ လမ်းသွားရင်း မင်းကြီး၏ ခရုသင်းသံနှင့် တူအောင် ရံဖန်ရံခါမှသာ မှုတ်ပါဟု တားမြစ်ခဲ့ပါလျက် မနာယူဘဲ အဆက်မပြတ် မှုတ်လေသည့်အတွက် ကျွန်ုပ်တို့ ဆင်းရဲပင်ပန်းစွာ ရှာဖွေခဲ့ရသော ငွေကြေးဥစ္စာတို့ ဆုံးရှုံးရလေပြီတကား"

ဟုပြောဆို ညည်းတွားကာ ရွာသို့ ပြန်လာခဲ့ကြလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်လျက်

"ရဟန်းတို့၊ ထိုစဉ်က ခရုသင်း အဆက်မှုတ်သော ဖခင်သည် ယခုအခါ၌ ဆိုဆုံးမရခက်ခဲသော ရဟန်းဖြစ်လာ၏။ ပခင်အား တားမြစ်သော သားငယ်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဆိုမိန့်ကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

၆၀။ အသောတမန္တဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# ဣတ္ထိဝဂ်

## [၆၁]

## အသာတမန္တဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် မိန်းမတစ်ယောက်ကို အကြောင်းပြု၍ ရဟန်းတစ်ပါးသည် လူထွက်လိုစိတ်ဖြစ်ပေါ်လျက်ရှိ၏။ သည့်အတွက် အတူနေရဟန်းတို့က ထိုရဟန်းအား ဘုရားရှင်ထံမှောက်သို့ ခေါ်ဆောင်လာခဲ့ကြ၏။ ထိုရဟန်းလည်း ဘုရားရှင်ထံမှောက် ရောက်လေသော် ဘုရားရှင်က...

"ချစ်သားရဟန်း၊ မိန်းမတို့မည်သည် ဆင်းရဲဒုက္ခအမျိုးမျိုးကို ပေးတတ်ချေ၏။ တစ်ဖန် ယုတ်မာတတ်သော သဘောလည်းရှိ၏။ သင်သည် အဘယ့်ကြောင့် ဤမိန်းမ

www.burmeseclassic.com

www.burmeseclassic.com



ကို အကြောင်းပြု၍ ငါဘုရားရှင်၏ သာသနာတော်မှ ထွက်လိုရသနည်း”

ဟု မိန့်ကာ အတိတ်ဇာတ်ကို ဆောင်တော်မူပါသတည်း။

* * *

လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ဂန္ဓာရတိုင်း၊ တက္ကသိုလ်ပြည်ဝယ် ဗေဒင်သုံးပုံနှင့်တကွ၊ အတတ်ပညာအလုံးစုံကို တစ်ဖက်ကမ်းခတ်တတ်မြောက်သော ဒိသာပါမောက္ခဆရာကြီးတစ်ဦး ရှိလေ၏။

တစ်နေ့သ၌ ဗာရာဏသီပြည်ရှိ ပုဏ္ဏားမျိုး၌သားယောကျာ်းလေးတစ်ဦး ဖွားမြင်လေ၏။ ထိုနေ့တစ်နေ့လုံး မီးကို မငြိမ်းအောင် ထွန်းညှိထားလေ၏။ မိခင်ဖြစ်သူသည် သားငယ်တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လေသောအခါ–

“ချစ်သား၊ မိခင်တို့သည် ချစ်သားကို ဖွားမြင်သောနေ့၌ မီးကို ယူထားခဲ့ကြ၏။ ချစ်သားသည် ဗြဟ္မာပြည်ကို သွားလိုလျှင် ဤမီးကိုယူကာ တောထွက်ပြီး မီးကို ရှိခိုးလုပ်ကျွေးပါ။ သို့တည်းမဟုတ်။ အိမ်ရာတည်ထောင်လိုပါက တက္ကသိုလ်ပြည်သို့သွား၍ ပညာသင်ကြားပြီး ပစ္စည်းဥစ္စာတို့ကို ရှာဖွေစုဆောင်းပါလော့”

ဟူ၍ ပြောကြားလေ၏။ ပုဏ္ဏားလုလင်လည်း “ငါသည် တောထွက်၍ မီးကိုလုပ်ကျွေးခြင်းအမှုအား မပြုနိုင်။ ပစ္စည်းဥစ္စာတို့ကိုသာ ရှာဖွေစုဆောင်းတော့မည်”ဟု ကြံစည်လျက်–

www.burmeseclassic.com

www.burmeseclassic.com



"အို...မိခင်၊ ကျွန်ုပ်ကား မီးကို မလုပ်ကျွေးနိုင်ပါ။ ပစ္စည်း ဥစ္စာတို့ကိုသာ ရှာဖွေစုဆောင်းလိုပါ၏"

ဟူ၍ ပြောဆိုပြီး ဆရာဖြစ်သူအား ကန်တော့ရန် အသပြာ တစ်ထောင်ကို ယူခဲ့၏။ ထို့နောက် တက္ကသိုလ်ပြည်သို့သွားကာ ဒိသာပါမောက္ခဆရာကြီးထံ၌ အတတ်ပညာများကို သင်ကြား ခဲ့လေသည်။ သတ်မှတ်ထားသောကာလနှင့်အညီ အတတ်ပညာ များ ပြည့်စုံလေသောအခါ ပုဏ္ဏားလုလင်လည်း ဆရာကြီးအား ကန်တော့လျက် မိဘရပ်ထံသို့ ပြန်လာခဲ့လေ၏။

ပုဏ္ဏားလုလင်၏ အမိအဖတို့ကား သားဖြစ်သူအား အိမ် ထောင်ပြုခြင်းကို အလိုမရှိကြပေ။ မီးကိုသာ ရှိခိုးပူဇော် လုပ်ကျွေး စေလို၏။ ထိုအခါ မိခင်လည်း မိန်းမတို့၏ အပြစ်ကို ပြောဆို၍ သားဖြစ်သူအား တောထွက်စေရန် ကြံစည်ပြီး

"ချစ်သား... အတတ်ပညာများ ပြည့်စုံပါပြီလော"

"မိခင်... ကျွန်ုပ်၌ အတတ်ပညာများ ပြည့်စုံပါပြီ"

"ချစ်သား၊ သို့ဆိုပါက အသာတမန္တန်ကို သင်ခဲ့ပြီး ပါပြီလော"

"မခင်ခဲ့ရသေးပါ မိခင်"

"အို ချစ်သား၊ အသာတမန္တန်ကိုမှု မတတ်လျှင် ပညာပြည့်စုံသည် မမည်။ သည့်အတွက် တစ်ဖန်ပြန်၍ သင်ပါချေဦး"

ဟု ပြောဆို စေလွှတ်သည့် အတွက် ပုဏ္ဏားလုလင်လည်း တက္ကသိုလ်ပြည်ရှိ ဒိသာပါမောက္ခဆရာကြီးထံ အသာတမန္တန်ကို

www.burmeseclassic.com

www.burmeseclassic.com



သင်ကြားရန် သွားခဲ့လေ၏။ ထိုအချိန်ဝယ် ဒိသာပါမောက္ခဆရာကြီးသည် အသက်တစ်ရာ့နှစ်ဆယ်ရှိ မိခင်အိုကြီးကို လုပ်ကျွေးနေရာ၊ တပည့်များက ရှုံ့ရှာစက်ဆုပ်ကြလေ၏။ သည့်အတွက် တပည့်များ၏ အကဲရဲ့လွတ်စေရန် ဆရာကြီးလည်း မိခင်အိုကြီးအား တောအရပ်တစ်နေရာသို့ သယ်ဆောင်၍ အရိပ်၊ ရေတို့ပြည့်စုံသောနေရာ၌ သစ်ရွက်တဲကလေးဆောက်ကာ လုပ်ကျွေးပြုစုလေ၏။

ဆရာကြီးလည်း ၎င်းထံ ပြန်ရောက်လာသောတပည့် ဖြစ်သူပုဏ္ဏားလုလင်ကို မြင်လျှင်...

"အမောင်၊ အဘယ့်ကြောင့် ငါ့ထံသို့ ပြန်လာရသနည်း"

"အသာတမန္တန်ကို မသင်ရသေးသည့်အတွက် ပြန်လာရခြင်းဖြစ်ကြောင်းပါဆရာ"

"အမောင်၊ သင့်အား အသာတမန္တန်ကို သင်ရမည်ဟု အဘယ်သူ ပြောကြားလိုက်လေသနည်း"

"အကျွန်ုပ်၏ မိခင်က ပြောကြားပါသည် ဆရာကြီး"

ဤသို့ ဆရာကြီးလည်း တပည့်ဖြစ်သူ၏မိခင်သည် မိန်းမတို့ကို အပြစ်ကို သိစေနိုင်ခြင်းငှာ ခိုင်းလိုက်ခြင်း ဖြစ်လိမ့်မည်ဟု သဘောပေါက်လိုက်သည်။ ထိုအခါ...

"ကောင်းပြီ၊ ငါ့တပည့်၊ သင့်အား အသာတမန္တန်ကို ကျွမ်းကျင်စွာ တတ်မြောက်ရန် ငါသင်ကြားပေးပါမည်။ ငါ၏ ကိုယ်စား ငါ့မိခင်ကြီးကို လုပ်ကျွေးပါလော့"

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ လုပ်ကျွေးပုံ အခြင်းအရာကိုလည်း လစ်ဟာမှု မရှိရလေအောင် သင်ကြားပေးလေ၏။

"ငါ့တပည့်၊ သင်သည် ငါ၏မိခင်အိုကြီးအား သင်၏ လက်ဖြင့် ညင်သာစွာ ပွတ်သပ်၍ ရေချိုးပေးပါ။ အစားအသောက်ကို ဂရုစိုက်၍ ကျွေးပါ။ လက်, ခြေ, ဦးခေါင်း, ကျော စသည်တို့ကို နင်းနှိပ်ဆုပ်နယ်ပေးပါ။ ထိုသို့ နင်းနှိပ်ဆုပ်နယ်ပေးစဉ်–

"အဘွား၊ အဘွားသည် ဤရွေ့ဤမျှ အသက်သို့ ရောက်နေပါလျက် မျက်စိ, နား, နှာ, အင်္ဂါခြေလက်တို့မှာ နုးညံ့ပြေပြစ်လှပေသေး၏။ နုပျိုစဉ်အခါတုန်းကဆိုလျှင် အဘယ်၍ အဘယ်မျှ လှပကြည့်ကောင်းလိမ့်မည်နည်း" အစရှိသဖြင့် ပြောဆိုချီးမွမ်းပေးပါ။ မြှောက်ပင့်ပေးပါ။ ဤတွင် မိခင်အိုကြီးက ပြန်ပြောသည့် စကားများကိုလည်း သိုဝှက်မထားဘဲ ငါ့အား ပြန်ပြောပါလော့"

ဟူ၍ သေချာစွာ မှာကြားဆုံးမပြီး ၎င်း၏မိခင်အိုကြီးအား လုပ်ကျွေးစေလေ၏။ ပုဏ္ဏားလုလင်လည်း ဆရာကြီးမှာကြားသည့်အတိုင်း ဆရာကြီး၏ မိခင်အိုကြီးအား မရွံမရှာ၊ ယုယုယယ ပြုစုလုပ်ကိုင်ကျွေးမွေးလေ၏။ ပြုစုလုပ်ကိုင်ကျွေးမွေးသောအခါတိုင်း၌လည်း မိခင်အိုကြီး၏ အလှအပ၊ ဂုဏ်ကျေးဇူးအသွယ်သွယ်တို့အား အဆက်မပြတ် ပြောဆို ချီးမွမ်းလေ၏။ ထိုအခါ မျက်စိနှစ်ကွင်း အလင်းမရဘဲ အသက်တစ်ရာ့နှစ်ဆယ်ရှိပြီး အားအင်လျော့ပါးကာ အရိုးအပြိုင်းပြိုင်း ဖြစ်နေသော မိခင်အိုကြီးမှာ

www.burmeseclassic.com

www.burmeseclassic.com



ပကတိအခြေအနေမှန်ကို မေ့လျော့ပြီး ကိုယ်တွင်းရှိ အနုသယ ကိလေသာတို့သည် ထကြွနိုးကြားလာ၏။ အခွင့်ကောင်းရလျှင် ရသလို ပျိုမျစ်နုနယ်သော ပုဏ္ဏားလုလင်နှင့် မွေ့လျော်ပျော်ပါး လိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာကာ မျိုသိပ်ထိန်းသိမ်း၍ပင် မရတော့။ ထို့ကြောင့် ပုဏ္ဏားလုလင်အား ပွင့်လင်းစွာ မေးမြန်း လေတော့၏။

"အမောင်၊ သင်သည် ငါနှင့် မွေ့လျော်ပျော်ပါးလိုပါ သလော"

"မှန်ပါ၏၊ အဘွားနှင့် မွေ့လျော်ပျော်ပါးလိုပါ၏။ သို့ရာတွင် ဆရာကြီးအား ကြောက်ရွံ့ထိတ်လန့်ရပါ၏။"

"အမောင်၊ သည့်အတွက် ဘာမျှ မပူပါနှင့်။ ငါ့ကို အလိုရှိပြီး ငါနှင့်ပျော်ပါးလိုပါလျှင် သင်၏ဆရာဖြစ်သော ငါ့သားကို သတ်ပစ်ပါလော့"

"အဘွား၊ ဆရာ၏ကျေးဇူးကား အကျွန်ုပ်အပေါ်၌ များပြားလှပါ၏။ သည့်အတွက် စိတ်အလိုလိုက်ပြီး ဆရာ့ အား သတ်ဖို့ရာ မလုပ်ဆောင်ရဲပါ"

"အမောင်၊ သင်သည် ငါ့အား စွန့်ပစ်၍ မသွားဘူး ဆိုပါက ငါ၏သားကို ငါကိုယ်တိုင် သတ်ပစ်မည်"

မိခင်အိုကြီး ပြောဆိုခဲ့သော စကားများကို ပုဏ္ဏားလုလင် လည်း ဆရာကြီးထံ သွားရောက်၍ ကွယ်ဝှက်ခြင်းမရှိဘဲ ပြန် လည် ပြောကြားလေ၏။ ဆရာကြီးလည်း မိခင်၏အသက်အပိုင်း

www.burmeseclassic.com

www.burmeseclassic.com



အခြားကို ကြည့်လတ်သော် ယနေ့ပင် သေလိမ့်မည်ကို သိလေရကား–

"တပည့်...သင်ပြောသမျှ ဟုတ်မဟုတ်၊ ဘိကျူသေချာစွာ သိရလေအောင် ငါကိုယ်တိုင် စုံစမ်းမည်"

ဟု ဆို၍၊ ရေသဖန်းသားကို အရုပ်ထုလုပ်၏။ သူအိပ်နေကျနေရာတွင် စောင်ခြုံလျက် မိခင်အိုကြီးနေရာသို့ ကြိုးတန်းသွယ်ပြီးလျှင် ပုဆိန်တစ်လက်ယူကာ တပည့်အား...

"မိခင်အိုကြီးအား အသတ်ခိုင်းချေလော့။"

ဟူ၍ ပြောဆိုမှာကြားပြီး သစ်သားရုပ်အနီး၌ နေလေ၏။ ပုဏ္ဏားလုလင်လည်း မိခင်အိုကြီးထံသွားကာ

"အဘွား၊ ကျွန်ုပ်နှင့် ပေါင်းသင်းနေထိုင်လိုပါက ဤပုဆိန်ကိုယူလာ အိပ်ပျော်နေသော အဘွား၏ သားအား ခုတ်ထစ်သတ်ဖြတ်ပါလော့။ အဘွား၏သား အိပ်ပျော်နေသောနေရာသို့ ကြိုးသွယ်တန်းထားပါ၏"

"အမောင်၊ ငါ့ကို စွန့်ပစ်သွားမှာလော"

"မစွန့်ပါ။ သေတစ်ပန် သက်တစ်ဆုံး အဘွားအားပေါင်းသင်းသွားပါမည်"

အဘွားအိုလည်း လုလင်နှင့် ပေါင်းရတော့မည်ဟူသောစိတ်ဖြင့် ဝမ်းသာအားရဖြစ်ကာ ပုဆိန်ကို မနိုင်မနင်း ဆွဲကိုင်၏။ တုန်တုန်ရီရီနှင့် ထ၏။ ကြိုးတန်းကို စမ်းကာ တရွေ့ရွေ့သွား၏။ ကြိုးတန်းဆုံးလေသော် သစ်သားရုပ်အား သားအမှတ်ဖြင့် စမ်းသပ်ပြီး လည်မျိုတည့်တည့်အား ပုဆိန်ဖြင့် ပေါက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါတွင် ဒုန်းခနဲ မြည်သဖြင့် သစ်သားရုပ်မှန်း သိသာသွားလေ၏။ ဤတွင် သားဖြစ်သူ ဒိသာပါမောက္ခဆရာကြီးသည် မိခင်အိုကြီးအား–

"အို…မိခင်။ ဘာသဘော ဘာရည်ရွယ်ချက်ဖြင့် ဤကဲ့သို့လုပ်ဆောင် ရလေသနည်း။"

ဟူ၍ မေးလေ၏။ ဤတွင် မိခင်အိုကြီးလည်း အသိတရား ဝင်လာပြီး–

"ဆရာတပည့်နှစ်ယောက် ပူးပေါင်းပြီး ငါ့ကို လှည့်စားကြပြီ"

ဟူ၍ ဆိုကာ အရှက်ကြီးရှက်ပြီး နေရာမှာပင် အရိုးကြိုးပြတ်လဲကျသွားပြီး အသက်ခန္ဓာ စဲသွားလေတော့၏။ ဤတွင် ဆရာကြီးလည်း မိခင်ကြီး၏အလောင်းအား ကောင်းမွန်စွာ သင်္ဂြိုဟ်လေ၏။ ကိစ္စဝိစ္စများ ပြီးလေသော် ဆရာကြီးက–

"အမောင်လုလင်၊ မိန်းမတို့၏သဘောကား ကိလေသာရာဂ စိတ်ဖြစ်လာလျှင်၊ အရွယ်ကိုလည်း ဂရုမထားနိုင်ကြပေ၏။ ကျေးဇူးတရားကိုလည်း မဆင်ခြင်နိုင်၊ မိမိတို့ ထင်ရာ, မြင်ရာကိုသာပြုလုပ်တတ်သည့်အတွက် ယုတ်မာသောသဘောရှိ၏။ ဆင်းရဲပူပန်မှု စိတ်သောကတို့ကိုလည်း ပေးတတ်၏။

"အမောင်…။ အသာတမန္တန်မှာ သီးခြားမရှိ။ မိန်းမတို့၏အပြစ်ကို သိစေလို၍ သင့်မိခင်က ခိုင်းစေလိုက်ခြင်းဖြစ်၏။ အမောင် ယခုပင် မျက်မြင်ဒိဋ္ဌမြင်ပြီ မဟုတ်လော"

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားလုလင်က မျက်မြင်ဒိဋ္ဌမြင်ပါကြောင်း လျှောက်တင်သောအခါ ဆရာကြီးလည်း မိဘရပ်ထံသို့ ပြန်ခိုင်းလေတော့၏။ ပုဏ္ဏားလုလင်လည်း မိဘရပ်ထံသို့ ပြန်လေ၏။ ပြန်ရောက်လျှင် မိခင်က–

"ချစ်သား၊ အသာတာမန္တန်ကို သင်ခဲ့ပြီးပြီလော"

"သင်ခဲ့ပြီးပါပြီ မိခင်"

"သို့ဆိုလျှင် ချစ်သား ယခု ဘာလုပ်မည်နည်း"

"အို မိခင်။ ကျွန်ုပ်သည် မိန်းမတို့၏အပြစ်ကို ကိုယ်တိုင် ကိုယ်ကျ မြင်တွေ့ခဲ့ရပါပြီ။ လူ့ဘောင်၌ အိမ်ရာထောင်၍ ပစ္စည်းဥစ္စာတို့ကို မရှာဖွေလိုတော့ပါ။ ရဟန်းပြုလျက် တောသို့ထွက်ကာ မီးကိုပဲ လုပ်ကျွေးပါတော့မည်" ထိုသို့ ပြောဆိုရင်းမှပင် ဆက်လက်၍–

"အို မိခင်၊ လောက၌ မိန်းမတို့ကား ဆင်းရဲကိုသာ ပေးတတ်ကြပါကုန်၏။ ယုတ်မာသော သဘောလည်း ရှိကုန်၏။ စည်းကမ်းလည်း မရှိကြပါကုန်။ ထို့အတူ ကိုယ်, နှုတ်, နှလုံးကိုလည်း မစောင့်စည်းကြကုန်။ မီးသည် မည်သည့်အရာဝတ္ထုကိုမဆို လောင်ကျွမ်းသကဲ့သို့ မိန်းမတို့မှာလည်း တွေ့သောသူတိုင်း၊ တွေ့သောသူတိုင်းကို မှီဝဲတတ်ကြကုန်၏။

သို့ဖြစ်၍ အကျွန်ုပ်အဖို့ အိမ်ထောင်မပြုတော့ပါ။ တောထွက်၍ ရဟန်းပြုလျက် တရားဓမ္မတို့ကို ပွားများ အားထုတ်ပါမည်။ ဘဝအဆုံး၌ ဗြဟ္မာပြည်သို့ လားပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ မိန်းမတို့၏ အပြစ်တို့အား ကဲ့ရဲ့ရှုတ်ချ၏။ မိဘတို့အား ရှိသေစွာ ရှိခိုးခွင့်ပန်၏။ မိဘတို့ကလည်း ခွင့်ပေး၏။ ထို့နောက် တောထွက်ကာ ရသေ့ရဟန်းပြုပြီး သင့်လျော်အပ်စပ်ရာ တရားဓမ္မများကို ပွားများအားထုတ်သည်ရှိလေသော် သေသည်၏အခြားမဲ့၌ ဗြဟ္မာပြည်သို့ လားရလေသတည်း။

အဆိုပါ ဒေသနာတော်အဆုံး၌ သာသနာတော်မှ လူထွက် လိုသော ရဟန်းလည်း သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ပါလေ၏။

ဤသို့ ဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန်, နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်

"ရဟန်းတို့၊ ထိုစဉ်အခါက ပုဏ္ဏားလုလင်၏ မိခင်သည် ယခုအခါ ဘဒ္ဒကာပိလာနီဖြစ်၍ လာ၏။ ပုဏ္ဏားလုလင်၏ ဖခင်သည် မဟာကဿပဖြစ်လာ၏။ ပုဏ္ဏားလုလင်ငယ်မှာ အာနန္ဒာဖြစ်လာ၏။ ဒိသာပါမောက္ခ ဆရာကြီးမှာမူ ငါဘုရားရှင် ဖြစ်လာ၏။

ဟူ၍ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၆၂ ။ အဏ္ဍဘူတဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၆၂]

# အလ္လာဘူတဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော ဂေါတမ ဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က မိန်းမဖြစ်သူကို အကြောင်းပြု၍ လူထွက်လို သောရဟန်းတစ်ပါးရှိလေ၏။ တစ်နေ့သ၌ သီတင်းသုံးဖော် ရဟန်းတို့က ထိုရဟန်းအား ဘုရားရှင်ထံမှောက်သို့ ခေါ်ဆောင် လာကြ၏။ မြတ်စွာဘုရားရှင်လည်း အဆိုပါရဟန်းအား

"ချစ်သားရဟန်း၊ မိန်းမတို့မည်သည် အမိဝမ်းခေါင်း အတွင်းအောင်းသည်မှစ၍ စောင့်ရှောက်ထားပါသော်ငြား မစောင့်ရှောက်နိုင်ကြောင်း"

မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်ပါလေသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ထိုမင်းကြီး၏မိဖုရားမှ သားတော်တစ်ပါး ထွန်းကားလေ၏။ ထိုသားတော်လေးမှာ အရွယ်ရောက်လေသော် အတတ်ပညာတို့ကို သင်ကြားတတ်မြောက်လေ၏။ ထိုစဉ် ဖခမည်းတော်မင်းကြီး နတ်ရွာစံလေသောအခါ ဗာရာဏသီပြည်၏ ထီးနန်းကို စိုးစံ ရလေ၏။

ဗာရာဏသီမင်းသည် ၎င်း၏ပုရောဟိတ်ပုဏ္ဏားကြီးနှင့် အမြဲလိုပင် ကြွေအန်ကစားလေ့ရှိ၏။ ကြွေအန်ကစားသည့်အခါတိုင်း ဗာရာဏသီမင်းက–

"မြစ်ဟူသမျှသည် ကောက်ကွေ့စမြဲဖြစ်၏။ တောဟူသမျှမှာလည်း ထင်းချည်းသာဖြစ်၏။ မိန်းမဟူသမျှကား ဆိတ်ကွယ်ရာသို့ ရောက်မူ မကောင်းမှုကိုသာ ပြုသည်သာ ဖြစ်၏"

ဟူ၍ သီချင်းဆိုပြီး ကြွေအန်ပစ်လေသော် မင်းကြီးသာ အနိုင်ရပြီး ပုရောဟိတ်မှာ ရှုံးမြဲရှုံးလေ၏။ ထိုအခါ ပုရောဟိတ်ဆရာကြီးလည်း–

"ငါကား မင်းကြီးနှင့် ကစားတိုင်း ရှုံးမြဲ ရှုံးလေ၏။ ထိုသို့သာ ရှုံးနေပါက ငါပိုင်ဆိုင်သော စည်းစိမ်ဥစ္စာမှန်သမျှ ပြုတ်ပြုတ်ပြုန်းပေရော့မည်။ မင်းကြီး၏ သီချင်းအဓိပ္ပာယ်များယွင်းသွားရလေအောင် သူငယ်မတစ်ယောက်အား မိခင်ဝမ်းကောင်းသည်မှစ၍ စောင့်ရှောက်မည်။ အရွယ်ရောက်က

[illegible] ထိတိုင်အောင် ငါသည် မင်းကြီးနှင့် ကြွေအန်မကစားသေး”

ဟူ၍ ဆုံးဖြတ်ကာ အင်္ဂဝိဇ္ဇာရပ်တွင် ကျွမ်းကျင်ပြီးဖြစ်ရကား သမီးမွေးမည့် သူဆင်းရဲမ ကိုယ်ဝန်ဆောင်အား ရှာဖွေပြီး အိမ်၌ဖေ ကျွေးမွေးထားလေ၏။ အချိန်တန်၍ သမီးငယ်ဖွားမြင်သောအခါ မိခင်ကို ကျေနပ်လောက်အောင် ဥစ္စာပစ္စည်းတို့ပေး၍ ပြန်လွှတ် လိုက်၏။ သမီးငယ်ကိုကား တစ်ပါးသောမည်သည့်ယောကျ်ား သားမျှ မမြင်ရစေဘဲ မိန်းမသားအလုပ်အကျွေးများဖြင့်သာ မွေးမြူစေခဲ့၏။ အချိန်တန်၍ အရွယ်ရောက်လာလေသောအခါ ထိုမိန်းမအား ၎င်း၏အလိုအကိုင်း မယားပြုလေ၏။ ထို့နောက် မင်းကြီးထံသို့ သွားရောက်၍–

“အရှင်မင်းကြီး၊ ကျွန်ုပ်တို့ ကြွေအန်ကစားကြပါအံ့”

ဟု ဆိုလေပြီးနောက် ကြွေအန်ကစားကြလေ၏။ ဤတွင် မင်းကြီးလည်း ၎င်းသီဆိုနေကျဖြစ်သော သီချင်းအား သီဆိုပြီး ကြွေအန်ကစားလေ၏။ ပုရောဟိတ်ပုဏ္ဏားကြီးက ၎င်းမွေးမြူ၍ မယားပြုထားသော “မာဏဝိ ပုဏ္ဏေးမ”ကို ချန်ထား၍ မိန်းမ ဟူသမျှ ဆိတ်ကွယ်ရာရမူ မကောင်းမှုကို ပြုသည်သာဖြစ်၏ ဟူသော သီချင်းကို သီဆိုပြီး ကစားလေ၏။ ဤတွင် ပုရော ဟိတ်ပုဏ္ဏားကြီး အနိုင်ရပြီး မင်းကြီးမှာမူ အရှုံးနှင့် ရင်ဆိုင်ရ လေ၏။ နောက်ရက်များတွင်လည်း ထိုနည်းလည်းကောင်း။

ဤတွင် မင်းကြီးလည်း–

www.burmeseclassic.com

www.burmeseclassic.com



"ငါ၏သီချင်းကား ရှေးယခင်ကကဲ့သို့ အစွမ်းမရှိ တော့ပြီ။ ပုဏ္ဏားကြီးနှင့် ကစားတိုင်း ငါပင်လျှင် အမြဲရှုံး နေ၏။ ဧကန္တ ပုဏ္ဏားကြီး၌ တိတ်တဆိတ် ကွယ်ဝှက်စောင့် ရှောက်ထားသော မယားရှိနေဟန် တူ၏။ ထိုမယား၏ အကျင့်သီလကို ပျက်ဆီးအံ့"

ဟူ၍ ကြံစည်ကာ သေသောက်ကြူးတစ်ဦးအား တိတ်တ ဆိတ် ခေါ်စေ၏။ ထို့နောက်

"အမောင်၊ သင့်အား ဥစ္စာငွေကြေးတို့ သုံးမကုန်နိုင် လောက်အောင် အမြောက်အမြား ငါပေးမည်။ သင်သည် ပုရောဟိတ်ပုဏ္ဏားကြီး၏ မယားအား အကျင့်သီလပျက် အောင် စွမ်းဆောင်နိုင်ပါမည်လော"

ဟူ၍ မေးလေ၏။ သေသောက်ကြူးက စွမ်းဆောင်နိုင် ကြောင်း ကတိပေးလေသော် မင်းကြီးလည်း ၎င်းအား ဥစ္စာငွေ ကြေးတို့ကို ပေး၍ အမှုတော်ကို ဆောင်ရွက်စေလေ၏။

သေသောက်ကြူးသည် ပုရောဟိတ်ပုဏ္ဏားကြီး၏ အိမ် ဂေဟာအနီးသို့သွား၍ ပန်းနံ့သာဈေး ခင်းကျင်း၏။ ပုရောဟိတ် ပုဏ္ဏားကြီး၏အိမ်မှာ ဘုံခုနစ်ဆင့်ရှိပြီး အဆင့်တိုင်း၌ အစောင့် အရှောက်များ ထားရှိ၏။ အစောင့်အရှောက်များမှာလည်း မိန်းမ များပင် ဖြစ်လေ၏။ မာဏဝိကာပုဏ္ဏေးမထံသို့ ဝင်ထွက်သွားလာ နိုင်သူကား အစေခံမိန်းမကြီး တစ်ဦးသာ ဖြစ်၏။ ထိုအစေခံ မိန်းမကြီးသည် ပုရောဟိတ်ပုဏ္ဏားကြီးထံမှ အခကြေးငွေတို့ကို ယူကာ ပန်းနံ့သာများဝယ်၍ ပုဏ္ဏေးမငယ်ထံနေ့စဉ် ပို့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အခွင့်ကောင်း၊ အခါကောင်းကို စောင့်စားနေသော သေသောက်ကြူးသည် အကြံထုတ်လျက် နေခဲ့ရာ၊ တစ်နေ့ အစေခံမကြီး ပန်းနံ့သာတို့ လာဝယ်စဉ်"

"မိခင်၊ သည်၍သည်မျှကြာအောင် သားကိုပစ်ပယ်ထား၍ အဘယ်သို့ ရောက်လေသနည်း။"

ဟုဆိုကာ ခြေကိုဖက်၍ ရှိုက်ကြီးတငင် ငိုကြွေးလေ၏။ ထိုအခါ မိန်းမကြီးလည်း နှလုံးသားနူးညံ့ရကား သေသောက်ကြူးအား သားအမှတ်အဖြစ် မေတ္တာသက်ဝင် ချစ်ခင်မိသွားလေ၏။ သေသောက်ကြူးကလည်း မိန်းမကြီးထံမှ ငွေကြေးမယူဘဲ ပန်းနံ့သာတို့ကို အလကားပေးလေ၏။ သည့်အတွက် အစေခံမိန်းမကြီးမှာ ပုဏ္ဏားကြီးထံမှ ငွေတို့အား သပိတ်ဝင် အိတ်ဝင်ရနေလေတော့၏။ သည်အကြောင်းကို ပုဏ္ဏေးမအား ပြန်ပြောပြလေသော် ပုဏ္ဏေးမကလည်း အစေခံ မိန်းမကြီးထံ၌ သားရှိသည်ဟု မှတ်ထင်ထားလိုက်၏။

သို့ဖြင့် နှစ်ရက်သုံးရက် လွန်လေသည်ရှိသော် သေသောက်ကြူးသည် အလွန်အမင်း စိတ်သောက ရောက်နေဟန် ပြုကာ

"အို...မိခင်၊ ကျွန်ုပ်သည် ပုဏ္ဏေးမလေး၏ အမည်နာမကို ကြားရရုံမျှနှင့် လွန်စွာမှ မေတ္တာသက်ဝင် ချစ်ခင်စိတ်များ ဖြစ်ပေါ်ခဲ့ပါ၏။ သူ့ကို မရလျှင်ဖြင့် သေရပါတော့မည်"

ဟူ၍ ပြောလေရာ မိန်းမကြီးလည်း-

"ချစ်သား၊ မစိုးရိမ်နှင့်။ မိခင်ရအောင် ဆောင်ကြဉ်းပေးပါမည်"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ကတိပေးပြီး၊ ပုဏ္ဏေးမလေးအား အကျိုးအကြောင်း ပြောပြလိုက်လေသည်။ ပုဏ္ဏေးမငယ်လည်း စိတ်လှုပ်ရှားကာ သူမထံရောက်အောင် ဆောင်ကြဉ်းလှည့်ပါဟူ၍ အဖြေပေးလိုက်လေ၏။

ထိုအခါ အစေခံမိန်းမကြီးသည် သေသောက်ကြူးကို ပန်းတောင်းတွင်းသို့ထည့်ကာ အထက်က ပန်းတို့ဖုံးလွှမ်းပြီး ပုဏ္ဏေးမငယ်ထံ ဆောင်ကြဉ်းယူလာခဲ့လေ၏။ ရောက်သည်ရှိသော်ပုဏ္ဏားကြီးလစ်လေတိုင်း သေသောက်ကြူးနှင့် ပုဏ္ဏေးမငယ်တို့မှာ တိတ်တိတ်ပုန်း ပျော်ပါးကြလေတော့၏။ ပုရောဟိတ် ပုဏ္ဏား လာပြီဆိုလျှင် သေသောက်ကြူးအား တစ်နေရာ၌ ပုန်းအောင်းနေစေ၏။ တစ်ရက်, နှစ်ရက်ရှိလေသော် ပုဏ္ဏေးမငယ်သည် သေသောက်ကြူးအား–

"အရှင်ပြန်တော့၊ ပုရောဟိတ်ပုဏ္ဏားကြီး သိပါက အကြီးအကျယ် ဒုက္ခရောက်ပါလိမ့်မည်"

ဟု ပြောလေ၏။ ဤတွင် သေသောက်ကြူးက–

"ကောင်းပြီ၊ ငါပြန်ပါမည်။ သို့ရာတွင် ငါသည် ပုဏ္ဏားကြီး၏ဦးခေါင်းအား ထောင်းချင်ပါသေး၏"

ဟူ၍ ပြောလေ၏။

ပုဏ္ဏေးမငယ်လည်း ပုရောဟိတ်ပုဏ္ဏားကြီးရောက်လာသည်ရှိသော်–

"အရှင် စောင်းတီးပါလော့၊ ကျွန်မ ကချင်၏"

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလေရာ ပုဏ္ဏေးမငယ် အလိုအရာ ပုဏ္ဏားကြီးလည်း စောင်းကို တီးခတ်၏။ ဤတွင် ပုဏ္ဏေးမငယ်က–

"အရှင် ကြည့်နေလျှင် ကျွန်မ ကရသည်မှာ ရှက်လှပါ၏"

ဟု ဆိုလေရာ ပုဏ္ဏားကြီးလည်း ၎င်း၏မျက်နှာကို အဝတ်ဖြင့် ခပ်ထူထူစည်းနှောင်လေ၏။ ထို့နောက်...

"အရှင်၏ ဦးခေါင်းကို ချစ်စနိုး ထုထောင်းလိုပါ၏။ ခွင့်ပြုပါလော့"

ဟုဆိုပြန်ရာ ပုဏ္ဏေးမငယ်၏အကြံကို မသိသဖြင့် ခွင့်ပြုလေ၏။ ဤတွင် ပုဏ္ဏေးမငယ်လည်း သေသောက်ကြူးအား အချက်ပြလိုက်၏။ သေသောက်ကြူးလည်း ပုန်းနေရာမှ ထွက်ပေါ်လာပြီး ပုဏ္ဏားကြီး၏ ဦးခေါင်းအား တတောင်ဖြင့် ထောင်းလေ၏။ ထို့နောက် မမြင်အောင် ပုန်းကွယ်နေလိုက်၏။

ထို့နောက် သေသောက်ကြူးလည်း ပုဏ္ဏေးမငယ်၏ ဘုံခနစ်ဆင့်မှ တိတ်တဆိတ်ပြန်လည် ဆင်းသက်လာပြီး မင်းကြီးထံ ဝင်ရောက်ကာ အကျိုးအကြောင်း လျှောက်ထားလေ၏။ မင်းကြီးလည်း ပုဏ္ဏေးမငယ် သီလပျက်ပြီဖြစ်ကြောင်း သိလိုက်ရ၍ ပုရောဟိတ်ပုဏ္ဏားကြီးနှင့် စိန်ခေါ်ကာ ကြွေအန်ကစားလေတော့၏။ မင်းကြီး သီချင်းဆိုသကဲ့သို့ပင် ပုရောဟိတ် ပုဏ္ဏားကြီးကလည်း သီချင်းဆို၏။ ပြိုင်ပွဲဆုံးလေသော မင်းကြီးမှ အပြတ်အသတ် အနိုင်ရ၍ ပုရောဟိတ်ပုဏ္ဏားကြီးမှာ မရှုမလှ ရှုံးနိမ့်ရလေတော့၏။ ထိုအခါ မင်းကြီးလည်း ပုဏ္ဏားအား–

www.burmeseclassic.com

'www.burmeseclassic.com



"အသင်ပုဏ္ဏားကြီး၊ အသင် ငါ့အား နိုင်တော့မည် မဟုတ်။ အကြောင်းမူ သင့်မယား ပုဏ္ဏေးမငယ်သည် သီလ အကျင့်ပျက်လေပြီ။ ပုဏ္ဏေးမငယ်၏ လင်ငယ်သည် သင့်မယားကို ကြာခိုရုံမက သင့်ဦးခေါင်းကိုပင် ထောင်း သွားခဲ့သေး၏။

ထို့ကြောင့် မိန်းမတို့မည်သည် အမ်ဝမ်းတွင်း၌ ရှိစဉ် ကတည်းကပင် စောင့်ရှောက်ပါသော်ငြား လုံခြုံမှု မရှိပါ တကား"

ဟု ပြောဆိုကာ မိန်းမတို့၏အပြစ်ကိုပြရင်း တရားဟော လေ၏။ ပုရောဟိတ် ပုဏ္ဏားကြီးလည်း အိမ်သို့ပြန်၍ ပုဏ္ဏေးမ ငယ်အား စစ်ဆေးမေးမြန်းပြီး "သင်သည် လင်ငယ်ထားပြီး ငါ့အား လှည့်စားဘိသည်"ဟုဆိုကာ မာန်မဲရိုက်ပုတ်လျက် နေအိမ်မှ မောင်းထုတ်လိုက်လေတော့၏။

အဆိုပါ ဒေသနာတော်အဆုံး၌ သာသနာတော်မှ လူထွက် လိုသော ရဟန်းလည်း သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေ ၏။

ဤကဲ့သို့ အတိတ်ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုအား ဘုရား ရှင်မှ အနုသန္ဓေဆက်စပ်တော်မူပြီးနောက်-

"ရဟန်းတို့၊ ထိုအခါက ဗာရာဏသီမင်းသည် ယခု အခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်ကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## ၆၃။ တက္ကပဏ္ဍိတဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၆၃]

## တက္ကပဏ္ဍိတဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် မိန်းမကို အကြောင်းပြု၍ သာသနာတော်မှ လူထွက်လိုသော ရဟန်းတစ်ပါး ရှိလေ၏။ ထိုရဟန်းကို သီတင်းသုံးဖော် ရဟန်းတို့က ဘုရားရှင်ထံမှ ပို့ဆောင်ကြလေသော် ဘုရားရှင်က

"ချစ်သား ရဟန်း၊ မိန်းမကိုအကြောင်းပြု၍ သာသနာတော်မှ အဘယ်ကြောင့် လူထွက်လိုရသနည်း"

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွန်လေပြီးသောကာလ သမယ၌။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ဂင်္ဂါမြစ်နားတွင် တက္ကပဏ္ဏိတမည်သော ရသေ့ကြီးသည် တရားကျင့်ရင်း ဈာန်ချမ်းသာပြင့် နေလေ၏။

ထိုအခါက ဗာရာဏသီပြည်၌ သူဌေးသမီး တစ်ဦး ရှိ၏။ ထိုသူဌေးသမီးသည် ရက်စက်ယုတ်မာ၏။ ရန့်ရင်းကြမ်းတမ်း၏။ ကျွန်အမှုလုပ် အခြွေအရံတို့အား အသားလွတ် တိုင်းထွာဆဲရေးတတ်၏။ သို့ဖြစ်၍ ကျွန်အမှုလုပ် အခြွေအရံတို့သည် ၎င်းသူဌေးသမီးအား လွန်စွာမုပင် မုန်းတီးစက်ဆုပ်ကြကုန်၏။

တစ်နေ့သ၌ ကျွန်အမှုလုပ် အခြွေအရံတို့သည် သူဌေးသမီးအား ရေကစားသွားရန် တိုက်တွန်းပြီး ဂင်္ဂါမြစ်နားသို့ ခေါ်ဆောင်သွားကြလေ၏။ ဂင်္ဂါမြစ်သို့ရောက်၍ ရေကစားနေကြစဉ် နေဝင်သည်ရှိသော် မိုးရိပ်မိုးလိပ်တို့သည် တက်လာကြ၏။ ဤတွင် ကျွန်အမှုလုပ် အခြွေအရံတို့မှာ မိုးမိမည်စိုးသဖြင့် မိုးဒဏ်မှ ကင်းလွတ်ရလေအောင် ကမ်းပေါ်သို့ သူ့ထက်ငါတက်၍ ပြေးလွှားကြကုန်၏။ ထိုအခါဝယ် သူဌေးသမီးမှာ ဂင်္ဂါမြစ်ထဲ၌ ကျန်ရစ်ခဲ့တော့၏။

ထိုခဏ မိုးအမှောင်ကျလာ၏။ မိုးကလည်း သည်းထန်စွာရွာ၏။ ဂင်္ဂါမြစ်မှာလည်း လှိုင်းတို့ တဝုန်းဝုန်း ရိုက်ခတ်လေရာ သူဌေးသမီးလည်း ကမ်းပေါ်သို့ မတက်နိုင်တော့ဘဲ သည်းထန်စွာ ငိုကြွေးလေ၏။ ထိုအချိန် မိုးရေတက်ရေများနှင့်အတူ သူဌေး

www.burmeseclassic.com

www.burmeseclassic.com



သမီးလည်း ဂင်္ဂါမြစ်ရေနှင့် မျောပါလာခဲ့ရာ ညဥ့်သန်းခေါင်သို့ ရောက်လေသော် ရသေ့ကြီးကျောင်းအနီးသို့ ရောက်လေတော့၏။

ရသေ့ကြီးတက္ကပဏ္ဏိတလည်း သူဌေးသမီး၏ ကယ်ပါယူပါဖြင့် တစာစာအော်ဟစ်သံကို ကြားလေသော် ကရုဏာစိတ်ယိုဖိတ်ပြီး အသက်တစ်ချောင်းကို ကယ်တင်ရန် မြက်မီးရှူးကို မီးညှိထွန်းလိုက်၏။ ပြီးလျှင် မြစ်အတွင်းသို့ ဆင်းကာ သူဌေးသမီးကို ဆယ်ယူခဲ့ပြီး ကျောင်းသခ်မ်းတွင် နေစေ၏။ အချမ်းဓာတ်ပြေစေရန် မီးလှုံစေ၏။ ဆာလောင်မှုများ ကင်းပျောက်စေရန် ချိုမြိန်သော သစ်သီးတို့ကို စားသောက်စေ၏။ ထို့နောက် သူဌေးသမီးအား အကြောင်းစုံကို မေးမြန်း၏။ အကြောင်းစုံသိရှိရလေသော် သူဌေးသမီးအား ကျောင်းသခ်မ်းတွင်ပင် လုံလုံခြုံခြုံ အိပ်စက်စေကာ ၎င်းမှာမူ လွင်တီးခေါင်ပြင်၌ အိပ်စက်လေ၏။

သို့ဖြင့် နှစ်ရက်၊ သုံးရက်မျှ လွန်လာခဲ့၏။ ရသေ့ကြီးလည်း သူဌေးသမီးအား...

"နှမ၊ မိန်းမနှင့် ရသေ့တို့မည်သည် အတူနေ၍ လျော်ကန် အပ်စပ်ခြင်း မရှိပေ။ သို့ဖြစ်၍ နှမ၏နေရပ်သို့ ပြန်ပါလော့"

ဟု ဆိုလေ၏။ သို့ရာတွင် သူဌေးသမီးသည် ရသေ့ကြီး၏ သီလကို ဖျက်ဆီးမည်ဟူသော အကြံဆိုးဖြင့် ကျောင်းသခ်မ်းမှ မပြန်ဘဲ တွယ်ကပ်နေလေ၏။ ညဥ့်အချိန်သို့ ရောက်လေသော်

www.burmeseclassic.com

www.burmeseclassic.com



သူဌေးသမီးသည် မိန်းမတို့၏ အမူအကျင့်၊ မာယာပရိယာယ် တို့ကိုသုံးလျက် ရသေ့ကြီးအား ဖြားယောင်းသိမ်းသွင်းသည်ရှိ သော် ရသေ့၏သီလတို့မှာ ပျက်ပြားသွားခဲ့ပြီး ရရှိထားသော ဈာန်အဘိညာဉ်တို့မှာလည်း ကွယ်ပျောက်သွားရလေ၏။

ရသေ့ကြီးလည်း သီလပျက်သုဉ်းပြီးသည့်နောက် သူဌေး သမီးကိုယူပြီး ရွာငယ်ဇနပုဒ်ကလေးတစ်ခု၏ ရွာတံခါးအနီးဝယ် အိမ်ဆောက်ကာ နေထိုင်လေ၏။ စားဝတ်နေရေးအတွက် ပဏ် ဝန်းကျင်သို့လှည့်လည်ကာ ယက်တက်ရည်ကို ရောင်းချရ၏။ ထို့နောက် ရွာသူရွာသားအပေါင်းက ရပ်ရွာ၏လုံခြုံရေးအတွက် အခြေအနေအကြောင်းထူး တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အကြောင်းကြားပါရန် သတင်းပေးအဖြစ် တာဝန်ပေးပြီး စားနပ် ရိက္ခာများ ထောက်ပံ့ကြလေ၏။

တစ်နေ့သ၌ ခိုးသားဓားပြတို့သည် တောင်ပေါ်မှ ဆင်းသက် ကာ ရွာငယ်သို့လာ၍ ပစ္စည်းဥစ္စာတို့ကို လုယက်ယူငင်ကြပြီး ရွာသားတို့ကိုပင် ထမ်းပိုးစေလျက် သူဌေးသမီး ကိုလည်း ခေါ် ဆောင်သွားကြလေ၏။ ၎င်းတို့ သွားလိုနေရာသို့ရောက်လျှင် သူဌေးသမီးကိုမူ ခိုးသားဓားပြခေါင်းဆောင်က မယားအဖြစ် သိမ်းပိုက်လိုက်လေသည်။

တက္ကပဏ္ဍိတသည် ခိုးသားဓားပြတို့ထံမှ ပြန်လာသော ရွာသားတို့အား ၎င်း၏ မယား သူဌေးသမီးကို မေးလေ၏။ ရွာသားတို့ဒက ခိုးသားဓားပြခေါင်းဆောင်က မယားအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်ထားကြောင်း ပြောလေ၏။ ဤတွင် တက္ကပဏ္ဍိတ လည်း။

"ငါ့မယားကား ခိုးသားစားပြထံ၌ ကြာရှည်နေနိုင်လိမ့်မည်မဟုတ်။ ငါ့ကိုလည်း မဖြတ်နိုင်ရာ။ သို့ဖြစ်၍ တစ်နေ့နေ့၌ ငါ့ထံသို့ မုချပြန်ရောက်လာလိမ့်မည်" ဟူ၍ တွေးတောကာ မျှော်လင့်ချက်ဖြင့် နေလေ၏။ သူ့ဒွေးသမီးမှာမူ သူထင်သကဲ့သို့ မဟုတ်ချေ။

"ငါကား... ခိုးသားစားပြခေါင်းဆောင်၏ မယားအဖြစ်ခံယူရသည်မှာ အရတော်ပေစွ။ ခြေမွေးမီးမလောင်၊ လက်မွေး မီးမလောင် သက်သောင့်သက်သာ ချမ်းသာစွာဖြင့် နေရ၏။ အကယ်၍ ငါ၏လင်ကြီး တက္ကပဏ္ဍိတသာ ပြန်လည်ခေါ်ဆောင်၍ ၎င်းနှင့် နေရသည်ရှိသော် ဤကဲ့သို့သော စည်းစိမ်ချမ်းသာတို့မခံစားရဘဲ ဆင်းတောင့်ဆင်းရဲ နေရပေတော့မည်။ သည့်အတွက် လွှမ်းဆွတ်ယောင်ဆောင်ပြီး လင်ကြီးဖြစ်သူ တက္ကပဏ္ဍိတအား မိမိကို အမြန်လာခေါ်ပါရန် လူကြုံဖြင့် မှာကြားပြီး ၎င်းရောက်လာပါက လင်ငယ်ခိုးသားစားပြခေါင်းဆောင်ကြီးအား အသတ်ခိုင်းရလျှင် ကောင်းမည်"

ဟူ၍ ကြံစည်မိပြီး ထိုအကြံအစည်အတိုင်းပင် အကောင်အထည်ဖော်ပါလေတော့၏။ တက္ကပဏ္ဍိတလည်း လူကြုံမှတစ်ဆင့် မယားဖြစ်သူအား ၎င်းအား လာခေါ်ပါရန် အကြောင်းကြားစွ

www.burmeseclassic.com



သိရလေသောအခါ ခိုးသားဓားပြတို့ရှိရာအရပ်သို့ လိုက်သွားလေ၏။ ရွာတံခါးသို့ ရောက်လေသော် စောင့်ဆိုင်းပြီး လူကြုံဖြင့် မယားထံ သတင်းပို့လိုက်လေ၏။ ထိုအခါ သူဌေးသမီး ရောက်လာပြီး...

"အရှင်၊ ယခုအချိန် အရှင်နှင့်ကျွန်မတို့ ထွက်သွားကြပါလျှင် ခိုးသားဓားပြခေါင်းဆောင်သည် လိုက်လံ၍ အရှင်နှင့်ကျွန်မတို့ နှစ်ဦးစလုံးအား သတ်ဖြတ်ပစ်ပါလိမ့်မည်။ ညဥ့်အခါမှသာ အတူထွက်ပြေးကြပါစို့။"

ဟူ၍တိုင်ပင်ကာ တက္ကပဏ္ဍိတအား အစားအသောက်များ ကျွေးမွေးပြီး တဲအိုတစ်ခု၌ ထားလေ၏။ ညချမ်းအချိန်သို့ ရောက်သည်ရှိသော် သူဌေးသမီးလည်း သေရည်သေရက်တို့ဖြင့် မူးယစ်နေသော လင်ငယ် ခိုးသားဓားပြခေါင်းဆောင်အား ခေါ်၍ တက္ကပဏ္ဍိတ ပုန်းခိုနေသောတဲကို ညွှန်ကာ အဆိုပါ တဲအိုအတွင်း၌ သူမ၏ရန်သူရှိကြောင်း ပြောလေ၏။ ထိုအခါ ခိုးသားဓားပြခေါင်းဆောင်လည်း တက္ကပဏ္ဍိတကို ဖမ်းဆီး၍ ကြိုးများဖြင့် နှောင်တည်းကာ ရိုက်နှက်ပုတ်ခတ်လေတော့၏။ ဤတွင် တက္ကပဏ္ဍိတလည်း မည်သည့်စကားမျှမဆိုဘဲ။

"မိန်းမတို့မည်သည်ကား အမျက်ထွက်တတ်၏။ သူတစ်ပါး၏ ကျေးဇူးကို မသိတတ်။ ကုန်းချောကုန်းတိုက် အမှုကို ပြုတတ်၏။ အဆွေခင်ပွန်းကောင်းကိုလည်း ပြစ်မှားတတ်၏။"

www.burmeseclassic.com

www.burmeseclassic.com



ဟူသော ထူးခြားသည့် စကားလေးခွန်းကိုသာ ပြောဆို မြည်တမ်းလေ၏။ ရိုက်ပုတ်တိုင်း, ရိုက်ပုတ်တိုင်း တခြားမည် သည့်စကားမျှ မဆိုဘဲ၊ ၎င်းစကားလေးခွန်းကို ပြောဆိုမြည်တမ်း သဖြင့် ခိုးသားဓားပြခေါင်းဆောင်လည်း မုချအကြောင်း တစ်စုံ တစ်ရာတော့ရှိလိမ့်မည်ဟု စဉ်းစားကြံဆလျက် တက္ကပဏ္ဍိတ အား။

"အမောင်၊ အမောင်ကား သင့်အား ရိုက်နှက်ပုတ်ခတ် လေတိုင်း အခြားမည်သည့်စကားကိုမျှ မဆို၊ ဤစကား လေးခွန်းကိုသာ ဆိုမြဲဖြစ်ရာ အကြောင်းမည်သို့ ရှိပါ သနည်း။"

ဟူ၍ မေးလေရာ၊ တက္ကပဏ္ဍိတလည်း သူဌေးသမီးနှင့် ပတ်သက်၍ ဖြစ်ကြောင်းကုန်စင်တို့ကို ပြောပြလိုက်ချေ၏။ ခိုးသား ဓားပြခေါင်းဆောင်လည်း အကြောင်းစုံသိရလေလျှင်...

"ဤမိန်းမကား၊ သူ့အသက်ကိုကယ်၍ ပေါင်းသင်း သူ၊ ချစ်လင်ကိုပင် သည်မျှလောက် ရက်ရက်စက်စက် ပြုဝံ့သူ ဖြစ်၏။ ငါ့ကိုလည်း တစ်နေ့နေ့ကျလျှင်ဖြင့် ဤ ကဲ့သို့ မုချ ရက်ရက်စက်စက်ပြုမည်မှာ သေချာ၏။သို့ဖြစ်၍ ဤမိန်းမကို လက်စတုံး စီရင်ပစ်မှ တော်ပေလိမ့်မည်"

ဟူ၍ ကြံစည်စဉ်းစားပြီးလျှင် တက္ကပဏ္ဍိတအား နှစ်သိမ့် အားပေး၏။ အနှောင်အဖွဲ့မှ လွှတ်ပေး၍ သက်သောင့်သက်သာ နေစေ၏။ ထို့နောက် သူဌေးသမီးကို အိပ်ရာမှနိုး၍ သန်လျက် ကို ကိုင်ဆောင်ကာ ရွာအပြင်သို့ သွားလျက် တက္ကပဏ္ဍိတအား

www.burmeseclassic.com

www.burmeseclassic.com



ခုတ်သတ်မည်အယောင်ဖြင့် ၎င်းမိန်းမယုတ်ကို ခုတ်သတ်လိုက်၏။ ထို့နောက် ဦးခေါင်းဆေးလျှော်ပြီးလျှင် တက္ကပဏ္ဍိတ ရှိရာပြန်လာပြီး အတူတကွ စကားပြောဆိုကြရာမှ လူ့ဘောင်၏ အပြစ်များကို မြင်လာ၏။ ထို့နောက် နှစ်ဦးသား တောထွက်၍ ရသေ့ရဟန်းပြုကာ တရား အားထုတ်သည်ရှိသော် ဈာန် အဘိညာဉ်များ ရရှိလာ၏။ သက်တမ်းလွန်သော ဗြဟ္မာ့ပြည်သို့ လားရလေ၏။

အဆိုပါ ဒေသနာတော်အဆုံး၌ သာသနာတော်၌ ငြီးငွေ့ပြီး လူထွက်ချင်နေသော ရဟန်းလည်း သောတာပတ္တိမဂ်သို့ ဆိုက်လေသတည်း။

ထိုကဲ့သို့ ဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်လျက် ရဟန်းပရိသတ်တို့အား

"ရဟန်းတို့၊ ထိုစဉ်က ခိုးသားဓားပြခေါင်းဆောင်သည် ယခုအခါ အာနန္ဒာဖြစ်လာ၏။ တက္ကပဏ္ဍိတသည်ကား ငါဘုရားဖြစ်လာ၏"

ဟူ၍ ဆိုမိန့်ကာ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၆၄ ။ ဒုရာဇာနဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၆၄]

# ဒုရာဇာနဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး စံမွေ့နေတော်မူစဉ် ရတနာသုံးပါးကို ဆည်းကပ် မြတ်နိုးလျက် သရဏဂုံ၌တည်သော သီတင်းသည် တစ်ဦးရှိလေ၏။ ထိုသီတင်းသည်၏ မယားမှာမူ သီတင်းသည်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ သီလမရှိ၊ ယုတ်မာကောက်ကျစ်သော အကျင့်သာရှိလေ၏။

ထိုမယားသည် ယုတ်မာသောအကျင့်ကို ကျင့်သောနေ့၌ ငွေဝယ်ကျွန်ပမာ နူးညံ့ပြေပြစ်လျက်၊ မကျင့်သောနေ့၌မူ တင်းမာကြမ်းကြုတ်လှပေ၏။ သီတင်းသည်က မယား၏အခြေအနေမှန်ကို မသိပေ။ ထို့ကြောင့်ပင် မြတ်စွာဘုရားရှင်ထံသို့ ခုနစ်ရက် ရှစ်ရက်ကာလတိုင် အခစားမရောက်နိုင်ဘဲ ရှိနေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ သီတင်းသည်လည်း ဘုရားရှင်ထံမှောက် ရောက်၍ မယားဖြစ်သူအကြောင်းကို လျှောက်တင်လေသောအခါ

"သီတင်းသည် မိန်းမတို့၏အလိုကား သိနိုင်ခဲပေစွ။ ထိုသို့ သိနိုင်ခဲကြောင်းကို ရှေးပညာရှိတို့ ပြောဆိုခဲ့ဖူးပြီ" ဟူ၍ မိန့်ကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေ သတည်း။

* * *

ရှေး လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်အခါက ဖြစ်၏။ တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာကြီးသည် တပည့်ငါးရာတို့အား အတတ်ပညာများကို သင်ကြားပေးလေ၏။ ထိုတပည့် ငါးရာတို့အထဲမှ တစ်ယောက်သောတပည့် ပုဏ္ဏား လုလင်သည် ပညာသင်ကြားနေသည့် ကာလမှာပင် သားစိတ် မယားစိတ်ဝင်လာ၍ မိန်းမတစ်ယောက်နှင့် အိမ်ထောင်ပြုကာ ဗာရာဏသီမြို့၌ပင် နေလေ၏။

ထိုပုဏ္ဏားလုလင်၏ မယားကား သီလမရှိ။ ကောက်ကျစ် ယုတ်မာသော အကျင့်သာရှိလေ၏။ ထိုမယားသည် ကောက် ကျစ်ယုတ်မာသောအကျင့်ကို ကျင့်သောနေ့၌ ငွေဝယ်ကျွန်ကဲ့သို့ လင်ယောကျာ်းအပေါ်၌ သာယာနူးညံ့၏။ ပြေပြစ်၏။ ယုတ်မာ သောအကျင့်ကို မကျင့်မိသည့်နေ့၌ကား လင်ယောကျာ်း အပေါ် သခင်မပမာ ခက်ထန်ကြမ်းကြုတ်လှချေ၏။ ပုဏ္ဏား လုလင်

www.burmeseclassic.com

www.burmeseclassic.com



လည်း မယား၏အကျင့်မှန် ဇာတိရုပ်ကို မသိ။ အကျင့်ဇာရိတ္တ ဖောက်ပြန်နေသည်ကိုလည်း မသိချေ။ ထိုမယားနှိပ်စက်သဖြင့် ခုနစ်ရက်၊ ရှစ်ရက်တိုင်အောင်ပင် ဒိသာပါမောက္ခဆရာ ကြီးထံသို့ မရောက်ဖြစ်ဘဲ ရှိခဲ့လေ၏။

ခုနစ်ရက်၊ ရှစ်ရက်လွန်မြောက်သည်ရှိသော် ပုဏ္ဏားလုလင် လည်း ဆရာကြီးထံ ရောက်ခဲ့၏။ ဆရာကြီးက တပည့်ပုဏ္ဏား လုလင်အား

"အမောင်၊ အဘယ့်ကြောင့် ငါ့ထံသို့ ခုနစ်ရက်၊ ရှစ်ရက်တိုင်အောင် အခစားမရောက်သနည်း"

ဟု မေးလေ၏။ ထိုအခါ ပုဏ္ဏားလုလင်က-

"ဆရာ၊ ကျွန်ုပ်အား မယားဖြစ်သူ နှိပ်စက်သဖြင့် ဆရာကြီးထံ မရောက်နိုင်ခြင်း ဖြစ်ပါ၏။ ကျွန်ုပ်၏မယား မှာ တစ်နေ့တွင် ငွေဝယ်ကျွန်ပမာ နူးညံ့ပြေပြစ်သလောက် အခြားနေ့၌ သခင်မပမာ ခက်ထန်ကြမ်းတမ်းလှပါ၏။ ၎င်း၏အလိုကို ကျွန်ုပ်မသိနိုင်ပါ။ တစ်နေ့တစ်မျိုး ဖြစ်၍ နေပါ၏"

ဟူ၍ ပြောဆိုလေ၏။ ထိုအခါ ဆရာကြီးက

"အမောင်၊ အမောင်ပြောသည့်အတိုင်း မှန်ပါလျှင် အမောင့်မယားကား ယုတ်မာသော အကျင့်ကို ကျင့်သော နေ့ဝယ် သင့်ကို မျက်နှာချိုသွေးကာ နူးညံ့ပြေပြစ်ခြင်း ဖြစ်လိမ့်မည်။ မကျင့်သောနေ့၌ကား မာနခက်ထန်ကာ လင်ကို မရှိမသေ။ ခက်ထန်ကြမ်းကြုတ်သည် ဖြစ်လိမ့်

www.burmeseclassic.com



မည်။ စင်စစ် သင့်မယားကား တစ်ပါးသောယောက်ျားနှင့် မွေ့လျော်ကာ ယုတ်မာသောအကျင့်ကို ကျင့်သူ ဖြစ်လိမ့်မည်”

ဟူ၍ ပြောဆိုပြီး...

“တပည့်၊ မိန်းမတို့မည်သည်မှာ သီလမရှိ၊ ယုတ်မာသောအကျင့်ရှိ၏။ သို့အတွက် နှုးညံ့ပြေပြစ်သောအခါ၌လည်းမသာယာလေနှင့်။ ခက်ထန်ကြမ်းကြုတ်သော အခါ၌လည်း စိတ်မဆင်းရဲလေနှင့်။ ပမာအားဖြင့် ရေတွင်နေသော ငါး၏သွားရာလမ်းခရီးကို မသိနိုင်သကဲ့သို့ မိန်းမတို့၏ အလိုကို သိနိုင်ခဲ၏။ လျစ်လျူရှု၍ နေပါလော့တပည့်”

ဟူ၍ ပြောဆိုဆုံးမလေ၏။ တပည့် ပုဏ္ဏားလုလင်လည်း ထိုအခါမှစ၍ ဆရာကြီး၏ အဆုံးအမ၌တည်လျက် မိန်းမတို့၏ အပေါ်၌ လျစ်လျူရှု၍နေတော့၏။ ပုဏ္ဏားလုလင်၏ မယားမှာလည်း ငါ့လင်၏ဆရာကြီးသည် ငါသီလမရှိသည့်အဖြစ်၊ အခြားတစ်ပါးသော ယောက်ျားနှင့် မွေ့လျော်ဖောက်ပြန်သည့်အဖြစ်ကို ပညာမျက်စိဖြင့် သိလေပြီဟု ထိတ်လန့်တုန်လှုပ်ကာ ထိုအခါမှစ၍ ယုတ်မာသောအကျင့်တို့ကို စွန့်လွှတ်လေတော့သတည်း။

အဆိုပါ ဒေသနာတော်၏အဆုံး၌ သိတင်းသည်လည်း သောတာပတ္တိဖိုလ် တည်လေ၏။ သိတင်းသည်၏ မယားမှာလည်း ငါသီလမရှိသည့်အဖြစ်ကို မြတ်စွာဘုရားပင် သိတော်မူသတတ်ဟု သတိသံဝေဂရလျက် ထိုနေ့မှစ၍ ယုတ်မာသော အကျင့်ကို မကျင့်တော့ဘဲ သီလကို စောင့်ထိန်းလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ဘုရားရှင်လည်း အိတိတ်, ပစ္စုပ္ပန် နှစ်တန်သော ပတ္တုတို့အား အနုသန္ဓေဆက်စပ်တော်မူလျက် တရားနာရဟန်း ပရိသတ်တို့အား-

"ရဟန်းတို့၊ ထိုစဉ်အခါက ပုဏ္ဏားလုလင် လင်မယား သည် ယခုအခါ သိတင်းသည့် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၆၅။ အနဘိရတိဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၆၅]

# အနဘိရတိဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မှုန်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သရဏဂုံသီလ ဆောက်တည်သောသီတင်းသည်တစ်ဦး ရှိလေ၏။ ထိုသီတင်းသည်၏ မယားမှာမူ အကျင့်သီလမရှိဘဲ ယုတ်မာကောက်ကျစ်၏။

ထိုသီတင်းသည်သည် မယားဖြစ်သူ၏ အခြေအနေကို လေ့လာစုံစမ်းသည်ရှိသော် ယုတ်မာသောအကျင့်ဖြစ်သော တစ်ပါးသူနှင့် ဖောက်ပြန်နေခြင်းကို သိလာရ၏။ သည့်အတွက် ဘုရားရှင်ထံ ခုနစ်ရက်ရှစ်ရက်မျှ အခစားမဝင်မိဘဲ စိတ်လေ သောကပွေကာ နေလေ၏။ ခုနစ်ရက်၊ ရှစ်ရက် နောက်ပိုင်းကျမှ ဘုရားရှင်ထံ အခစား ရောက်တော့၏။ ဘုရားရှင်က မေးမြန်းတော်မူလေသော် အကြောင်းစုံကို လျှောက်ထားလေ၏။ ဤတွင် ဘုရားရှင်က—

www.burmeseclassic.com

www.burmeseclassic.com



"သီတင်းသည်၊ မိန်းမတို့မည်သည် သီလမရှိကုန်။ ယုတ်မာသောအကျင့်သာ ရှိကုန်၏။ သည့်အတွက် အမျက်မထွက်ပါနှင့် လျစ်လျူ၍သာ နေရမည်"

ဟု ဆိုမိန့်တော်မူပြီး အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

*   *   *

လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံအုပ်ချုပ်တော်မူစဉ် ဒိသာပါမောက္ခဆရာကြီးသည် တပည့်အပေါင်း ငါးရာတို့အား အတတ်ပညာတို့ကို သင်ကြားပေးလျက် ရှိလေ၏။ ထိုအခါ တပည့်ငါးရာထဲမှ အိမ်ထောင်ရှိသော တပည့်တစ်ယောက်သည် ၎င်း၏မယားဖြစ်သူ သီလမရှိ၊ အကျင့်ဖောက်ပြန်နေခြင်းအတွက် စိတ်မသက်မသာဖြစ်ပြီး ဆရာကြီးထံသို့ နှစ်ရက်, သုံးရက်ခန့် မရောက်နိုင်ဘဲ ဖြစ်ခဲ့ရ၏။

နှစ်ရက်သုံးရက်လွန်၍ ဆရာကြီးသံ ရောက်ရှိလေသောအခါ ဆရာကြီးက အကြောင်းစုံကို မေးမြန်းလေ၏။ တပည့်က အကျိုးအကြောင်းကို တင်ပြပြောဆိုသောအခါ...

"ငါတပည့်၊ မိန်းမတို့အပေါ်တွင် အမျက်မထွက်လင့်"

ဟူ၍ ပြောဆိုပြီး

"ငါ့တပည့်၊ လောက၌ မြစ်၊ ခရီးလမ်း၊ သေတင်းကုပ်၊ ဇရပ်၊ ရေအိုးစင်တို့မှာ၊ လူအများနှင့် ဆက်ဆံသကဲ့သို့၊ မိန်းမတို့မှာလည်း လူအများနှင့် ဆက်ဆံတတ်ကြ

www.burmeseclassic.com

www.burmeseclassic.com



ကုန်၏။ ပညာရှိတို့ကား မိန်းမတို့၌အမျက်ထွက်ခြင်းကို ပြုလေ့မရှိကုန်”

ဟူ၍ တပည့်အား တရားဟောကာ အဆုံးအမပေးလေ၏။ တပည့်လုလင်လည်း ဆရာကြီး၏ အဆုံးအမကို နာခံ၍ မယား အပေါ်အမျက်မထွက်ဘဲ လျစ်လျူရှုခဲ့လေ၏။ မယားလည်း ထို အကြောင်းကို ဆရာကြီး သိပေပြီဟု သတိသံဝေဂဖြစ်ကာ ယုတ်မာသော အကျင့်ကို မကျင့်တော့ဘဲ သီလစောင့်ထိန်း၍ မိန်းမကောင်း ဖြစ်လာလေတော့

ဒေသနာတော်၏အဆုံး၌ သီတင်းသည်သည် သောတာပတ္တိ ဖိုလ်တည်လေ၏။ သီတင်းသည်၏ မယားမှာလည်း ၎င်း၏ အကြောင်းကို ဘုရားရှင်ပင် သိချေပြီဟု သတိသံဝေဂဖြစ်ကာ ယုတ်မာသော အကျင့်ကို မကျင့်တော့ဘဲ သရဏဂုံ၌ တည်လေ တော့၏။

ဤကဲ့သို့ ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်လျက် တရားနာ ရဟန်း ပရိသတ်အား

“ရဟန်းတို့၊ ထိုအခါက လင်မယားသည် ယခုအခါ သီတင်းသည် လင်မယားဖြစ်လာ၏။ ဒိသာပါမောက္ခ ဆရာကြီးသည် ငါဘုရားရှင် ဖြစ်လာ၏”

ဟူ၍ မိန့်ဆိုကာ ဇာတ်တော်ကို ပေါင်းတော်မူပါသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၆၆ ။ မုဒုလက္ခဏာဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၆၆]

# မုဒုလက္ခဏဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော ဂေါတမ ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

သာဝတ္ထိမြို့သား ရဟန်းတစ်ပါးသည် ကမ္မဋ္ဌာန်းကို လက်မလွှတ်ဘဲ အမြဲပွားများ အားထုတ်နေလေ့ရှိ၏။ တစ်နေ့သ၌ ထိုရဟန်းသည် မြို့တွင်းသို့ ဆွမ်းခံသွားရာ ဖြီးလိမ်းဝတ်ဆင် ပြုပြင်ထားသော မိန်းမတစ်ယောက်ကို ကြည့်မိသဖြင့် ကိုယ်တွင်းရှိ ကိလေသာတို့ ထကြွသောင်းကျန်းလာခဲ့၏။ သည့်နောက် သာသနာတော်၌ ပျော်မွေ့ခြင်း မရှိတော့ဘဲ စိတ်လက်မချမ်းသာ မှိုင်တွေငေးမော အဆွေးပင်လယ်ကြော၌ မျော၍ နေတော့၏။ ထိုအခါ ရဟန်းတို့သည် ထိုရဟန်းကို ဘုရားရှင်ထံမှောက်သို့ ခေါ်ဆောင်ခဲ့ကြ၏။ အကျိုးအကြောင်းကို လျှောက်ထားလေသည်ရှိသော် ဘုရားရှင်က ထိုရဟန်းအား...

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သား၊ သင်သည် အဘယ့်ကြောင့် သင်၏ ကမ္မဋ္ဌာန်းအာရုံကို ဖျက်၍ ထိုမိန်းမအား ကြည့်ဘိသနည်း။ ရှေးအခါက ဈာန်အဘိညာဉ်ဖြင့် စင်ကြယ်စွာနေသော ရသေ့ကြီးပင်လျှင် မိန်းမအာရုံကို ဣန္ဒြေဖျက်၍ ကြည့်မိသည့်အတွက် ဈာန်အဘိညာဉ်ကွယ်လျက် ဆင်းရဲဒုက္ခသို့ ရောက်ရဖူးလေပြီ"

ဟု မိန့်ကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

*　*　*

လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ကာသိတိုင်းရှိ ပုဏ္ဏားလုလင်တစ်ယောက်သည် ကာမဂုဏ်ကို စွန့်ခွာပြီး ရသေ့ပြုခဲ့၏။ ထို့နောက် ဟိမဝန္တာအရပ်သို့ ကြွပြီး ကမ္မဋ္ဌာန်းတရားများ အားထုတ်သည်ရှိသော် ဈာန်အဘိညာဉ်တို့ ရရှိပြီး ဈာန်ချမ်းသာဖြင့် နေလေ၏။

တစ်ရံရောအခါ အဆိုပါ ရသေ့သည် ချဉ်၊ ဆား မှီဝဲရန် အလို့ငှာ ဟိမဝန္တာအရပ်မှ ခွာခဲ့၍ ဗာရာဏသီသို့ ကြွခဲ့၏။ မင်းဥယျာဉ်၌ တည်းခိုလျက် နံနက်အချိန်အခါ၌ ဗာရာဏသီ မြို့တွင်းသို့ ဆွမ်းခံကြွသည်ရှိသော် မင်းအိမ်တံခါးသို့ ရောက်ခဲ့လေ၏။

မင်းကြီးလည်း ရသေ့အား မြင်သည်ရှိသော် လွန်စွာမှ ကြည်ညိုသွားပြီး နန်းတော်သို့ ပင့်ဆောင်ခဲ့၏။ ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်း ကျွေးမွေး၏။ ဆွမ်းအနုမော

www.burmeseclassic.com



ဒနာတရားကို နာကြားပြီးသည်၏အဆုံး၌ မင်းကြီးလည်း ၎င်း၏ ဥယျာဉ်၌ အမြဲသီတင်းသုံးရန် လျှောက်ထားလေ၏။ ရသေ့လည်း ဆိတ်ဆိတ်နေပြီး မင်းကြီး၏ ဥယျာဉ်တော်၌ပင် သီတင်းသုံး၏။ မင်းကြီး၏နန်းတော်သို့ သွား၍ ဆွမ်းဘုဉ်းပေး၏။ သို့ဖြင့် ကာလတာ တစ်ဆယ့်ခြောက်နှစ်တိုင်အောင် ကြာမြင့်ခဲ့လေ၏။

တစ်နေ့သ၌ မင်းကြီးသည် ပုန်ကန်ခြားနားလျက် သောင်းကျန်းနေကြသော ပစ္စန္တရာဇ်ရှိ သူပုန်တို့ရန်ကို နှိမ်နင်းရန် စစ်သည်ဗိုလ်ပါတို့နှင့် စစ်ထွက်မည်အပြုတွင် ရသေ့ကြီးအား ရိုသေစွာ အလုပ်အကျွေးပြုရန် မုဒုလက္ခဏာမိဖုရားကြီးအား မှာကြားခဲ့လေ၏။

မုဒုလက္ခဏာမိဖုရားကြီးလည်း ဆွမ်းအာဟာရတို့ကို စီမံကာ ရေမိုးသန့်စင်ပြီး အဝတ်တန်ဆာတို့ကို ဆင်ယင်လျက် အိပ်ရာငယ်တစ်ခုဝယ်အိပ်ကာ ပြတင်းပေါက်မှ ကြည့်ရှုလျက်ဆရာရသေ့ အလာကို စောင့်စားမျှော်လင့်နေလေ၏။ ရသေ့လည်း အချိန်တန်သည်ရှိသော် မင်းဥယျာဉ်မှနေ၍ မင်းကြီး၏ နန်းတော်သို့ ဈာန်ဖြင့် ကြွလာခဲ့လေ၏။

မိဖုရားကြီးလည်း လျှော်တေသံကြား၍ ရသေ့လာပြီဟု သိသဖြင့် နေရာမှ ရုတ်ခြည်းလူးလဲထလိုက်သည်ရှိသော် ပြေပြစ်ချောမွေ့သော ကိုယ်ဝတ်တန်ဆာသည် လျှော၍ ကျခဲ့၏။ ထိုအခါရသေ့လည်း ပြတင်းပေါက်မှ ဝင်ခိုက်ကြွသဖြင့် မိဖုရားကြီးကို ကြည့်လိုက်မိရာ မမြင်သင့် မမြင်အပ်သည်ကို မြင်မိပြီး ကိုယ်တွင်းရှိ ကိလေသာတို့သည် ထကြွသောင်းကျန်းလာကြ

www.burmeseclassic.com

www.burmeseclassic.com



ကုန်၏။ ရှာန်အဘိညာဉ်တို့မှာလည်း အလိုလိုချုပ်ငြိမ်း ကွယ်ပျောက်သွားကြလေပြီ။ ပမာအားဖြင့် အတောင်ကျိုးသည့် ငှက်ပမာဖြစ်ခဲ့ရလေပြီ။ နန်းတော်တွင်လည်း ဆွမ်းဘုဉ်းမပေးတော့ဘဲ သတိဖြင့်သာ ခံယူပြီးလျှင် ကောင်းကင်ခရီး မကြွနိုင်တော့ဘဲ ခြေလျင်ခရီးဖြင့်ပင် ဥယျာဉ်တော်သို့ ပြန်ကြွခဲ့ရလေ၏။ ကျောင်းသို့ရောက်လေသော် ကျောင်းတွင်းရှိ ခုတင်အောက်ရှိ ဆွမ်းသပိတ်ကိုထား၍ ခုတင်ပေါ်တွင် လျောင်းစက်ကာ လူးလိမ့်နေလေ၏။ ကိလေသာမီးတို့သည် တရှိန်ရှိန် တောက်လောင်၍ ဆွမ်းဘုဉ်းပေးရန်ကိုပင် သတိမရတော့ဘဲ တွေဝေငေးမောနေမိသည်မှာ ခုနစ်ရက်ပင် တိုင်ခဲ့လေ၏။

မင်းကြီးလည်း ပစ္စန္တရာဇ်အရပ်ရှိ သူပုန်များကို နှိမ်နင်းတိုက်ခိုက်အောင်မြင်ပြီး ပြန်လာသည်ရှိသော် နန်းတော်သို့ မဝင်သေးဘဲ ဆရာရသေ့အား ဦးစွာဖူးမြော်ရန် မင်းဥယျာဉ်သို့ ဝင်ခဲ့လေ၏။ ကျောင်းသို့ ရောက်သော် ခုတင်ထက် လျောင်းစက်နေသော ဆရာရသေ့ကို တွေ့ရ၏။ သပိတ်တွင်းရှိ ဆွမ်းတို့ကား သိုးနံ့ထွက်နေ၏။ ခုတင်ထက်၌ ဘယ်လူးညာလှိမ့် ဖြစ်နေသော ဆရာရသေ့အသွင်ကို ဆက်စပ်လိုက်သည်ရှိသော် တစ်စုံတစ်ရာ စိတ်မချမ်းသာမှုနှင့် ကြုံရ၍ ဖြစ်မည်ဟု တွေးလိုက်မိလေ၏။ ဤတွင် ဆရာရသေ့အား...

"အရှင်ရသေ့၊ အရှင့်၌ တစ်စုံတစ်ရာ စိတ်မချမ်းသာမှုများနှင့် တွေ့ကြုံနေရပါသလော။ တပည့်တော်ကို ဟုတ်တိုင်းမှန်ရာ မိန့်တော်မူပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ လျှောက်လေ၏။ ဆရာရသေ့ကလည်း...

"အရှင်မင်းကြီး၊ ငါ့မှာ တစ်ပါးသော စိတ်မချမ်းသာဖွယ်ရာဟူ၍ မရှိပါ။ ငါ့အား ကိလေသာတို့က နှိပ်စက်နေသည့်အတွက် စိတ်မချမ်းသာရာ ဖြစ်နေရခြင်း ဖြစ်ပါ၏"

ဟူ၍ ဆိုလေ၏။

"အရှင်ဘုရား၊ ကိလေသာသည် အဘယ်သူအား တပ်စွန်း၍ ဖြစ်ပေါ်လာရပါနည်း"

"အရှင်မင်းကြီး၊ ငါ၌ဖြစ်ပေါ်သော ကိလေသာသည် အရှင်မင်းကြီး၏ မိဖုရားကြီးဖြစ်သော မုဒုလက္ခဏာအပေါ် တပ်စွန်း၍ ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်"

မင်းကြီးကား အသိအလိမ္မာ၊ ဉာဏ်ပညာပြည့်ဝသူ ဖြစ်၏။ ရှေ့နောက် ဆင်ခြင်ဉာဏ်ရှိ၏။ ထို့ကြောင့်ပင် တစ်ချက်ကလေးမျှ မျက်နှာမပျက်ဘဲ...

"အရှင်ရသေ့၊ အရှင်တပ်စွန်းသော မုဒုလက္ခဏာအား ရရပါစေမည်"

ဟူ၍ ကတိပေးပါ၊ ရသေ့ကိုပါခေါ်ပြီး နန်းတော်သို့ ဝင်လေ၏။ နန်းတော်သို့ ရောက်လျှင် မိဖုရားကြီးအားခေါ်၍–

"မိဖုရားကြီး၊ သင်၏ သီလ သိက္ခာကို ငါယုံ၏။ ယခု သင်၏။ ပရိယာယ်အစွမ်းဖြင့် ငါ ဆရာရသေ့အား လမ်းမှန်သို့ ပို့ဆောင်ပါ"

ဟူ၍ တီးတိုးမှာကြားပြီး၊ ဥစ္စာတန်ဆာတို့ကိုပေး၍ ရသေ့ကြီးနှင့် ထည့်လိုက်လေ၏။ မိဖုရားကြီးလည်း ရသေ့ကြီး

www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ နန်းတော်မှ အတူဆင်းလျက် တံခါးမှ ထွက်သော အခါ...

"ဆရာရသေ့ အကျွန်ုပ်တို့မှာ နေစရာအိမ်မရှိသေးပါ။ ဒီအတွက် မင်းကြီးထံ သွားရောက်တောင်းခံပါ"

ဟူ၍ ခိုင်းစေလေ၏။ ရသေ့လည်း မင်းကြီးထံ သွားရောက် တောင်းခံလေသော အိမ်သာဟောင်းတစ်လုံး ရလာလေ၏။ မိဖုရားကြီးက အိမ်သာဟောင်းမှ အညစ်အကြေးတို့အား သုတ်သင် ရှင်းလင်း သန့်စင်စေ၏။ ရသေ့လည်း မင်းကြီးထံ သွား၍ ပေါက်တူးတောင်းကာ အညစ်အကြေးတို့အား သုတ်သင် ရှင်းလင်း သန့်စင်ရလေ၏။ တစ်ဖန် နွားချေးကိုယူ၍ ထရံတို့အား လိမ်းကျံရပြန်၏။ ထို့နောက် အိမ်ထောင်အတွက် လိုအပ်သော ညောင်စောင်း၊ အင်းပျဉ်၊ အိပ်ရာခင်း၊ သောက်ရေအိုး၊ သုံးရေအိုး၊ တစ်ခုစီ တစ်ခုစီ အကြားမလပ်ရအောင် ခိုင်းသဖြင့် ဖယ်ဆက်အောင် လုပ်ရပြန်၏။ မိဖုရားကြီးအတွက် သောက်ရေကို ခပ်ပေးရ၏။ သုံးရေကို ခပ်ပေးရ၏။ ညအမှောင်ရောက်လေသော် အိပ်စက်ကြရန်အတွက် အိပ်ရာကို ခင်းလေ၏။ အိပ်ရာဝင်ကြသော် မိဖုရားကြီးသည် ဆရာရသေ့၏ မုတ်ဆိတ်ကျင်စွယ်တို့ကို ကျစ်လျစ်ပါအောင် ကိုင်ဆွဲရင်း...

"အသင်ရသေ့ သင်သည် မြင့်သောနေရာမှ ခုန်ချချင်သူ ဖြစ်၏။ ရသေ့၏အဖြစ်၊ ရသေ့၏ ချမ်းသာကို အဘယ့်ကြောင့် မေ့လျော့နေရပါသနည်း"

ဟု ဆိုလေရာ နိက္ခမဓာတ်ခံ ကြီးမားသည့် ရသေ့ဖြစ်၍ ချက်ချင်းပင် သတိသံဝေဂ ရခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါသည်ကား ကိလေသာအလိုသို့ လိုက်မိ၍ ညှိုးရွေ့ ညှိုးမှုလောက် မိုက်မဲခြင်းဖြစ်ရ၏။ ပညာမျက်စိကန်းခဲ့၏။ ရှေ့ဆက်၍ ကိလေသာတဏှာ ပွားခဲ့သော် အပါယ်လေးပါး၌ ခင်မြုပ်ကာ လိုဲ၊ဩယအတွင်းမှ ပေါ်တော့မည်မဟုတ်။ ညှိုး မှုဒုလက္ခဏာမိဖုရားကြီးအား မင်းကြီးထံ ပြန်လည်အပ်နှံကာ ထောထွက်တော့မည်"

ဟူ၍ ဆုံးဖြတ်ချက်ချပြီး မိဖုရားကြီးအား မင်းကြီးထံ သွားရောက် အပ်နှံခဲ့၏။ ထို့နောက်...

"အရှင်မင်းကြီး၊ ငါသည် သင့်မိဖုရားကြီးအား အလို မရှိတော့ပြီ။ ထိုမိဖုရားကြီးကြောင့် ငါ့မှာ တဏှာပွားခဲ့ရသည်။ ငါ သံဝေဂရပါပြီ။ သင့်မိဖုရားအား ပြန်ယူလှည့်ပါ"

ဟူ၍ မိန့်ဆိုအပ်နှင်းပြီး ရှေးမဆွက ကမ္ဘဋ္ဌာန်းတရားကို ဆင်ခြင်အောက်မေ့သည်ရှိသော် ခဏချင်းပင် ကွယ်ပျောက်ခဲ့လေသော ဈာန်၊ အဘိညာဉ်တို့မှာ ပြန်လည်ရရှိခဲ့၏။ ထိုဈာန်ဖြင့်ပင် ကောင်းကင်သို့ကြွလျက် မင်းကြီးအား တရားဓမ္မများဟောကြားဆုံးမပေးခဲ့ပြီး ဟိမဝန္တာတောအုပ်သို့ ကြွမြန်းသွားခဲ့လေ၏။ ထိုမှစ၍ လူတို့နေသော အရပ်ဒေသသို့ ကြွမလာတော့ဘဲ ဗြဟ္မာ့ဝိဟာရတရားကို ပွားများကျင့်သုံးသည်ရှိသော် သေလွန်သည်၏ အခြားမဲ့၌ ဗြဟ္မာ့ဘုံသို့ လားရလေသတည်း။

အဆိုပါ ဒေသနာတော်အဆုံး၌ သာဝတ္ထိနာတော်မှ လူထွက်လိုသော ရဟန်းလည်း အရဟတ္တဖိုလ်ဆိုက်ကာ ရဟန္တာအဖြစ်သို့ ရောက်ရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက် တရားနာရဟန်း ပရိသတ်တို့အား...

"ချစ်သားရဟန်းတို့ ထိုစဉ်အခါက ဗြဟ္မဒတ်မင်းကြီးသည် ယခုအခါ အာနန္ဒာဖြစ်လာ၏။ ထိုစဉ်က မုဒုလက္ခဏာ မိဖုရားကြီးသည် ယခုအခါ ဥပ္ပလဝဏ်ဖြစ်လာ၏။ ရသေ့ကြီးမှာမူ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်တော်မူပါက ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

၆၇။ ဥစ္ဆင်္ဂဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၆၇]

# ဥစ္စာဂ်ာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော ဂေါတမ ဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးစဉ်က ဖြစ်၏။ ကောသလတိုင်းရှိ ရွာငယ် ဇနပုဒ်တစ်ခု၌ မိန်းမပညာရှိတစ်ဦး ရှိလေ၏။ ထိုမိန်းမ ပညာရှိ၌ လင်၊ သား၊ မောင်တို့ရှိရာ အတူတကွ စည်းစည်းလုံးလုံး နေထိုင်ကြလေ၏။

အခါတစ်ပါး၌ ထိုပညာရှိ မိန်းမ၏ လင်၊ သား၊ မောင်တို့ သုံးဦးသားသည် တောအုပ်တစ်ခု၏အနီး၌ လယ်ထွန်နေကြ၏။ ထိုအခါ ခိုးသူအချို့သည် လူတို့၏ ဥစ္စာပစ္စည်းများကို ခိုးယူ ပြီး ထွက်ပြေးကြလေ၏။ လူတို့သည် ခိုးသူတို့နောက်သို့ လိုက် ၍ ဖမ်းဆီးကြသော်လည်း ခိုးသူတို့ကို လုံးဝ မတွေ့ရဘဲ တော အုပ်အနီးရှိ လယ်ကွက်၌ လယ်ထွန်နေသူ သုံးဦးကိုသာ တွေ့ရ လေ၏။ ထိုအခါ လူတို့သည် ထိုသုံးဦးထံသွား၍...

www.burmeseclassic.com

www.burmeseclassic.com



"သင်တို့ကား ဟောအုပ်အကွင်း၌ လုယက်သော သူခိုးများ ဖြစ်ကြ၏။ ယခုမှ လုယ်ထွန်နေဟန်ဆောင်ကြ၏"

ဟု ယိုးစွပ်ကာ ဖမ်းဆီးချုပ်နှောင်ပြီး ကောသလမင်းကြီးထံသို့ ပို့ဆောင်ကြလေ၏။ ထိုသတင်းကို ကြားသိရလေသော ပညာရှိမိန်းမသည် ကောသလမင်းကြီးထံ သွားရောက်လျှင်...

"အရှင်မင်းကြီး၊ အကျွန်ုပ်အား အဝတ်ပေးတော်မူပါ၊ အကျွန်ုပ်အား အဝတ်ပေးတော်မူပါ"

ဟူ၍ ငိုကြွေးလျက် အဖန်ဖန်အထပ်ထပ် အိမ်တော်သို့ လှည့်လည်လေ၏။ ထိုအခါ ကောသလမင်းကြီးလည်း မင်းချင်းတို့အား အဝတ်အစားများ ယူငင်စေပြီး လှည့်လည်ငိုကြွေးနေသော မိန်းမအား ပေးစေ၏။ ထိုအခါ ပညာရှိမိန်းမက...

"မင်းချင်းတို့၊ အကျွန်ုပ်တောင်းဆိုသည်မှာ ဤအဝတ်မဟုတ်ပါ။ လင်ဟူသောအဝတ် ဖြစ်ပါ၏"

ဟူ၍ ဆိုသဖြင့် မင်းချင်းတို့လည်း မင်းကြီးထံမှောက်သို့ ပို့ဆောင်ကာ အကျိုးအကြောင်းကို လျှောက်တင်ကြလေ၏။ မင်းကြီးက...

"သူငယ်မ၊ သင်သည် အဝတ်ကိုတောင်းသည် မဟုတ်လော"

"မှန်လှပါ အရှင်မင်းကြီး၊ အဝတ်ကို တောင်းပါ၏"

"သူငယ်မ၊ သင် တောင်းဆိုသောအဝတ်ကား မည်သည့်အဝတ် ဖြစ်သနည်း"

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးမ တောင်းဆိုသော

www.burmeseclassic.com



အဝတ်မှာ ပကတိအဝတ် မဟုတ်ပါ။ လင်ဟူသောအဝတ်ကို တောင်းဆိုခြင်းသာ ဖြစ်ပါ၏"

"သူငယ်မ အဘယ်ကြောင့် လင်ကို အဝတ်ဟု ခေါ်ရသနည်း"

သည်သို့ မင်းကြီးက မေးသည်ရှိသော် ပညာရှိမိန်းမလည်း အောက်ပါအတိုင်း အကျိုးသင့်အကြောင်းသင့် ဖြေကြားလေ၏။

"အရှင်မင်းကြီး ရေမရှိသော မြစ်ကား အချည်းနှီး ဖြစ်ပါ၏။ မင်းမရှိသော တိုင်းနိုင်ငံသည်လည်း အချည်းနှီးပင် ဖြစ်ပါ၏။ ထို့အတူ လင်မရှိသော မိန်းမသည်လည်း မောင်ဆယ်ယောက်မျှ ပိုင်းရံနေစေကာမူ အချည်းနှီးသာ ဖြစ်ပါ၏။

ထို့ကြောင့် လင်ကို အဝတ်ဟုဆိုပါ၏။ လင်မရှိသော မိန်းမမှာ အဖိုးတစ်ထောင်ထိုက်တန်သော အဝတ်ကို ဝတ်ဆင်ရစေကာမူ အဝတ်ရှိသည် မမည်ပါ။ အချည်းနှီးပင် ဖြစ်ပါ၏"

ထိုသို့သော လျှောက်သားချက်ကို ကြားရသော် မင်းကြီးလည်း အားရနှစ်သက်ခြင်း ဖြစ်တော်မူ၏။ ထို့ပြင် တစ်ဝကြည်ညိုစိတ်ပင် ဝင်လာလေသည့်အတွက်...

"အို... သူငယ်မ၊ ဤဖမ်းဆီးထားသူ သုံးဦးမှာ သင်နှင့် မည်သို့ တော်စပ်ကြလေသနည်း"

"အရှင်မင်းကြီး၊ ဤသူကား လင်ဖြစ်ပါ၏။ ဤသူမှာ သားဖြစ်ပါ၏။ ဤသူကား မောင်ဖြစ်ပါ၏"

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်မ၊ ငါသည် သင့်အား သုံးယောက်စလုံးကို မပေးနိုင်။ တစ်ယောက်ကိုသာ ပေးနိုင်မည်။ သင်သည် မည်သူ့အား ယူမည်နည်း"

"အရှင်မင်းကြီးသို့ဆိုကာ မောင်ကို ယူလိုပါသည်"

"သူငယ်မ သင်သည် သားနှင့်လင် တစ်ဦးဦးကို မတောင်းဘဲ အဘယ်ကြောင့် မောင်ကို တောင်းရလေသနည်း"

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးမသည် အသက်ရှည်ပါမူ လင်နှင့်သားကို ရနိုင်ပါသည်။ မောင်ကား မွေးပေးမည့် အမိအဖများ မရှိတော့သဖြင့် မရနိုင်တော့ပါ။ ဒီအတွက် မောင်ကို တောင်းခံရခြင်း ဖြစ်ပါသည်"

ဟူ၍ လျှောက်ထား၏။ မင်းကြီးလည်း ပညာရှိမိန်းမ၏ သင့်တင့်လျှောက်ပတ်သော လျှောက်ထားမှုအပေါ်တွင် လွန်စွာမှ နှစ်သက်ခြင်း ဖြစ်ရကား သုံးယောက်စလုံးကိုပင် အချုပ်အနှောင်မှ လွှတ်ပေးတော်မူ၏။ ဤကဲ့သို့ ပညာရှိမိန်းမကို အကြောင်းပြုလျက် လူသုံးယောက် အသက်ချမ်းသာရာရသည့် အကြောင်းသည် နေရာတကာ ပြောဆိုစရာ သတင်းဆန်းဖြစ်၍ နေတော့၏။ ရဟန်းတို့လည်း တရားသဘင်၌ စုဝေးမိသောအခါ ထိုအကြောင်းကိုပင် ပြောဆိုမိကြလေ၏။ ထိုအကြောင်းကို ဘုရားရှင် ကြားသိတော်မူလျှင်...

"ရဟန်းတို့၊ ထိုမိန်းမကား ယခုမှသာလျှင် လူသုံးယောက်ကို သေဘေးမှ လွှတ်စေသည် မဟုတ်။ ရှေးအခါကလည်း လွှတ်စေခဲ့ဖူးပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ပညာရှိ မိန်းမတစ်ယောက်သည် လင်၊ သား၊ မောင်တို့နှင့်အတူ ရွာငယ်ဇနပုဒ်၌ နေထိုင်လေ၏။

(ဤဝတ္ထုကား ပစ္စုပ္ပန်ဝတ္ထုနှင့် တူလှသဖြင့် နောက်ပိုင်း လိုအပ်ရာကိုသာ ရေးသားပါမည်။ ပြုစုသူ)

နန်းတော်တွင်းသို့ ရောက်လာသော ပညာရှိမိန်းမအား မင်းကြီးက...

"သူငယ်မ၊ ငါ ဖမ်းဆီးထားသော လူသုံးယောက်တွင် အဘယ်သူကို အလိုရှိသနည်း"

"အရှင်မင်းကြီး သုံးယောက်စလုံးကို အလိုရှိပါ၏"

"သူငယ်မ၊ ငါသည် သုံးယောက်စလုံးကို မပေးနိုင်၊ တစ်ယောက်ကိုသာ ပေးနိုင်မည်။ အဘယ်သူကို ပေးရမည်နည်း"

"သို့ဆိုလျှင် မောင်ဖြစ်သူကိုပေးပါ အရှင်မင်းကြီး"

"အို... သူငယ်မ၊ သင်သည် လင်နှင့် သားကိုမူ မတောင်းဘဲ မောင်ကို တောင်း၏။ သင့်အတွက် မောင်သည် မည်သို့ အကျိုးရှိလေသနည်း"

"အရှင်မင်းကြီး ခါးပိုက်ထဲက ဟင်းရွက်အလား၊

www.burmeseclassic.com

www.burmeseclassic.com



လွယ်ပါ၏။ လင်ဆိုလျှင်လည်း ခရီးလမ်းမှာပင် သွားလာနေထိုင်နေသော မိန်းမဖြစ်စေကာမူ ရလွယ်ပါ၏။ မောင်ကား မွေးပေးမည့် အမေအဖေတို့ မရှိတော့သဖြင့် ရဖို့ရာ လုံးဝ မဖြစ်နိုင်တော့ပါ။ ဒီအတွက် မောင်ကို တောင်းဆိုရခြင်း ဖြစ်ပါ၏"

မင်းကြီးလည်း ပညာရှိမိန်းမ၏ အကျိုးသင့်အကြောင်းသင့် လျှောက်ပတ်သင့်လျော်လှစွာ လျှောက်တင်ခဲ့သည့်အတွက် များစွာမှ နှစ်သက်အားရတော်မူပြီး ဖမ်းဆီးထားသူ သုံးယောက်စလုံးကို လွှတ်လိုက်လေ၏။ ပညာရှိမိန်းမလည်း လင်၊ သားနှင့် မောင်အား ခေါ်ဆောင်ကာ ရွာသို့ ပြန်လာကြလေသတည်း။

ဤသို့လျှင် မြတ်စွာဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက် တရားသဘင်အတွင်းရှိ ရဟန်းပရိသတ်တို့အား…

"ရဟန်းတို့… ထိုအခါက လေးယောက်သောသူတို့သည် ယခုအခါ၌ လေးယောက်သောသူတို့ ဖြစ်လာ၏။ ဗာရာဏသီမင်းကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်ကာ ဇာတ်တော်ကို ပေါင်းလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## ၆၇ ။ သားတော်



www.burmeseclassic.com

www.burmeseclassic.com

[၆၈]

# သာကေတဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာသခင်ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာကေတမြို့အနီးရှိ အဉ္စနဥယျာဉ်၌ သီတင်းသုံးစဉ်က ဖြစ်လေ၏။

ထိုသာကေတမြို့၌ စည်းစိမ်ဥစ္စာ၊ သားသမီး၊ အခြွေအရံနှင့် ပြည့်စုံသော ပုဏ္ဏားအိုလင်မယားတို့ ရှိကြလေ၏။ တစ်နေ့သ၌ ပုဏ္ဏားအိုကြီးသည် မြို့ပြင်သို့ ထွက်မည်ဟု လှမ်းလင့်လာခဲ့ရာ မြို့တွင်း၌၊ သံဃာတော်အပေါင်း ခြံရံလျက် ဆွမ်းခံနေသော ဘုရားရှင်ကို တွေ့မြင်လျှင် ဘုရားရှင်ထံ အရောက်သွား၍ ခန္ဓာကိုယ်ကို ဝပ်စင်းကာ ဘုရားရှင်၏ ဖမျက်တော်ကို ကိုင်လိုက်၏။ ထို့နောက်...

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သား၊ သားတို့မည်သည် အမိအဖိတို့ အိုမင်းသောအခါ လုပ်ကျွေးရသည် မဟုတ်ပါလော။ ချစ်သားသည် အဘယ်ကြောင့် မိခင် ဖခင်တို့အား မျက်နှာမပြဘဲ နေပါဘိသနည်း။ ဖခင်ကား သားကို ယခု ဖူးမြင်ရပေပြီ။ မိခင်ကား သားကို ဖူးမြင်လို၍ စောင့်စားနေရှာပေ၏။ သင့်အမိ ဖူးမြင်ရလေအောင် ချစ်သားသည် ဖခင်နှင့်အတူ လိုက်ခဲ့ပါလော့"

ဟူ၍ လျှောက်ထားကာ ၎င်း၏ အိမ်ဂေဟာရှိရာသို့ ဘုရားရှင်အား ပင့်ဆောင်သွားလေ၏။ အိမ်သို့ရောက်လျှင် ပုဏ္ဏေးမအိုကြီးလည်း အိမ်တွင်းမှထွက်၍ ဘုရားရှင်၏ ဖမျက်တော်ကို ကိုင်လျက် ပုဏ္ဏားအိုကြီးနှင့်အတူ လျှောက်ထားငိုကြွေးလေ၏။ အိမ်တွင်းရှိ သားသမီးတို့အားလည်း...

"သားတို့ သမီးတို့၊ ဤကား သင်တို့၏ အစ်ကိုကြီးဖြစ်၏။ အစ်ကိုကြီးအား ရှိခိုးကြကုန်"

ဟူ၍ ပြောဆိုရှိခိုးစေ၏။ ပြီးလေသော် လွန်စွာ နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်လျက် ကြီးစွာသော အလှူကြီးကို ပေးကုန်၏။ မြတ်စွာဘုရားရှင်လည်း ဆွမ်းဘုဉ်းပေးပြီးနောက် ဇရာသုတ်ကို ဟောကြားတော်မူ၏။ သုတ်တော်အဆုံး၌ ပုဏ္ဏားအို လင်မယားတို့မှာ အနာဂါမ်ဖိုလ်သို့ ဆိုက်ရောက်ကြလေ၏။ ထို့နောက် ဘုရားရှင်လည်း အဉ္စနဥယျာဉ်သို့ ပြန်လည် ကြွမြန်းတော်မူလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သည့်အဖြစ်အပျက်ကို တွေ့မြင်ကြားသိရသော ရဟန်းတို့လည်း တရားသဘင်၌ စုမိကြခိုက်...

"ငါ့ရှင်တို့၊ ပုဏ္ဏားကြီးသည် မြတ်စွာဘုရားရှင်၏ အဘမှာ သုဒ္ဓေါဒနမင်းကြီး၊ အမိမှာ မဟာမာယာမိဖုရားကြီးဖြစ်မှန်း သိပါလျက် ၎င်းတို့လင်မယား၏ သားဟု ပိုင်စိုးပိုင်နင်း ဆိုကုန်၏။ ဘုရားရှင်ကလည်း မည်သူမျှ ငြင်းဆန်ခြင်းမပြုဘဲ ဆိတ်ဆိတ်နေလျက် ၎င်းတို့ ပင့်ဆောင်ရာသို့ လိုက်ပါသွား၏။ အကြောင်းမည်သို့ ရှိပါလေသနည်း"

ဟူ၍ ပြောဆိုကြလေ၏။ ဘုရားရှင်လည်း တရားသဘင်သို့ ကြွလာတော်မူပြီး ထိုအကြောင်းကို ကြားသိလေသော်...

"ရဟန်းတို့... ဤပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့သည် ငါ့အား ၎င်းတို့၏သားဖြစ်၍သာလျှင် သားဟု ဆိုကုန်၏"

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

"ရဟန်းတို့... လွန်လေပြီးသောအခါက ဤပုဏ္ဏားကြီးသည် အဆက်မပြတ်ဘဲ ဘဝငါးရာကာလပတ်လုံး ငါ၏ ဖခင်ဖြစ်ခဲ့ဖူးပြီ။ ဘဝငါးရာ ကာလပတ်လုံး ငါ၏ ပထွေး ဖြစ်ခဲ့ဖူးပြီ။ ဘဝငါးရာကာလပတ်လုံး ငါ၏ ဘကြီး ဖြစ်ခဲ့ဖူးပြီ။

www.burmeseclassic.com



ထို့အတူ ဤပုဏ္ဏေးမကြီးသည်လည်း အဆက်မပြတ်ဘဲ ဘဝငါးရာကာလပတ်လုံး ငါ၏မိခင် ဖြစ်ခဲ့ဖူးပြီ။ ဘဝငါးရာ ကာလပတ်လုံး ငါ၏ မိထွေး ဖြစ်ခဲ့ဖူးပြီ။ ဘဝငါးရာကာလပတ်လုံး ငါ၏မိကြီး ဖြစ်ခဲ့ဖူးပြီ။ ဤသို့လျှင် ဘဝပေါင်း ထောင့်ငါးရာကာလပတ်လုံး ပုဏ္ဏားကြီးလက်၌ကြီးခဲ့ရဖူးပြီ။ ဘဝပေါင်း ထောင့်ငါးရာ ကာလပတ်လုံး ပုဏ္ဏေးမကြီးလက်၌ ကြီးခဲ့ရဖူးပြီ"

ဟူ၍ ဘဝပေါင်းသုံးထောင်ကို ဟောတော်မူလျက်...

"ဤဘဝ၌ ရှေးက မမြင်ဖူးသူအပေါ် သက်ဝင်ကြည်ညိုခြင်းကား စင်စစ် ရှေးရှေးဘဝ၌ ဖြစ်ခဲ့ဖူးသော သက်ဝင် ကြည်ညိုခြင်းကြောင့်သာ ဖြစ်ပေသည်"

ဟူ၍ ဟောကြားတော်မူ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်လျက် တရားနာ ရဟန်းပရိသတ်တို့အား...

"ရဟန်းတို့... ထိုအခါက ပုဏ္ဏားနှင့် ပုဏ္ဏေးမတို့သည် ယခုအခါ ပုဏ္ဏားနှင့် ပုဏ္ဏေးမတို့ ဖြစ်လာကြ၏။ ထိုစဉ်က သားနှင့်တူသည် ငါဘုရားရှင် ဖြစ်လာလေ၏"

ဟူ၍ မိန့်တော်မူကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ပြ၉။ ဝိဿဝန္တဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၆၉]

## ဝိသဝန္တဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ရှင်သာရိပုတ္တရာသည် အတူနေ တပည့်ရဟန်းငယ်အတွက် ယူထားသော မုန့်ခဲဘွယ်ကို နေမြင့်လာသည့်တိုင် ရဟန်းငယ် ရောက်မလာသည့်အတွက် ဘုဉ်းပေးမိလေ၏။ ဘုဉ်းပေးပြီးမှ ပင် ရဟန်းငယ် ရောက်လာ၏။ ထိုအခါ ရှင်သာရိပုတ္တရာက အကျိုးအကြောင်းကို ရှင်းပြ၏။ ထိုအခါ ရဟန်းငယ်က လက်သင့်မခံဘဲ စိတ်ဆိုးမာန်ဆိုးဖြင့်...

"အရှင်ဘုရား၊ ကောင်းမြတ်သော ဆွမ်းခဲဘွယ်မုန့်သမျှ မနှစ်သက်သူ အဘယ်မှာရှိအံ့နည်း"

ဟူ၍ ပြန်လည် လျှောက်ထားရာ သံဝေဂကြီးစွာ ရတော်မူ၏။ သည်အတွက် ထိုနေ့မှစ၍ မည်သည့် မုန့်ခဲဘွယ် မုန့်သမျှကိုမျှ ဘုဉ်းမပေးတော့ပေ။ ဤသို့ နောင်တော်ကြီး ရှင်သာရိ

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားရာသည် မည်သည့်အခါမျှ မုန့်ခဲဘွယ်အား ဘုဉ်းမပေးတော့ကြောင်း တရားသဘင်၌ ရဟန်းတို့ ပြောဆိုနေကြသည်ကို ဘုရားရှင် ကြားသိတော်မူလေ၏။ ထိုအခါ...

"ရဟန်းတို့၊ ငါ၏သားတော် ရှင်သာရိပုတ္တရာကား တစ်ကြိမ်စွန့်ပြီးသော အရာဝတ္ထုကို အသက်ပင် စွန့်ရငြားလည်း နောက်တစ်ကြိမ် ပြန်လည် မယူတော့ပြီ"

ဟု မိန့်ဆိုကာ အတိတ်ဖွာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသောအခါကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် မြွေဆိပ်ကို နိုင်နင်းကျွမ်းကျင်သည့် ဆေးဆရာတစ်ယောက် ရှိလေ၏။

တစ်နေ့သ၌ ရွာတစ်ရွာ၌ လူတစ်ယောက် မြွေကိုက်ခံရသဖြင့် ဆွေမျိုးညီအစ်ကိုအပေါင်းလည်း လျင်မြန်စွာပင် ဆေးဆရာထံ သယ်ဆောင်သွားကြလေ၏။ ဆေးဆရာထံ ရောက်လေသော် ဆရာက...

"အသင်တို့၏ လူနာအား ဆေးလိမ်းကျံခြင်း၊ တိုခြင်းတို့ကိုပြု၍ အဆိပ်ကို ဖြေမည်လော။ သို့မဟုတ် ကိုက်သော မြွေကိုခေါ်၍ ကိုက်ရာအရပ်မှ အဆိပ်အား စုပ်ခိုင်းရမည်လော"

ဟု မေးလေ၏။ လူနာရှင်တို့ကလည်း...

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ၊ ကိုက်သောမြွေကိုခေါ်၍ ကိုက်ရာအရပ်မှ အဆိပ်အား စုပ်ခိုင်းပေးပါ"

ဟု ပြောဆိုလေ၏။ ထိုအခါ ဆေးဆရာလည်း သူ၏ ပညာဖြင့် ကိုက်သောမြွေကို ခေါ်လိုက်၏။ အပါးသို့ ကိုက်သောမြွေ ရောက်သည်ဆိုလျှင်...

"အသင်မြွေ၊ ဤလူနာအား အသင်ကိုက်ခဲ့သောနေရာမှ အသင်၏ အဆိပ်တို့အား ပြန်လည် ထုတ်ယူပါလော့"

ဟူ၍ အမိန့်ပေးခိုင်းစေလေ၏။ မြွေလည်း ဆေးဆရာအား...

"ကျွန်ုပ်သည် တစ်ကြိမ်စွန့်ပြီးသော ဝတ္ထုကို ပြန်မယူဖူးပေ။ သို့ဖြစ်၍ ကျွန်ုပ် စွန့်ပြီးသောအဆိပ်အား ပြန်လည် စုပ်ယူခြင်း မပြုလိုပါ"

ဟူ၍ ပြောဆိုတင်းခံလေ၏။ ဤတွင် ဆေးဆရာလည်း ထင်းခြောက်တို့ကို ဆောင်ယူကာ မီးမွှေးစေ၏။ မကြာမီ မီးများ စွဲလောင်ပြီး မီးပုံကြီးတစ်ပုံ ဖြစ်လာလေတော့၏။ ထိုအခါ ဆေးဆရာက...

"အသင့်မြွေ၊ သင်သည် သင့်အဆိပ်ကို ပြန်၍ မစုပ်လိုပါက ဤမီးပုံအတွင်း သက်ဆင်းရလိမ့်မည်"

ဟု ဆိုလေသော မြွေလည်း...

"ဆေးဆရာ၊ ကျွန်ုပ်ကား ထွေးအန်ပြီးသောအဆိပ်ကို တစ်ဖန် ပြန်၍ မမျိုလိုပါ။ စက်ဆုပ်လှပါ၏။ ထွေးအန်

www.burmeseclassic.com



ပြီးသော အဆိပ်ကို ပြန်မျို၍ အသက်ရှင်နေရခြင်းထက် သေရခြင်းက မြတ်သေး၏”

ဟု ဆိုကာ မီးပုံရှိရာသို့ ဆင်းသွားလေတော့၏။ ဆေးဆရာလည်း မြွေကိုတား၍ မြွေကိုက်သောလူနာအား ပျောက်ကင်းအောင် ဆေးကုသပေး၏။ မြွေကိုလည်း ငါးပါးသီလပေးကာ “ယနေ့မှစ၍ မည်သည့်သတ္တဝါကိုမျှ ဒုက္ခပေးခြင်း၊ ညှဉ်းဆဲခြင်းတို့ မပြုပါလေနှင့်” ဟူ၍ ဆုံးမကာ တောအုပ်အတွင်းသို့ ပြန်လွှတ်လိုက်လေတော့သတည်း။

ဤကဲ့သို့ မြတ်စွာဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက် တရားသဘင်အတွင်းရှိ ပရိသတ်တို့အား...

“ရဟန်းတို့... ထိုအခါက မြွေသည် ယခုအခါ သာရိပုတ္တရာ ဖြစ်လာ၏။ ထိုစဉ်က ဆေးဆရာသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏”

ဟူ၍ မိန့်ဆိုကာ ဇာတ်တော်ကို ပေါင်းပါလေတော့သတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၇၀ ။ ကုဒါလ ပဏ္ဍိတဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# [၃၀]

# ကုဒါလပဏ္ဍိတဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

တစ်နေ့သ၌ ဓိတ္တဟတ္ထမည်သော ဆင်ထိန်းသားသည် လယ်ထွန်သွားရင်း ရဟန်းကျောင်းတစ်ကျောင်းသို့ဝင်ကာ ရဟန်းတစ်ပါးကျွေးသော ဆွမ်းကျန်ကို စားရသဖြင့် နှစ်သက်သဘောကျသွားပြီး ရဟန်းပြုခဲ့လေ၏။

ကာလအားဖြင့် တစ်လခွဲခန့်ကြာလေသော် မသင့်မလျော်သောစိတ်တို့ကို နှလုံးသွင်းမိပြီး ကိလေသာအာရုံကို မလွန်ဆန်နိုင်ဘဲ လူဝတ်လဲခဲ့လေ၏။ လူအဖြစ်ရရှိလေသော် ထမင်းနပ်မှန်ဖို့အရေး ဆင်းရဲပင်ပန်းစွာ ရုန်းကန်ရသဖြင့် စိတ်ညစ်ညူးကာ ရဟန်းပြုပြန်၏။ အဘိဓမ္မာတရားကို သင်ကြား၏။ ခြောက်

www.burmeseclassic.com

www.burmeseclassic.com



နောက် လူထွက်ပြန်၏။ သို့ဖြင့် ရဟန်းပြုလိုက်၊ လူထွက်လိုက်နှင့် ခြောက်ကြိမ်မြောက်ခဲ့၏။ ခုနစ်ကြိမ်မြောက် ရဟန်းပြုလေသော် အဘိဓမ္မာကိုဆောင်၍ ရဟန်းတို့ကို သင်ကြားစေလျက် ဝိပဿနာတရားပွားများကာ အရဟတ္တဖိုလ်သို့ ဆိုက်လေ၏။

ထိုသို့ ဇိတ္တဟတ္ထမထေရ်နှင့် စပ်လျဉ်း၍ အဆွေခင်ပွန်း ရဟန်းတို့က တရားသဘင်၌ စကားစပ်ကာ ပြောဆိုမိကြလေ၏။ ထိုအခါ ဘုရားရှင် သိတော်မူသွားပြီး...

"ရဟန်းတို့၊ ပုထုဇဉ်တို့၏စိတ်ကား အဖြစ်မြန်၏။ အာရုံတစ်ခုခုကို ဖွဲ့လမ်းမိပါက ဖြေဖျောက်နိုင်ခဲ၏။ ရှေးပညာရှိတို့သည် ပေါက်တူးတစ်လက်အပေါ်၌ တပ်မက်သော လောဘကြောင့် ခြောက်ကြိမ်တိုင်အောင် လူထွက်၍ ခုနစ်ကြိမ်မြောက် ရဟန်းအဖြစ်၌ ဈာန်ကိုရ၍ လောဘကို အောင်နိုင်ခဲ့ဖူးပြီ"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူပါသတည်း။

* * *

ရှေးလွန်လေပြီးသော ကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်က ဖြစ်၏။ ထိုအချိန်ဝယ် ဟင်းသီးဟင်းရွက်တို့ကို စိုက်ပျိုးရောင်းချသော သူတစ်ဦးရှိ၏။ ၎င်း၏အမည်မှာ ကုဒ္ဒါလပဏ္ဍိတ ဖြစ်လေ၏။

ကုဒ္ဒါလပဏ္ဍိတသည် ပေါက်တူးတစ်လက်ဖြင့် မြေကို တူးဆွကာ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရောင်းချသူဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ငှင်း၌ ပေါက်တူးတစ်လက်မှလွဲ၍ တခြားမည်သည့် ကိုယ်ပိုင် ပစ္စည်းမျှ မရှိချေ။ တစ်နေ့သ၌ ကုဒါလပဏ္ဍိတသည်...

"ငါကား ဤကဲ့သို့နေခြင်းဖြင့် အချိန်တွေသာကုန်ပြီး မည်သည့်အကျိုးမျှ မရှိပြီ။ တောထွက်ပြီး ရသေ့ရဟန်း ပြုတော့မည်"

ဟူ၍ ကြံစည်ဆုံးဖြတ်ပြီး ငှင်းပိုင်ဆိုင်သော ပေါက်တူးအား လုံခြုံသောနေရာတစ်နေရာတွင် ဝှက်ကာ ရသေ့ရဟန်းပြုလေ၏။ ကာလအတန်ကြာသော် ပေါက်တူးကို သတိရလာပြီး ပေါက်တူး အပေါ် စွဲလမ်းစိတ်ကို မဖျောက်နိုင်သဖြင့် လူထွက်လေ၏။ ဤ နည်းဖြင့် ခြောက်ကြိမ်တိတိ ရသေ့ရဟန်းဝတ်လိုက်၊ လူထွက် လိုက်နှင့် သံသရာလည်နေခဲ့လေ၏။

ခုနစ်ကြိမ်မြောက် ရဟန်းပြုမည် ကြံသောအခါ၌မူ...

"ငါသည် ဘာမျှမဟုတ်၊ အဖိုးမတန် တုံးအိုနေသော ပေါက်တူးကလေးတစ်လက်မျှကိုပင် မစွန့်နိုင်။ သူတစ်ပါး တို့မှာမူ မရေတွက်နိုင်သော စည်းစိမ်ဥစ္စာတို့ကိုစွန့်၍ ရဟန်း ပြုကြ၏။ သို့ဖြစ်၍ ဘာမဟုတ်သည့် ပေါက်တူးကလေး တစ်လက်ကို စွဲလမ်းနေ၍ မဖြစ်။ ဒီအသွားတုံးနေသော ပေါက်တူးအား အစပျောက်အောင် စွန့်ပစ်မှဖြစ်တော့မည်"

ဟူ၍ ဆုံးဖြတ်ပြီးသကာလ မြစ်ကမ်းအပါးသို့ သွားပြီး ပေါက်တူးကို မြှောက်လိုက်၏။ ထို့နောက် သုံးကြိမ်တိတိ ဇွဲ ရမ်းကာ နောက်ဆုံး၌ လွှတ်လိုက်သည်ရှိသော် ပေါက်တူးလည်း

www.burmeseclassic.com

www.burmeseclassic.com



မြစ်လယ်တွင်း သက်ဆင်းကာ စုံးစုံးမြုပ် ပျောက်ကွယ်သွားလေတော့၏။ ထိုအခါ ကုဒါလပဏ္ဍိတလည်း ဝမ်းသာအားရဖြင့်...

"အောင်ပြီ... အောင်ပြီ... အောင်ပြီ"

ဟူ၍ သုံးကြိမ်တိတိ ကြွေးကြော်လေတော့၏။

ထိုအချိန်တွင် ဗာရာဏသီမင်းကြီးသည် ပစ္စန္တရာဇ်အရပ်ရှိ သူပုန်တို့အား တိုက်ခိုက်နှိမ်နင်း၍ အောင်ပွဲရလာသည့်အခိုက်ဖြစ်၏။ ကုဒါလပဏ္ဍိတ 'အောင်ပြီ' ဆိုသော အသံကြောင့် အကြောင်းစုံလင်စွာ သိရစေခြင်းငှာ ရှေ့တော်သို့ ဆင့်ခေါ်လိုက်၏။

"အမောင် ငါကား ပစ္စန္တရာဇ်အရပ်ရှိ သူပုန်တို့ကို တိုက်ခိုက်နှိမ်နင်း၍ အောင်မြင်လာသူဖြစ်၏။ သင်ကား ဘယ်အရာကို အောင်မြင်၍ 'အောင်ပြီ' ဟု ဟစ်ကြွေးရပါသနည်း"

"မြတ်သောမင်းကြီး၊ မင်းကြီး၏ အောင်မြင်ခြင်းကား စစ်မြေပြင်၌ ရန်သူကို အောင်မြင်ခဲ့ခြင်းဖြစ်၍ ကောင်းသော အောင်မြင်ခြင်းဟု ဆိုနိုင်မည် မဟုတ်ပါ။

အကျွန်ုပ်၏ အောင်မြင်ခြင်းကား ကိုယ်တွင်း၌ တပ်မက်မှု၊ စွဲလန်းမှု ကိလေသာရန်သူကို အောင်မြင်ခြင်းဖြစ်၍ ကောင်းသောအောင်မြင်ခြင်း ဖြစ်ပါ၏"

ဟူ၍ အကျိုးအကြောင်းစုံကို လျှောက်ထားပြီးသကာလ မြစ်တွင်းရှိ ရေတို့အား အာပေါကသိုဏ်းရှုလိုက်၏။ ထိုအခါ ဈာန်ဖြစ်ပေါ်လျက် ကောင်းကင်ထက်မှနေကာ...

www.burmeseclassic.com

www.burmeseclassic.com



"မြတ်သောမင်းကြီး၊ သင်မင်းကြီး၏ အောင်မြင်ခြင်းကား ရန်သူ သူပုန်ထလာလျှင် ပြန်၍ နိမ်နင်းရဦးမည်ဖြစ်၏။ ဒီအတွက် ကောင်းသော အောင်မြင်ခြင်း မဟုတ်။ အကျွန်ုပ်၏ အောင်မြင်ခြင်းကား ကိုယ်တွင်းရှိ ကိလေသာတို့အား ပြန်၍မဖြစ်နိုင်အောင် အောင်မြင်ခြင်းဖြစ်၍ ကောင်းသော အောင်မြင်ခြင်းဟု ဆိုရပေလိမ့်မည်"

ဟူ၍ တရားဟောလေ၏။ မင်းကြီးလည်း ကုဒ္ဒါလပဏ္ဍိတ၏ တရားကို ကြားနာရသောအခါ ရဟန်းပြုလိုသောစိတ်များ ဖြစ်ပေါ်လာ၏။ ထို့ကြောင့်...

"အို... ပညာရှိ၊ သင် ယခု အဘယ်သို့သွားမည်နည်း"

"မင်းကြီး၊ ကျွန်ုပ် ဟိမဝန္တာသို့သွား၍ ရဟန်းပြုမည်"

"သို့ဆိုလျှင် ငါလည်း ရဟန်းပြုလိုပါသည်"

သို့ဖြင့် ကုဒ္ဒါလပဏ္ဍိတနှင့် မင်းကြီးသည် လည်းကောင်း၊ မင်းကြီး၏ ပရိသတ်အားလုံးသည် လည်းကောင်း ရဟန်းပြုလိုစိတ် ဖြစ်ပေါ်ကာ ဟိမဝန္တာသို့ ထွက်ကြလေ၏။ မြို့သူမြို့သားတို့မှာလည်း ထိုသတင်းကိုကြားသော် ရဟန်းပြုလိုစိတ်ဖြစ်ကာ မင်းကြီးတို့သွားရာနောက်သို့ အမှီလိုက်ကြကုန်၏။ ဤအကြောင်းကို သိကြားမင်းသိ၍ ပရိက္ခရာ၊ နေရာထိုင်ခင်း၊ ဆွမ်းအာဟာရ၊ အရိပ်၊ ရေမှစ၍ လိုလေသေးမရှိရလေအောင် ပြည့်စုံစွာ စီမံထားစေရန် ဝိသကြုံနတ်သားအား တာဝန်ပေးလိုက်၏။ ဝိသကြုံနတ်သားလည်း တာဝန်ကျေပွန်စွာပင် လိုလေသေး မရှိရလေအောင် ပြည့်စုံစွာ ဖန်ဆင်းပေးထားလေ၏။ ကုဒ္ဒါလပဏ္ဍိတ၊ မင်းကြီးနှင့် ပရိသတ်အပေါင်းလည်း ရေကန်အသင့် ကြာအသင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လျက် စိတ်လက်ချမ်းသာစွာ ရသေ့ရဟန်းပြုပြီး တရားအားထုတ်ကြလေ၏။

အဆိုပါသတင်းကို ခုနစ်ပြည်ထောင်မင်းအပေါင်းတို့ ကြားသိပြန်သောအခါ ၎င်းတို့လည်း တောထွက်ပြီး ရသေ့ရဟန်းပြုကြလေ၏။ ကုဒ္ဒါလပဏ္ဍိတမှစ၍ ရသေ့အပေါင်းတို့လည်း ကသိုဏ်းပရိကံကို ပြုလုပ်ကာ အားထုတ်ကြသည်ရှိသော် ဈာန်အဘိညာဉ်ကို ရကြလျက် သက်တမ်းစေ့နေပြီး သေလွန်သည်ရှိသော် ဗြဟ္မာ့ပြည်သို့ လားကြရကုန်၏။ ထို့အတူ ရသေ့ သူတော်ကောင်းတို့ကို ပူဇော်လုပ်ကျွေးသော သူတို့လည်း ကုသိုလ်တရားတို့ကို အားထုတ်ကြကာ သေသည်၏ အခြားမဲ့၌ နတ်ရွာသုဂတိသို့ လားကြရလေသတည်း။

အဆိုပါ ဒေသနာအဆုံး၌ အချို့သော ရဟန်းတို့သည် သောတာပန်၊ အချို့သော ရဟန်းတို့သည် သကဒါဂါမ်၊ အချို့ အနာဂါမ်၊ အချို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေ၏။

ဘုရားရှင်လည်း ဤသို့သော အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်တော်မူလျက်

"ရဟန်းတို့၊ ထိုအခါက ဗာရာဏသီမင်းသည် ယခုအခါတွင် အာနန္ဒာဖြစ်လာ၏။ ကုဒ္ဒါလပဏ္ဍိတ ပရိသတ်သည် ဘုရားရှင်၏ ပရိသတ်ဖြစ်လာ၏။ ကုဒ္ဒါလပဏ္ဍိတသည် ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်တော်မူကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၇၁။ ဝါရုဏဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# ဝရဏဝဂ်

[ရ၁]

## ဝရဏဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စမ္မာယ်သီတင်းသုံးနေစဉ် ဖြစ်၏။ ထိုအချိန်ဝယ် သာဝတ္ထိပြည်ရှိ အဆွေခင်ပွန်း သုံးဆယ်တို့သည် ဘုရားရှင်၏ တရားတော်ကို နာယူပြီးသည့်နောက် အကျွတ်တရားများ ရရှိကာ သာသနာတော်တွင်း၌ ရဟန်းဝတ်ခဲ့ကြလေ၏။ ထိုရဟန်း သုံးဆယ်ထဲ၌ 'ကုဋုမ္ဗိကပုတ္တတိဿ' အမည်ရှိ ရဟန်းကား လွန်စွာမှ ပျင်းရိသည့်အပြင် ရသတဏှာတို့လည်း စွဲလမ်းတပ်မက်သူ ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းသုံးဆယ်တို့သည် ဥပဇ္ဈာယ်ဆရာအား ငါးနှစ်တာမျှ လုပ်ကျွေးပြုစုပြီး ကမ္မဋ္ဌာန်းတရားများ အားထုတ်ရန်အတွက် မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းကို ယူခဲ့ကြ၏။ ထို့နောက် ကောသလ တိုင်း၊ ပစ္စန္တရာဇ်ရွာတစ်ရွာ၌ ဝါကပ်လျက် ကမ္မဋ္ဌာန်တရားကို အားထုတ်ကြကုန်၏။ 'ကုဋ္ဋမ္ဗိက ပုတ္တတိဿ' မှာမူ ပျင်းရိသူ ဖြစ်လျက် ကမ္မဋ္ဌာန်းတရားကို အားမထုတ်လိုသဖြင့် ရဟန်းတို့ကို ထားခဲ့ပြီးလျှင် ဇေတဝန်ကျောင်းသို့ ပြန်လာခဲ့၏။

ကျန်ရစ်ခဲ့သော ရဟန်းတို့မှာ ဝါတွင်းကာလ၌ ကမ္မဋ္ဌာန်း တရားကို ကြိုးကြိုးစားစား အားထုတ်သဖြင့် နောက်ဆုံး၌ အရဟတ္တဖိုလ်ဆိုက်ကာ ရဟန္တာများ ဖြစ်ကြကုန်၏။ ဝါကျွတ် လေသော် ဘုရားရှင်ထံသို့ ဖူးမြော်ရန် ရောက်ရှိလာကြ၏။ မိမိ တို့ရရှိသော တရားတို့ကို လျှောက်တင်ကြ၏။ ဘုရားရှင်လည်း အဆိုပါ ရဟန်းတော်တို့ကို ချီးမွမ်းတော်မူ၏။ ရဟန်းတို့လည်း ၎င်းတို့ သီတင်းသုံးရာ တောကျောင်းသို့ နောက်ရက်၌ ပြန်မည့် အကြောင်းကို တောင်းပန် လျှောက်ထားပြီးလျှင် တည်းခိုရာ ပရိဝုဏ်သို့ ပြန်လာကြကုန်၏။

ကုဋ္ဋမ္ဗိကပုတ္တတိဿမထေရ်သည်လည်း ဘုရားရှင်က ရဟန်းတို့ အား ချီးမွမ်းကြောင်းကို ကြားသိရလေသောအခါ ငါလည်း တရားအားထုတ်တော့မည်ဟု ဆုံးဖြတ်ကာ ညဘက်၌ တရား အားထုတ်လျှင် ပုံစံမကျဘဲ ငိုက်မျဉ်းကာ လဲကျသွားလေ၏။ ထိုအခါ ပေါင်ကျိုးသွားပြီး ရောဂါဝေဒနာ ပြင်းထန်စွာ ခံစား ရလေ၏။ ဤတွင် အဆွေခင်ပွန်း ဖြစ်ကြကုန်သော ရဟန်းတို့

www.burmeseclassic.com



မှာလည်း ကုဇ္ဇုမ္ဗိကပုတ္တတိဿအား ပြုစုနေရသည့်အတွက် တောကျောင်းရှိရာသို့ မပြန်နိုင်ဘဲ ဖြစ်နေရလေ၏။

ရဟန်းတို့သည် နောက်ထပ် ဘုရားရှင်ထံ အဖူးမြော်ဝင်ရောက်ကြလေသော် ဘုရားရှင်လည်း ရဟန်းတို့ မပြန်ဖြစ်သည့်အကြောင်းရင်းကို မေးမြန်းလေ၏။ ရဟန်းတို့က ကုဇ္ဇုမ္ဗိကပုတ္တတိဿမထေရ် ပေါင်ကျိုးသွားသည့်အတွက် ပြုစုနေရသဖြင့် မပြန်ဖြစ်သေးကြောင်း လျှောက်တင်ကြ၏။ ထိုအခါ ဘုရားရှင်က...

"ရဟန်းတို့၊ ကုဇ္ဇုမ္ဗိကပုတ္တတိဿမထေရ်ကား ယခုအခါမှသာလျှင် သင်တို့အား အဟန့်အတားပြုသည် မဟုတ်သေး။ ရှေးကလည်း ပြုဖူးလေပြီ"

ဟု မိန့်တော်မူလျက် အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ကာလသမယ။

ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာကြီးသည် တပည့်လုလင်ငါးရာတို့အား အတတ်ပညာတို့ကို သင်ကြားပေးလျက်ရှိ၏။

တစ်နေ့သ၌ တပည့်လုလင်တို့သည် ထင်းခွေရန် တောသို့သွားကြကုန်၏။ တောသို့ ရောက်သည်ရှိသော် လုလင်အသီးသီးတို့မှာ ထင်းတို့ကို ရှာဖွေကြကုန်၏။ စုဆောင်းကြကုန်၏။ ထိုလုလင်တို့အနက်မှ တစ်ယောက်သော လုလင်အား လွန်စွာ

www.burmeseclassic.com

www.burmeseclassic.com



ပျင်းရိသူဖြစ်၏။ ၎င်းသည် ပျင်းရိသူဖြစ်သည့်အလျောက် အနီး၌ ခံတက်ပင်ကြီးကို မြင်လေလျှင် 'ဤခံတက်ပင်ကြီးကား သွေ့ခြောက်သောအပင် ဖြစ်၏။ ၎င်းကိုပင် ချိုးယူပြီးပြန်မည်။ လောလောဆယ် တစ်ရေးလောက် မှေးစက်ကာ နိုးသောအခါမှ ချိုးယူမည်' ဟု ကြံစည်လျက် ကိုယ်၌ လွှမ်းလာသော တဘက်ကိုခင်းကာ အိပ်စက်လေတော့၏။

အခြားသော လုလင်တို့မှာမူ ရှာဖွေစုဆောင်း၍ ရလာသော ထင်းတို့ကို စည်းနှောင်ပြီးလျှင် ထမ်းပိုး၍ သွားကြရာ လမ်းခုလတ်၌ အိပ်မောကျနေသော ပျင်းလုလင်အား ခြေဖြင့် ကန်ကျောက်လျက် နှိုးခဲ့ပြီး ခရီးဆက်ကြကုန်၏။ ပျင်းလုလင်လည်း အိပ်ရာမှ အမြန်ထ၍ မျက်လုံးမျက်ခွံတို့ကို ပွတ်သပ်၏။ ထို့နောက် အိပ်ချင်မပြေ မှုန်တေတေဖြင့် အနီးရှိ ခံတက်ပင်ကြီးပေါ်သို့ တက်၏။ ခံတက်ကိုင်းတို့ကို ချိုး၏။ ထိုအခါ ခံတက်ကိုင်းကျိုး၏ အစွန်းတစ်ဖက်သည် မျက်စိကို ထိုးမိသဖြင့် မျက်လုံးတစ်ဖက် ကန်းလေ၏။ ထိုအခါ ပျင်းလုလင်သည် လက်တစ်ဖက်ဖြင့် ကန်းသောမျက်စိကိုပိတ်၍ ကျန်လက်တစ်ဖက်ဖြင့် ခံတက်ကိုင်းကိုချိုးကာ အပင်ပေါ်မှ ဆင်းသက်၏။ ထို့နောက် ခံတက်သားတို့ကို စုစည်း၍ ထမ်းပိုးကာ သွားနှင့်သူတို့ထံ အမီလိုက်လေ၏။ ထို့နောက် ထင်းများ စုပုံရာနေရာသို့ရောက်လျှင် အများနည်းတူ ပျင်းလုလင်လည်း ၎င်း၏ ထင်းစည်းအား ထင်းပုံပေါ်သို့ တင်လိုက်လေ၏။

ထိုနေ့ကား ရွာတစ်ရွာမှ အမျိုးသမီးတစ်ဦးသည် မနက်ဖြန်

www.burmeseclassic.com

www.burmeseclassic.com



တွင် ပုဏ္ဏားတို့အား ပေဒင်ရွတ်ဖတ် သရဇ္ဈာယ်ပါစေဟု ဒိသာပါမောက္ခဆရာကြီးထံ ပင့်ဖိတ်ထားသောနေ့ ဖြစ်လေ၏။ ဆရာကြီးလည်း တပည့်လုလင်တို့အား...

"အမောင်တို့၊ မနက်ဖြန်၌ ရွာတစ်ရွာ၏ အိမ်တစ်အိမ်သို့ ပေဒင်ရွတ်အံ သရဇ္ဈာယ်ရန် သွားကြရမည်။ သင်တို့သည် အစာမစားဘဲ သွားနိုင်ကြမည် မဟုတ်။ ဒီအတွက် နံနက်စောစော အိပ်ရာမှထကာ ယာဂုကျိုလျက် သောက်ပြီးမှသွားပါ။ အဆိုပါရွာသို့ ရောက်၍ ပြုဖွယ်ကိစ္စတို့ကို ပြုလုပ်ပြီးနောက် မိမိတို့ ရအပ်သော ဝေစုကိုယူ၍ ပြန်လာခဲ့ကြပါ"

ဟူ၍ မှာကြားလေ၏။ လုလင်တို့လည်း စောစောထ၍ ယာဂုကျိုပေးရန် ကျွန်မတစ်ယောက်ကို တာဝန်ပေးလေ၏။ ကျွန်မလည်း နံနက်စောစော အိပ်ရာမှထ၍ ထမင်းချက်ဆောင်သို့သွားကာ ယာဂုကျိုလေ၏။ ဤတွင် ထင်းယူသည်ရှိသော် ပျောင်းလုလင်ချိုးလာခဲ့သော ခံတက်သား အစိုတို့ကို ဆွဲယူပြီး မီးမွေးလေ၏။ မီးပြောင်းဖြင့် အတန်တန်မှုတ်ပါသော်ငြား ခံတက်သားမှာ အစိုဖြစ်နေ၍ မီးမတောက်ဘဲ ရှိလေ၏။ သို့ဖြင့် ယာဂုမှာ မကျက်နိုင်ဖြစ်ကာ နေပင် ထွက်လာခဲ့ပြီဖြစ်၏။ လုလင်အပေါင်းလည်း နေမြင့်လှပြီးဖြစ်၍ မသွားနိုင်တော့ကြောင်း ဆရာကြီးအား ပြောဆိုကြလေ၏။

"အမောင်တို့ သွားချိန်တန်ရုံမက လင့်ပင်လင့်နေပေပြီ။ အဘယ်ကြောင့် မသွားကြသေးသနည်း"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မေးလေရာ၊ လုလင်တို့လည်း ပျေင်းလုလင်၏ ခံတက်သားထင်းအစိုကြောင့် ယာဂုမကျက်နိုင် ဖြစ်ရပုံတို့ကို စုံစေ့စွာ ပြောကြားကြကုန်၏။ ဆရာကြီးလည်း...

"အမောင်တို့၊ လောက၌ ရှေးဦးစွာ ပြုလုပ်ရမည့်အမှုကို ရှေးဦးစွာပင် ပြုလုပ်ရပေမည်။ အချိန်နှောက်ကျမှ ပြုလုပ်ခဲ့လျှင် ခံတက်ကိုင်းစိုအား ထင်းအဖြစ် ချိုးယူခဲ့သော ပျင်းရိသောလုလင်ကဲ့သို့ နောင်တတစ်ဖန် စိုးရိမ်ပူပန်ရလတ္တံ့."

ဟူ၍ ဆုံးမလေ၏။ လုလင်အပေါင်းကား ပျေင်းလုလင်တစ်ယောက်ကြောင့် မိမိတို့ ရအပ်သော လာဘ်လာဘမှ ဆုတ်ယုတ်ခြင်း ဖြစ်ရလေသတည်း။

ဤကဲ့သို့ ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်လျက် ရဟန်းပရိသတ်အား...

"ရဟန်းတို့... ထိုအခါက မျက်စိတစ်ဖက်ပျက်သွားရလေသော ပျေင်းလုလင်သည် ယခုအခါ ပေါင်ကျိုးသွားသော ကုဋုမ္ဗိကပုတ္တတိဿ ဖြစ်လာ၏။ ကြွင်းကျန်ရစ်သော ပရိသတ်သည် ငါဘုရားရှင်၏ ပရိသတ်ဖြစ်လာ၍ ဒိသာပါမောက္ခဆရာကြီးကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်တော်မူလျက် ဇာတ်တော်ကို ပေါင်းပါလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၇၂ ။ သီလဝနာဂရာဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၇၂]

## သီလဝနာဂရာဇဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ အထွတ်ဥသျှောင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်လေ၏။

တစ်ခုသော တရားသဘင်၌ ရဟန်းအပေါင်းတို့သည် "ငါ့ရှင်တို့ ဒေဝဒတ်သည် မြတ်စွာဘုရားရှင်၏ ကျေးဇူးဂုဏ်ကို မသိ" ဟူ၍ ပြောဆိုကြလေ၏။ ထိုအကြောင်းကို ဘုရားရှင်ကြားသိတော်မူလေသောအခါ...

"ရဟန်းတို့၊ ဒေဝဒတ်သည် ငါဘုရားရှင်၏ ကျေးဇူးဂုဏ်ကို ယခုအခါမှာပင် မသိတတ်သည် မဟုတ်သေး။ ရှေးအခါကလည်း ကျေးဇူးဂုဏ်ကို မသိတတ်သူဖြစ်ဖူးပြီ" ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူပါသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွန်လေပြီးသော ကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ဟိမဝန္တာအရပ်၌ ဆင်ရှစ်သောင်းတို့၏ အလုပ်အကျွေးကို ခံယူလျက် ဆင်အပေါင်းတို့၏ အကြီးအမှူးဖြစ်သော ဆင်ဖြူတော်ရှိလေ၏။ ဆင်ဖြူတော်မှာ လှပတင့်တယ်၏။ လိမ္မာရေးခြားရှိ၏။ ဆင်ဖြူတော်သည် ဟိမဝန္တာတော၌ ကျင်လည်ကျက်စားရင်းမှ အဖော်အပေါင်းတို့နှင့် နေထိုင်ရခြင်း၏အပြစ်တို့ကို မြင်လာပြီး အပေါင်းအဖော်တို့ကို စွန့်ခွာ၍ တစ်စီးတည်းသာလျှင် ကျင်လည် ကျက်စားတော့၏။ အကျင့်သီလနှင့် ပြည့်စုံသည့်အတွက်ကြောင့် သီလဝနာဂရာဇာဟူ၍ အမည်တွင်လေ၏။

ထိုအခါ ဗာရာဏသီမြို့နေ တောလိုက်မုဆိုးတစ်ယောက်သည် ဟိမဝန္တာတောသို့ဝင်ကာ ၎င်းအလိုရှိသော ဘဏ္ဍာပစ္စည်းတို့ကို လည်းကောင်း၊ သားကောင်ကို လည်းကောင်း ရှာဖွေရင်း မျက်စိလည် လယ်မှားပြီး မပြန်တတ်တော့သဖြင့် ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်ပေါ်လျက် လက်နှစ်ဖက်မြှောက်ကာ ဟစ်အော် ငိုကြွေးလေတော့၏။

အဆိုပါ အော်ဟစ်ငိုကြွေးသံကို ဆင်မင်းလည်း ကြားရလေ၏။ ထိုအခါ 'ငါသည် ထိုယောကျ်ား၏အသက်ကို ကယ်ဆယ်၍ ဆင်းရဲခြင်းမှ လွတ်ကင်းစေအံ့' ဟု ကြံစည်ကာ မုဆိုးရှိရာသို့ သွားလေ၏။ ဒုက္ခသည် မုဆိုးကို တွေ့လေသော်...

"အို... ယောကျ်ား၊ ဘယ့်အတွက် ငိုကြွေးနေရပါသနည်း"

www.burmeseclassic.com

www.burmeseclassic.com



"အရှင် ဆင်မင်း၊ ကျွန်ုပ် မျက်စိလည်. လမ်းမှား၍ သေဘေးမှ ကြောက်ရွံ့သဖြင့် ငိုကြွေးနေရခြင်း ဖြစ်ပါ၏"

ထိုအခါ ဆင်မင်းလည်း စိုးရိမ်ခြင်း မဖြစ်စေရန် နှစ်သိမ့်ပြီး မုဆိုးအားခေါ်လျက် ၎င်း၏နေရာ၌ နေစေပြီးလျှင် နှစ်ရက်၊ သုံးရက်ခန့် အနားယူစေ၏။ သစ်သီးကြီးငယ်တို့ကို ရှာဖွေကျွေးမွေး၏။ ထို့နောက်...

"အသင်ယောကျ်ား၊ သင့်ကို ဘေးအန္တရာယ်ကင်းစေရန် ငါကိုယ်တိုင် ပို့ဆောင်မည်"

ဟု ဆိုလျက် ၎င်း၏ ကျောကုန်းပေါ်တင်ဆောင်ပြီး လမ်းခရီးသို့ ပို့ဆောင်လေ၏။ မုဆိုးလည်း ဆင်မင်း၏ ကျောပေါ်မှ လိုက်ပါလျက် တောတောင်သစ်ပင်တို့ကို အမှတ်အသားပြုလေ၏။ ဆင်မင်းလည်း တောအုပ်မှ လွန်သည်ရှိသော် ဗာရာဏသီမြို့သို့သွားရာ လမ်းခရီး၌ မုဆိုးအား ချပေးလေ၏။

"အို... အသင်ယောကျ်ား၊ ဤလမ်းအတိုင်းသွားပါက ဗာရာဏသီသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ပေအံ့။ သွားလိုရာ ရောက်သည်ရှိသော် မည်သူမည်ဝါက မေးမြန်းသည်ရှိစေ ငါရှိသည့်နေရာကို လုံးဝ မပြောပါနှင့်"

ဟူ၍ မှာကြားပြီး ဆင်မင်းလည်း တောအုပ်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

မုဆိုးလည်း ဗာရာဏသီပြည်သို့ ပြန်လည်ရောက်ရှိလေသော် ဆင်စွယ်ပွတ်သမားတို့ထံ သွားရောက်၍...

www.burmeseclassic.com

www.burmeseclassic.com



"အချင်းတို့၊ အသက်ရှင်လျက်ရှိသော ဆင်၏အစွယ်ကို ရမည်ဆိုပါက လိုချင်ကြပါသလော"

ဟု မေးလေ၏။ ဆင်စွယ်ပွတ်သမားတို့လည်း...

"အချင်းမုဆိုး။ မည်ကဲ့သို့ ပြောလိုက်ပါသနည်း။ အသက်ရှင်လျက်ရှိသော ဆင်စွယ်ဟူသည် အသက်မရှိသော ဆင်၏အစွယ်ထက် လွန်စွာမှ တန်ဖိုးကြီးမား၏။ ငါတို့ အလိုရှိပါ၏။ ယူသာ ယူခဲ့ပါလော့"

ဟူ၍ ဆိုလေ၏။ ဤတွင် မုဆိုးလည်း ၎င်း၏အသက်ကို ကယ်တင်ခဲ့ဖူးသော ဆင်မင်း၏ကျေးဇူးကို မထောက်ထားဘဲ ရက်စက်ယုတ်မာလှစွာဖြင့် အစွယ်အသွားထက်လှစွာသော လွှ တစ်ချောင်းကို ယူငင်ကာ ဆင်မင်းနေထိုင်သည့် တောအုပ် အတွင်းသို့ ဝင်ရောက်ခဲ့လေ၏။

ဆင်မင်းလည်း မုဆိုးကို မြင်သည်ရှိသော်...

"အို... ယောကျ်ား၊ ဘယ်အတွက်ကြောင့် ငါ့ထံ ရောက်လာရပါသနည်း"

"အရှင်ဆင်မင်း၊ ကျွန်ုပ်မှ လွန်စွာမှ ဆင်းရဲလှသူ ဖြစ်ပါ၏။ သို့ဖြစ်၍ အရှင်ဆင်မင်းထံမှ အစွယ်ကို တောင်း ခံလို၍ ရောက်လာရခြင်း ဖြစ်ပါသည်။ သနားငဲ့ညှာသော အားဖြင့် အစွယ်ကို ပေးသနားတော်မူပါ"

သည်သို့ဆိုလေသော် ဆင်မင်းလည်း သနားကရုဏာစိတ် ဝင်လာပြီး အစွယ်ကို ဖြတ်ခွင့်ပြု၏။ မုဆိုးလည်း ဝမ်းသာအားရ ဖြင့် ဆင်မင်း၏ ဦးခေါင်းပေါ်သို့တက်ကာ အစွယ်နှစ်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



လုံးကို လွှဖြင့်တိုက်ဖြတ်လေ၏။ အစွယ်များ ပြတ်သွားလေသော် ဆင်မင်းလည်း...

"ဤဆင်စွယ်တို့ကို လှူဒါန်းရသော ကောင်းမှုကြောင့် သဗ္ဗညုတဉာဏ်တော်ကို ရလိုပါ၏"

ဟူ၍ ဆုတောင်းပြီး မုဆိုးအား လှူလိုက်လေတော့၏။ မုဆိုးလည်း ဆင်စွယ်တို့ကို ယူဆောင်၍ ဆင်စွယ်ပွတ်သမားများထံ ရောင်းချလေ၏။ ဆင်စွယ်ပွတ်သမားများကလည်း ဈေးကောင်းပေး၍ ဝယ်ကြလေ၏။ မုဆိုးသည် ဆင်စွယ်ရောင်းချ၍ ရလာသောငွေကြေးတို့ဖြင့် သောက်စားပျော်ပါး သုံးဖြုန်းပစ်လေရာ ကာလမကြာခင်မှာပင် ငွေကြေးတို့ ကုန်သွားလေတော့၏။ ထိုအခါ ဆင်မင်းထံ သွားရောက်ပြန်လေ၏။ ဆင်မင်းထံမှ ကျန်ရစ်သော အစွယ်ငုတ်တို တောင်းခံလေ၏။ ဆင်မင်းလည်း သနားကရုဏာထား၍ ဆင်စွယ်ငုတ်တိုအား အဖြတ်ခံလေ၏။ မုဆိုးလည်း အသားတို့ကိုဖြတ်လှီး၍ အစွယ်ရင်းကို တိုက်ဖြတ်လေရာ ဆင်မင်းလည်း မျက်ရည်ပေါက်ပေါက်ကျလျက် ဝေဒနာကို ကြိတ်မှိတ်ခံစားနေရလေ၏။ သွေးတို့မှာလည်း အလူးလူးဖြစ်နေ၏။ မုဆိုးကား ဆင်မင်းအပေါ် သနားကြင်နာခြင်းမရှိဘဲ ၎င်းအလိုရှိရာ ဆင်စွယ်ငုတ်ကို ဖြတ်ယူပြီး ဝမ်းသာအားရ ထမ်းပိုးကာ တောအုပ်မှ ထွက်လေ၏။

လောကကြီးကား ယုတ်မာကောက်ကျစ်သူ၊ ကျေးဇူးရှိသူအပေါ် ကျေးဇူးပြန်မပြုဘဲ ကျေးဇူးကန်းသူအား ကြာရှည်လက်ခံထားရိုးမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးသည် မုဆိုးယုတ်အား ထမ်းဆောင်၍ မထားနိုင်တော့ဘဲ ကွဲအက်ကာ မျိုပါလေတော့၏။ မုဆိုးလည်း ယိုကွဲအက်သော မြေ၏ ဝါးမျိုခြင်းကိုခံရကာ အဝီစိငရဲသို့ကျလေတော့၏။ ထိုအခါ တောအုပ်ကို အပိုင်စိုးရသော ရုက္ခစိုးနတ်လည်း...

"အို နတ်အပေါင်းတို့ သူတစ်ပါးပြုထားသော ကျေးဇူးကိုမသိဘဲ အမြဲတမ်း ပြစ်မှားဖို့ရာ အခွင့်ကိုသာရှာ၍နေသော ယောကျ်ားယုတ်အား စကြဝတေးမင်းအဖြစ်ကိုပင် ပေးသော်လည်း တင်းတိမ်ရောင့်ရဲကာ ကျေနပ်လိမ့်မည် မဟုတ်ပေ"

ဟူ၍ တစ်တောလုံး ပဲ့တင်ထပ်စေကာ တရားဟောလေ၏။ ဆင်မင်းလည်း တောအုပ်အတွင်း၌ အသက်ထက်ဆုံးနေထိုင်ပြီး သေလွန်သည်ရှိသော ကောင်းရာသုဂတိသို့ လားရလေသတည်း။

ဘုရားရှင်လည်း ဤသို့ အဲတိတ်၊ ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို ဆက်စပ်လျက် တရားနာရဟန်းပရိသတ်တို့အား–

"ရဟန်းတို့၊ ထိုစဉ်အခါက ဆင်မင်းအပေါ် ပြစ်မှားသော ယောကျ်ားမုဆိုးယုတ်သည် ယခုအခါတွင် ဒေဝဒတ်ဖြစ်လာ၏။ ရုက္ခစိုးနတ်သည် သာရိပုတ္တရာဖြစ်လာ၏။ ဆင်မင်းမှာမူကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်တော်မူကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၇၃။ သစ္စံကိရဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၁၃]

# သစ္စံကိရဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။ ထိုကာလဝယ် ဒေဝဒတ်သည် ဘုရားရှင်အား လုပ်ကြံသတ်ဖြတ်ရန် နည်းလမ်းအသွယ်သွယ်ဖြင့် ကြံစည် အားထုတ်လျက် ရှိလေ၏။ ထိုအကြောင်းကို တရားသဘင်၌ ရဟန်းတို့ ပေါင်းဆုံကြလေသော် အချင်းချင်း ပြောဆိုကြလေ၏။ ထိုအကြောင်းကို တရားသဘင်သို့ ကြွလာသော ဘုရားရှင် ကြားသိတော်မူလေသောအခါ

"ရဟန်းတို့၊ ဒေဝဒတ်သည် ယခုအခါမှသာ ငါဘုရားရှင်ကို လုပ်ကြံသတ်ဖြတ်ရန် လုံ့လပြုသည်မဟုတ်။ ရှေးအခါကလည်း လုံ့လပြုဖူးသည်သာပင်"

ဟူ၍ မိန့်တော်မူလျက် အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွန်လေပြီးသောကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ထိုမင်း၌ ဒုဋ္ဌကုမာရမည်သော သားတော်တစ်ပါး ရှိလေ၏။ ထိုမင်းသားသည် တုတ်၊ လှံတံတို့ဖြင့် ထိခတ်မိသော မြွေဟောက်အလား ရုန့်ရင်းကြမ်းတမ်း၏။ ဆဲရေးပုတ်ခတ်ပြီး ပြောဆိုလေ့ရှိ၏။ ပြည်သူပြည်သားအပေါင်းတို့သည် မင်းသားကို မြင်သည်ရှိသော် လူသားစားရန်လာသော ဘီလူးအလား ကြောက်ရွံ့ကြကုန်၏။ လွန်စွာမှ စက်ဆုပ် ရွံ့မုန်းကြကုန်၏။

တစ်နေ့သ၌ မင်းသားနှင့် အခြွေအရံတို့သည် မြစ်အတွင်းသို့ ရေကစားဆင်းကြရာ အရပ်လေးမျက်နှာမှ တိမ်တောင်တိမ်လိပ်များ မည်းတက်လာ၏။ ထိုအခါ အခြွေအရံတို့လည်း အခွင့်ကောင်းရပြီ။ ဤမင်းသားယုတ်ကို မြစ်လယ်မှာပင် သေစေမည်ဟု အညီအညွတ် တိုင်ပင်ကာ 'ဟယ်... မင်းသားယုတ်၊ သေပေတော့' ဟုဆို၍ မြစ်လယ်၌ မင်းသားကို ထားရစ်ပြီး ကုန်းပေါ်သို့ အလျင်အမြန် ပြန်တက်ကြကုန်၏။ မင်းကြီး မေးသည်ရှိသော် ရှေ့ကပင် ပြန်သွားနှင့်ပြီဖြစ်ကြောင်း လျှောက်ထားကြ၏။ မင်းကြီးက ပြန်ရှာခိုင်းချေသော် မြစ်ကမ်းပါးသို့ သွားကြရာ မိုးကြီးသည် မည်းမှောင်ကာ သည်းထန်စွာ ရွာလေတော့၏။ သည့်အတွက် ပြန်လာကြကုန်၏။

ဒုဋ္ဌကုမာရမင်းသားလည်း မြစ်လယ်၌ မျောလာသော ထင်းတုံးတစ်ခုကို တွယ်၍စီးကာ သေရမည်ကို ထိတ်လန့်လျက် အော်ဟစ်ငိုကြွေးရင်း မျောနေလေတော့၏။ ထိုကာလ ဗာရာဏသီ

www.burmeseclassic.com

www.burmeseclassic.com



သူဌေးသားတစ်ယောက်သည် မြစ်ကမ်းနားဝယ် ဥစ္စာကုဋေလေး ဆယ်တို့ကို မြှုပ်နှံ၍ သေလွန်သည်ရှိသော် ဥစ္စာအပေါ် စွဲလမ်း မိသောစိတ်ကြောင့် ဥစ္စာစောင့်မြွေ ဖြစ်နေလေ၏။ ထို့အတူ ၎င်းမြို့နေ သူဌေးတစ်ယောက်မှာလည်း မြစ်ကမ်းနားမှာပင် ဥစ္စာကုဋေသုံးဆယ်တို့ကို မြှုပ်နှံ၍ သေလွန်သောအခါ၌ ဥစ္စာ တို့အပေါ် စွဲလမ်းမိစိတ်ဖြင့် ဥစ္စာစောင့်ကြွက် ဖြစ်နေလေ၏။

၎င်းဥစ္စာစောင့် မြွေနှင့်ကြွက်တို့လည်း မိုးကြီး သည်းထန် စွာ ရွာသောအခါ၌ ၎င်းတို့နေရာသို့ ရေများ ဖုံးလွှမ်းလာကုန် ၏။ ထို့ကြောင့် မြစ်ရေတွင် မျောပါရင်း မင်းသားတွယ်ဖက် လာသောတုံး၌ ၎င်းတို့လည်း တစ်ဖက်တစ်ချက်စီ၌ တွယ်ကပ် လိုက်ပါကြကုန်၏။ တစ်ဖန် ထိုမြစ်ကမ်းပါးရှိ လက်ပံပင်လည်း အမြစ်တို့ ရေတိုက်စားခံရသဖြင့် လဲပြိုကျသွားကာ ထိုအပင်ကို မှီခိုနေသော ကျေးသားငယ်လည်း မပျံနိုင်သဖြင့် မင်းသားတွယ် ထားသည့် တုံးပေါ်၌ နားကာ လိုက်ပါလာလေ၏။ သို့ဖြင့် ထင်းတုံး၌ ဒုက္ခသည်လေးဦးသားမှာ တွယ်ဖက်ရင်း မျောပါနေ ကြလေတော့၏။

ထိုအချိန်ဝယ် ကာသိတိုင်းသား ဥဒိစ္စပုဏ္ဏားသည် ရသေ့ ပြုရင်း မြစ်ကွေ့တစ်ခု၌ ကျောင်းသင်္ခမ်းဆောက်လျက် တရား ဓမ္မဖြင့် မွေ့လျော်နေလေသည်။ ညဥ့်သန်းခေါင်အချိန်၌ စင်္ကြံ သွားလတ်သော် မင်းသား၏ အော်ဟစ်ငိုယိုသံကို ကြားသဖြင့် မြစ်အတွင်းသို့ ဆင်းသက်ကြည့်လေသော် ဒုက္ခသည်တို့ကို တွေ့ ရှိပြီး လေးဦးစလုံးကို ကယ်တင်ဆယ်ယူကာ ကျောင်းသင်္ခမ်း

www.burmeseclassic.com



သို့ ခေါ်ဆောင်လာလေ၏။ ကျောင်းသို့ရောက်သော် ဦးစွာ မီး မွေးလိုက်လေ၏။ ပြီးလျှင် ရှေးဦးစွာ အားနည်းနေသော မြွေ၊ ကြွက်နှင့် ကျေးသားတို့ကို မီးလှုံစေပြီး နောက်မှ မင်းသားကို မီးလှုံစေလေ၏။ အစားအစာတို့ကို ကျွေးသောအခါတွင်လည်း မြွေ၊ ကြွက်နှင့် ကျေးသားတို့ကို ဦးစွာကျွေးမွေးပြီး နောက်ဆုံး မှ မင်းသားကို ကျွေးလေ၏။

ထိုအခါ မင်းသားယုတ်သည် ငါသည် မင်းသားဖြစ်ပါလျက် ငါ့အား ဦးစွာ ဂရုမစိုက်ဘဲ တိရစ္ဆာန်တို့ကို ဦးစွာ ဂရုစိုက်ဘိ၏ ဟူ၍ ရသေ့အပေါ်၌ ရန်ငြိုးဖွဲ့လေ၏။ နှစ်ရက်၊ သုံးရက်ခန့်လွန် လေသည်ရှိသော် ဒုက္ခသည်အားလုံးလည်း အားအင်များ ပြည့် ဖြိုးလာကြလေ၏။ ထိုအခါ မြွေသည် ရသေ့အား ရှိသေစွာ ရှိခိုး၍-

"အရှင်ရသေ့၊ အရှင်ရသေ့သည် အကျွန်ုပ်၏အသက် သခင်ကျေးဇူးရှင် ဖြစ်ပေ၏။ အကျွန်ုပ်တွင် ဥစ္စာကုဋေ လေးဆယ် ရှိပါ၏။ အလိုရှိပါက ကျွန်ုပ်ရှိမည့်နေရာသို့ လာ၍ ကျွန်ုပ်အား ခေါ်ပါ။ ကျေးဇူးဆပ်ပါမည်"

ဟူ၍ ပြောဆို နှုတ်ဆက်ပြီး ပြန်သွားလေ၏။ သို့အတူ ကြွက်ကလည်း-

"အရှင်ရသေ့၊ အရှင်ရသေ့သည် အကျွန်ုပ်၏အသက် သခင်ကျေးဇူးရှင် ဖြစ်ပေ၏။ အကျွန်ုပ်တွင် ဥစ္စာကုဋေ သုံးဆယ် ရှိပါ၏။ အလိုရှိပါက ကျွန်ုပ်ရှိမည့်နေရာသို့လာ ၍ ကျွန်ုပ်အားခေါ်ပါ။ ကျေးဇူးဆပ်ပါမည်"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပြောဆို နှုတ်ဆက်ပြီး ပြန်သွားလေ၏။ အလားတူ ကျေးသားငယ်ကလည်း–

"အရှင်ရသေ့၊ အရှင်ရသေ့သည် အကျွန်ုပ်၏ အသက် သခင်ကျေးဇူးရှင် ဖြစ်ပေ၏။ အကျွန်ုပ်တွင် သလေးစပါး များ ရှိပါ၏။ အလိုရှိပါက ကျွန်ုပ်ရှိမည့်နေရာသို့လာ၍ ကျွန်ုပ်အားခေါ်ပါ။ ကျေးဇူးဆပ်ပါမည်"

ဟူ၍ ပြောဆိုနှုတ်ဆက်ပြီး ပြန်သွားလေ၏။ ထိုအခါ အဆွေ ခင်ပွန်းအပေါ် ပြစ်မှားတတ်သော မင်းသားသည် အဟိတ်တိရစ္ဆာန် တို့ကဲ့သို့ မပင့်မဖိတ်ဘဲ ပြန်သွားပါက မသင့်လျော်။ ပင့်ဖိတ်ပြီး ငါ့ထံရောက်လာပါက သေအောင်သတ်မည်ဟု အကောက်ကြံ လျက်–

"အရှင်ရသေ့၊ အကျွန်ုပ်ကား ဗာရာဏသီပြည်၏ မင်းဧကရာဇ်ဖြစ်မည့် မင်းသားပေတည်း။ ကျွန်ုပ်မင်းအဖြစ် သို့ ရောက်ရှိသောအခါ ကျွန်ုပ်ထံသို့ ကြွလာပါ။ အရှင် ရသေ့အား ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးပြုစုပါမည်"

ဟု ပြောဆိုပင့်ဖိတ်ပြီး ပြန်သွားခဲ့လေ၏။

မင်းသားလည်း ၎င်း၏ တိုင်းပြည်သို့ ပြန်လည်ရောက်ရှိပြီး မကြာမီမှာပင် မင်းအဖြစ်ကို ရရှိလေ၏။

ရသေ့လည်း ၎င်းကာယ်ဆယ်ဖူး ပုဂ္ဂိုလ်အသီးသီး၏ စိတ် အရင်းခံကိုသိရန်အတွက် တစ်နေ့သ၌ ဥစ္စာစောင့်မြွေရှိရာသို့ သွားခဲ့၏။ ရောက်လျှင် မြွေ၏အမည်ကို တ,လိုက်၏။ ထိုအခါ မြွေသည် ခိုအောင်းနေရာမှ ထွက်လာပြီး–

www.burmeseclassic.com



"အရှင်ရသေ့၊ ဤအရာကား ကျွန်ုပ်ပိုင်ဆိုင်သော ဥစ္စာကုဋေလေးဆယ် ဖြစ်၏။ ယူတော်မူပါလော့"

ဟုဆိုကာ ကတိခံထားသည့်အတိုင်း တုံ့ပြန်ကျေးဇူးဆပ်လေ၏။ ရသေ့လည်း "ရှိပါစေဦး အသင်မြွေ၊ ငါ အလိုရှိသော အခါမှသာ ယူပါအံ့" ဟု ဆိုလျက် ကြွက်ထံသို့ သွားလေ၏။ ကြွက်ကလည်း မြွေနည်းတူပင် ၎င်းပိုင်ဆိုင်သော ဥစ္စာကုဋေ သုံးဆယ်ကို ပေးလေ၏။ ရသေ့လည်း "ရှိပါစေဦး အသင်ကြွက်၊ ငါ အလိုရှိသောအခါမှသာ ယူပါအံ့" ဟုဆိုလျက် ကျေးသား ငယ်ထံ သွားလေ၏။ ကျေးသားငယ်ကလည်း--

"အရှင်ရသေ့၊ သလေးစပါးနီတို့ အလိုရှိပါက ယခုပင် ဆောင်ယူသွားပါလော့"

ဟု ဆိုလေရာ "ရှိပါစေဦး အဆွေကျေးသားငယ်၊ ငါ အလိုရှိသောအခါမှပင် ယူပါမည်" ဟု ပြောဆိုပြီး မိမိ၏ ကျောင်းသင်္ခမ်းရှိရာသို့ ပြန်လာခဲ့လေ၏။

"ငါ ကယ်ဆယ်ခဲ့ဖူးသော အဟိတ်တိရစ္ဆာန်များဖြစ်ကြသည့် မြွေ၊ ကြွက်၊ ကျေးသားငယ်တို့ကား ဖြောင့်မတ်ကျေပါဘိ။ သူတစ်ယောက်၏ ပြုဖူးသောကျေးဇူးအား သိတတ်ကြပါပေ၏။ ငါ ကယ်ဆယ်ခဲ့ဖူးသော မင်းသားထံသို့ သွားရောက်၍ စုံစမ်းရဦးမည်"

ဟု ကြံစည်ကာ နောက်ရက်၌ ဗာရာဏသီသို့ ထွက်ခွာခဲ့၏။ မင်း၏ ဥယျာဉ်တော်တွင် တစ်ညတာ တည်းခိုပြီး နံနက် ဆွမ်းခံချိန်ရောက်လေသော် မြို့တွင်းသို့ ဆွမ်းခံကြွလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် မင်းယုတ်သည် မင်္ဂလာဆင်တော်ကိုစီးကာ မြို့တွင်းသို့ လက်ျာရစ်လှည့်လည်တော်မူစဉ် ရသေ့ကို တွေ့မြင်သွားလေ၏။ မင်းယုတ်လည်း–

"ရသေ့ယုတ်သည် သူ့ကျေးဇူးကို ဂုဏ်တင်ကာ ငါ့ထံ၌ နေထိုင်စားသောက်ရန်လာခဲ့ခြင်း ဖြစ်လိမ့်မည်။ သူသည် ငါ့အပေါ် ကျေးဇူးပြုခဲ့သည်တို့ကို ထုတ်ဖော်ပြောဆိုခြင်းမပြုမီ အသတ်ခိုင်းမှ ဖြစ်တော့မည်"

ဟု၍ မကြံကောင်းမစည်ရာတို့ကို ကြံစည်ပြီး သကာလ၊ မင်းချင်းတို့ကို အချက်ပြလေ၏။ မင်းချင်းတို့က

"အရှင်မင်းကြီး မည်သို့သောအမှုကို ကျွန်ုပ်တို့ ပြုရပါမည်နည်း"

ဟူ၍ မေးလျှောက်သည်ရှိသော်–

"မောင်မင်းတို့၊ ငါ၏ရှေ့တစ်ခေါ်တွင်ရှိသော ရသေ့ယုတ်အား ဖမ်းဆီးချုပ်နှောင်လျက် လမ်းဆုံလမ်းခွ၌ ရိုက်နှက်ကြကုန်လော့။ ထို့နောက် မြို့ပြင်သို့ထုတ်ကာ ဦးခေါင်းကို ဖြတ်၍ တံကျင်လျှိုလျက် သတ်ဖြတ်ကြကုန်လော့"

ဟူ၍ အမိန့်ပေးလေ၏။ မင်းချင်းတို့လည်း မင်းယုတ်အမိန့်ရှိသည့်အတိုင်း ရသေ့ကို ဖမ်းဆီးချုပ်နှောင်ကြ၏။ လမ်းဆုံလမ်းခွများသို့ရောက်လျှင် ပြင်းထန်စွာ ရိုက်နှက်ကြကုန်၏။ ထိုအခါ ရသေ့သည် နာကျင်မှုကြောင့် စုတ်သပ်မြည်တမ်းခြင်း မပြုဘဲ–

www.burmeseclassic.com

www.burmeseclassic.com



"မြစ်အတွင်းသို့ မျောလာသည့် သက်မဲ့သစ်တုံးကို ဆယ်တင်ရခြင်းက မြတ်ပါသေး၏။ အဆွေခင်ပွန်းကောင်းကို ပြစ်မှားသော သူယုတ်မာအား ဆယ်တင်ရခြင်းကား မမြတ်"

ဟူသော စကားကိုသာ ထပ်ခါတလဲလဲ မြည်တမ်းရေရွတ်လေ၏။ ထူးဆန်းအံ့ဩဖွယ်ကောင်းလှသော စကားကို ကြားရသဖြင့် ပညာရှိမင်းချင်းအချို့က ရသေ့အား-

"အို... ရှင်ရသေ့၊ အရှင်သည် အကျွန်ုပ်တို့မင်းကြီးအပေါ်၌ ပြုခဲ့ဖူးသော ကျေးဇူးတစ်စုံတစ်ရာ ရှိပါသလော"

ဟူ၍ မေးမြန်းလေ၏။ ထိုအခါ ရှင်ရသေ့လည်း မင်းသားရေ၌ မျောလာစဉ် အဖြစ်အပျက် မြွေ၊ ကြွက်၊ ကျေးသားငယ်တို့၏ အဖြစ်အပျက်အလုံးစုံကို ပြောပြလေ၏။ ထိုအခါ ပညာရှိမှူးမတ်၊ ပုဏ္ဏားအပေါင်းလည်း-

"ငါတို့တိုင်းပြည်ကို အုပ်ချုပ်သောမင်းကား မင်းဆိုးမင်းယုတ် ဖြစ်ပေ၏။ ၎င်းအပေါ် အသက်ကိုပင်ပေးသည့် ကျေးဇူးရှင် ပြစ်မှား၏။ ထိုမင်းယုတ်ကို အမှီသဟဲပြုပါက မည်သို့မျှ အကျိုးမရှိနိုင်။ သို့ဖြစ်၍ ကျေးဇူးကန်းသည့် မင်းဆိုးမင်းယုတ်အား ဖမ်းဆီးကြကုန်လော့"

ဟူ၍ တညီတညွတ်တည်း တိုင်ပင်ကြပြီး မင်းယုတ်အား ဖမ်းဆီးကာ လေးမြားတုတ်ဓားတို့ဖြင့် သုတ်သင်ပစ်ကြလေ၏။ ထို့နောက် ရသေ့အား ဘိသိက်သွန်းလောင်း၍ မင်းမြှောက်ကြကုန်၏။ ရသေ့မင်းလည်း ဗာရာဏသီပြည်အား မင်းကျင့်တရား

www.burmeseclassic.com



နှင့်အညီ အုပ်ချုပ်လေ၏။ ထို့နောက် အဆွေခင်ပွန်းဖြစ်ကြသို့ မြွေ၊ ကြွက်၊ ကျေးသားငယ်တို့ထံ သွားရောက်လျက် ဥစ္စာကုဋေပေါင်း ခုနစ်ဆယ်၊ သလေးနီစပါးတို့ကို ယူဆောင်ပြီး ရှင်းသတ္တဝါသုံးဦးအား နန်းတော်တွင်း၌ ကောင်းစွာ မွေးမြူထားလေ၏။ မြွေအတွက် ရွှေကျည်တောက်၊ ကြွက်အတွက် ရေပန်းလိုဏ်ခေါင်း၊ ကျေးသားငယ်အတွက် ရတနာရွှေချိုင့်တို့ကို လုပ်ဆောင်ပေးပြီး နေ့စဉ် အစာရေစာ ဝလင်စွာ ကျွေး၏။ ကုသိုလ်ကောင်းမှုတို့ကို နေ့စဉ်ပြု၏။

ဤသို့ မင်းနှင့်ဟာကူ အဆွေခင်ပွန်း လေးဦးတို့သည် စိတ်တူကိုယ်မျှ အသက်ထက်ဆုံး ညီညွတ်နေထိုင်လျက် ကောင်းမှုကုသိုလ်များ လုပ်ဆောင်ကြသည်ရှိသော် သေလွန်သည့်အခါ ကောင်းရာသုဂတိသို့ လားကြရလေသတည်း။

ထိုနှင့် ဗုဒ္ဓဘုရားရှင်မှ အတိတ်၊ ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အာသန္နေဆက်စပ်တော်မူလျက် တရားနာရဟန်းပရိသတ်တို့အား–

"ရဟန်းတို့၊ ထိုစဉ်အခါက မင်းယုတ်သည် ယခုအခါ၌ ဒေဝဒတ်ဖြစ်၍လာ၏။ မြွေသည် သာရိပုတ္တရာဖြစ်လာ၏။ကြွက်သည် မောဂ္ဂလာန် ဖြစ်လာ၏။ ကျေးသားငယ်သည အာနန္ဒာဖြစ်လာ၏။ ထိုစဉ်က ရသေ့သည် ယခုအခါ၌ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍မိန့်ဆိုကာ ဇာတ်တော်ကို ပေါင်းပါလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၇၄ ။ ရုက္ခဓမ္မဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၃၄]

# ရုက္ခဓမ္မဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ စမ္မာယ်သီတင်းသုံးနေစဉ် ဆွေတော်မျိုးတော်အပေါင်းသည် လယ်ကိုသွင်းသော စပါးအောင်ရေနှင့် စပ်လျဉ်း၍ တစ်ဖက်နှင့်တစ်ဖက်ကြီးစွာသော ခိုက်ရန်မှုများ ဖြစ်ပွားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားရှင်လည်း အခါင်းဖြစ်ရာသို့ ကြွတော်မူ၍ ဆွေတော်မျိုးတော်အပေါင်းအား–

"ဆွေတော်မျိုးတော်တို့ အဖိုးမတန်သော ရေကို အစွဲပြု၍ တစ်ဦးနှင့်တစ်ဦး ခိုက်ရန်မဖြစ်ပွားကြပါနှင့်။ စိတ်ဝမ်းလည်း မကွဲကြပါနှင့်။ ပျက်စီးခြင်းတို့ မဖြစ်ပါစေနှင့်။ အချင်းချင်း ညီညွတ်ကြပါကုန်လော့။ အသက်ရှိသူကို မဆိုထားဘိ။ အသက်မရှိသော သစ်ပင်တို့သည်ပင်လျှင် အမှီ

www.burmeseclassic.com

www.burmeseclassic.com



ပြုလျက် အချင်းချင်း ညီညွတ်ကြသဖြင့် ဘေးအန္တရာယ် အပေါင်းမှ ကင်းလွတ်ခဲ့ဖူး၏”

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေးလွန်လေပြီးသော ကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် နတ်ပြည်တွင်လည်း ဝေသဝဏ်နတ်မင်းကြီး စုတေသဖြင့် နောက်ထပ် ဝေသဝဏ်နတ်မင်းကြီးတစ်ဦး မင်းပြုလေ၏။ ထိုအခါ ဝေသဝဏ်နတ်မင်းကြီးက–

“သစ်ပင်ကြီးငယ်၊ ချုံ၊ နွယ်၊ မြက်ဖုတ် စသော ဗိမာန်တို့၌ အုပ်စိုးနေထိုင်ကြသူ နတ်အပေါင်းတို့အား မိမိတို့ အလိုရှိရာကို သတ်မှတ်ယူငင်ကြကုန်လော့”

ဟူ၍ အမိန့်ထုတ်ပြန်လေ၏။ ထိုအခါ ဟိမဝန္တာအင်ကြင်းတောတစ်ခု၌ ရက္ခစိုးနတ်မင်းသည် ထိုအင်ကြင်းတောကို သိမ်းယူပြီးလျှင် ဆွေမျိုးဖြစ်သော နတ်အပေါင်းတို့အား–

“အမောင်တို့ လွင်တီးခေါင်၌ ပေါက်နေသော သစ်ပင်တို့ကို မယူကြလေနှင့်။ ငါ၏ဗိမာန်ကို ခြံရံ၍နေသော အင်ကြင်းတောတွင် ကြိုက်နှစ်သက်ရာ ဗိမာန်ကို ယူကြကုန်လော့”

ဟူ၍ မိန့်တော်မူလေ၏။ ထိုအခါ ပညာရှိနတ်တို့သည် ရက္ခစိုးနတ်မင်း၏ စကားကို နားထောင်ကာ အင်ကြင်းတော

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရှိ နှစ်သက်ရာ ဗိမာန်တို့ကို ယူကြကုန်၏။ ပညာမရှိသော နတ်တို့သည်ကား လွင်တီးခေါင်ပြင်၌ ဗိမာန်ကို ယူကြလေ၏။ မြို့၊ ရွာ၊ နိဂုံးတို့၏ တံခါးအနီးတွင်ရှိသော သစ်ပင်တို့ကိုယူလျှင် မြို့ရွာနိဂုံးနေသူတို့က ကိုးကွယ်ကြသဖြင့် လာဘ်လာဘ အခြွေအရံပေါများမည်ဟူ၍ ကြံစည်ကာ ရက္ခစိုးနတ်မင်း၏ စကားကို နားမထောင်ဘဲ လွင်တီးခေါင်ပြင်တွင် ပေါက်ရောက်သော မြို့၊ ရွာ၊ နိဂုံးတို့၏ တံခါးအနီးရှိ သစ်ပင်ကြီးတို့ကို ရွေးချယ်ကာ ယူကြကုန်၏။

တစ်နေ့သ၌ လေပြင်းမုန်တိုင်းကျလေသည်ရှိသော် လွင်တီးခေါင်ပြင်ရှိ သစ်ပင်တို့သည် တစ်ပင်နှင့်တစ်ပင်အမှီမရဘဲ အကိုင်းအခက်တို့ ကျိုးပြတ်ကုန်၏။ အမြစ်တို့ ကျွတ်ထွက်ကာ လဲကျကုန်၏။ ထိုအခါ မြို့ရွာ၊ နိဂုံးတို့၌ လူတို့၏အကိုးကွယ် အပူဇော်ခံနတ်တို့မှာ ဗိမာန်များ ပျက်စီးကြကာ အိုးမဲ့အိမ်မဲ့ နေစရာမဲ့ဖြစ်ကြရကုန်၏။ ရက္ခစိုးနတ်မင်းနေသော အင်ကြင်းတောကား တစ်ပင်နှင့်တစ်ပင် မှီတွယ်စပ်ယှက်ကာ နေကြသည့်အတွက် လဲပြိုခြင်းလည်း မရှိပေ။ လေကြီးမိုးကြီးဒဏ် ကျရောက်သည့်ဘေးရန်မှ ကင်းလွတ်သဖြင့် နတ်တို့၏ ဗိမာန်မှာလည်း ပျက်စီးခြင်းမရှိဘဲ ချမ်းချမ်းသာသာ နေကြရကုန်၏။

ဤတွင် ဗိမာန်ပျက်ကာ အိုးအိမ်မဲ့ဖြစ်ကြသော နတ်တို့သည် သားသမီးမြေးမြစ်တို့ကို လက်ဆွဲချီပိုးကာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကြလျက် ရက္ခစိုးနတ်မင်းနေရာ အင်ကြင်းတောသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြ၏။ ထိုအခါ ရက္ခစိုးနတ်မင်းလည်း ဒုက္ခသည် ဆွေမျိုးနတ်အပေါင်းတို့အား-

"အမောင်တို့ တစ်ဦးတစ်ယောက်တည်း နေထိုင်ခြင်းထက် ဆွေမျိုးများ စုပေါင်း၍ ညီညွတ်စွာ နေထိုင်ခြင်းသည် ကောင်းမွန်၏။ မည်သည့်ရန်သူမျှ မဖျက်ဆီးနိုင်။ အသိဝိညာဉ်မရှိသော သစ်ပင်များသည် စုပေါင်း၍ ညီညွတ်စွာ နေထိုင်ကောင်း၏။ လေပြင်းမုန်တိုင်းမည်သော ရန်သူတို့ မဖျက်ဆီးနိုင်။

တစ်ပင်ထီးတည်းနေသော သစ်ပင်မှာမူ မည်မျှ မည်မျှ ကြီးကျယ်ခမ်းနားစေကာမူ လေပြင်းမုန်တိုင်းမည်သော ရန်သူနှင့် တွေ့ဆုံပါမှ ပျက်စီးရသည်သာ ဖြစ်၏"

ဟူ၍ ဟောပြောဆုံးမပြီးလျှင် ၎င်းပိုင်ဆိုင်ရာ အင်ကြင်းတောနေရာမှာပင် ဗိမာန်များကို ခွဲဝေကာ အသီးသီး နေရာချထားပေးလေ၏။ မှီခိုစရာရရှိသွားသော နတ်တို့မှာလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြကာ ရက္ခစိုးနတ်မင်း၏ အဆုံးအမ၌ တည်လျက် အသက်ထက်ဆုံး ညီညွတ်စွာ နေထိုင်သွားကြလေသတည်း။

ဤကဲ့သို့ ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်လျက် ရဟန်းပရိသတ် အပေါင်းအား-

"ရဟန်းတို့၊ ထိုစဉ်အခါက အိုးမဲ့အိမ်မဲ့ နတ်တို့သည် ငါဘုရားရှင်၏ ပရိသတ်ဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်အခါက အိုးမဲ့အိမ်မဲ့ နတ်တို့သည် ငါဘုရားရှင်၏ ပရိသတ်ဖြစ်လာ၏။ ပညာရှိ ရက္ခစိုးနတ်မင်းမှာမူ ငါဘုရားရှင် ဖြစ်လာ၏။


ဟူ၍ မိန့်တော်မူကာ ဇာတ်တော်ကို ပေါင်းပါလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၇၅။ မစ္ဆဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၇၅]

## မစ္ဆဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်း၏ ဆရာအရှင်ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်သည့်အခိုက် ကောသလတိုင်း၌ မိုးမရွာသဖြင့် စပါးပင်တို့ ရေမရဖြစ်ကာ ညှိုးနွမ်းသွေ့ခြောက်နေကြလေ၏။ ဆည်၊ မြောင်း၊ ကန်၊ ချောင်း၊ အင်း၊ အိုင်တို့မှာလည်း ခြောက်သွေ့ကြကုန်၏။ ထိုအချိန်ဝယ် ဇေတဝန်ရေကန်သည်လည်း ရေများ ပြတ်လပ်လျက် ရွှံ့ညွှံများသာ ရှိလေ၏။ ရေခန်းနေသော ကန်အတွင်းရှိ ငါး၊ လိပ်တို့မှာလည်း ကျီး၊ စွန်ရဲတို့ ဖမ်းယူ စားသောက်ကြသဖြင့် သေကြေပျက်စီးကြရကုန်၏။

ထိုအခါ မြတ်စွာဘုရားရှင်လည်း ငါး၊ လိပ် စသော သတ္တဝါတို့အပေါ် သနားကရုဏာစိတ် ယှိဖိတ်တော်မူရကား 'ဤယနေ့ပင် မိုးရွာစေမည်' ဟူ၍ နှလုံးသွင်းကာ ဆွမ်းဘုဉ်းပေးတော်မူ

www.burmeseclassic.com

www.burmeseclassic.com



၏။ ပြီးလေသော် ညီတော်အာနန္ဒာထံ ရေသနုပ်တော်တောင်း၍ ရေသနုပ်တော်ကို လဲလှယ်ပြီးလျှင် ရေသပ္ပာယ်တော်မူရန် ဇေတဝန် ရေကန်စောင်း၌ ရပ်တော်မူလေ၏။ ထိုအဖြစ်ကို သိကြားမင်း သိလေသောအခါ မိုးနတ်သားကို ဆင့်ခေါ်လိုက်၏။ ထို့နောက်–

"အသင် မိုးနတ်သား၊ မြတ်စွာဘုရားရှင်သည် ရေသပ္ပာယ်တော်မူမည်ဟူ၍ ရေကန်စောင်း၌ ရပ်တော်မူ၏။ ကောသလတိုင်းတစ်ခွင်လုံးအား မိုးရွာသွန်းလေလော့"

ဟူ၍ ခိုင်းစေတော်မူလေ၏။ ထိုအခါ မိုးနတ်သားလည်း မိုးတိမ်ပုဆိုးနှစ်ထည်ကို ဝတ်ဆင်ကာ မိုးသီချင်းကို သီဆိုလျက် အရှေ့လောကဓာတ်ခွင်သို့ ပြေးလေသော် တိမ်တောင်တိမ်ခဲတို့ သည် အလိပ်လိုက်၊ အလိပ်လိုက် တက်လာကြ၏။ လျှပ်စီးများ လည်း တရိုးရိုးတရဲရဲဖြင့် ပြိုးပြက်လင်းလက်ပြီး သကာလ၊ မိုးကြိုးများ ခြိမ်းထစ်၏။ ထို့နောက် သည်းထန်စွာ ရွာလေတော့ ၏။ ထိုမိုးသည် ကောသလတိုင်းတစ်ခွင်ကို အကြားအလပ်မရှိ စေဘဲ သိပ်သိပ်သည်းသည်း ရွာလေ၏။ ဇေတဝန်ရေကန်မှာ လည်း စောင်းတန်းဦးဆိုက်အောက် မိုးရေတို့ဖြင့် ပြည့်လျှံလာ လေတော့၏။

မြတ်စွာဘုရားရှင်လည်း ရေသပ္ပာယ်တော်မူပြီးနောက် ဂန္ဓာ ကုဋီတိုက်သို့ ဝင်လေ၏။ ညချမ်းအချိန်အခါသို့ ရောက်သည် ရှိသော ရဟန်းပရိသတ်အပေါင်းတို့သည် တရားသဘင်၌ စုဝေး ရင်း ရေပြတ်လပ်နေသော ကောလသတိုင်းတစ်ခွင်၌ ဘုရားရှင် ၏ သတ္တဝါတို့အပေါ် ငဲ့ညှာသနားမှုကြောင့် မိုးရွာစေခဲ့ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုနေခဲ့ကြလေ၏။ ထိုအကြောင်းကို ဘုရားရှင် ကြားသိတော်မူလေလျှင်-

"ရဟန်းတို့၊ ငါဘုရားရှင်သည် သတ္တဝါတို့အတွက် ကောက်ပင်တို့အတွက် ယခုမှသာလျှင် မိုးရွာစေသည် မဟုတ်။ ရှေးအခါ ငါ မင်းဖြစ်စဉ်ကလည်း မိုးကို ရွာစေခဲ့ဖူး၏"

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေးလွန်လေပြီးသော ကာလသမယ။

ကောသလတိုင်း၊ သာဝတ္ထိပြည်ရှိ ဇေတဝန်ကန်နေရာအရပ်၌ ချုံနွယ်ပိတ်ပေါင်းတို့ ခြံရံသော ရေအိုင်ကြီးတစ်အိုင် ရှိလေ၏။ ထိုရေအိုင်အတွင်း၌ ငါးမင်းသည် ငါးအပေါင်းတို့ကို ခြံရံကာ နေထိုင်လေ၏။

ထိုစဉ်ကာလ၊ ကောသလတိုင်းတစ်ခွင်လုံးသည် မိုးခေါင်နေလေ၏။ မိုးမရွာသဖြင့် ကန်၊ ဆည်၊ ချောင်း၊ အင်း၊ အိုင်တို့မှာလည်း ရေများ ခန်းခြောက်နေလေ၏။ လူတို့ စိုက်ပျိုးသော စပါးကောက်နံ့တို့မှာလည်း ရေမရသည့်အတွက် ညှိုးလျော်နေကြကုန်၏။ အိုင်များအတွင်းရှိ ငါး၊ လိပ်တို့မှ ရေခန်းခြောက်သည့်အတွက် ရွံ့ညွှံများအတွင်းသို့ဝင်ကာ နေကြရလေ၏။ ထိုအခါ ရေခန်းငါးတို့ကို စားသောက်ရန် ချောင်းမြောင်းနေကြ

www.burmeseclassic.com

www.burmeseclassic.com



သော ကျီး၊ လင်းတ၊ ဗျိုင်း၊ စွန်ရဲ စသည်တို့လည်း ရွံ့ညွံများ၌ လူးလွန့်နေသော ရေခန်းငါးတို့အား ပျံသန်းသုတ်ချီလျက် စားသောက်ကြလေရာ ရေသတ္တဝါအပေါင်းမှာ ပျက်စီးခြင်းသို့ ဆိုက်ရောက်ရလေ၏။

ထိုအဖြစ်ကို ငါးမင်း မြင်တွေ့ရလေသော်-

"ငါ၏ ဆွေမျိုးအပေါင်းမှာ ဆင်းရဲဒုက္ခ ရောက်ကြရလေပြီ။ ငါသည် သစ္စာပြုလျက် မိုးကို ရွာသွန်းပေးပါမှ ဆင်းရဲဒုက္ခအပေါင်းမှ ကင်းလွတ်ကြပေလိမ့်မည်"

ဟူ၍ ကြံစည်လျက် ကောင်းကင်ထက်သို့ မော့ကြည့်လိုက်၏။ ငါးမင်း၏ တစ်ကိုယ်လုံးကား မည်းနက်တောက်ပြောင်၏။ မျက်လုံးအစုံကား ပတ္တမြားကဲ့သို့ နီရဲသောအဆင်း ရှိလေ၏။ ငါးမင်းသည် ကောင်းကင်ထက်မှ ပဇ္ဇုန်နတ်သားအား အသံပေးလိုက်ရင်း-

"အို... ပဇ္ဇုန်နတ်မင်း၊ ငါသည် ဆွေမျိုးတို့၏ ပျက်စီးခြင်းကို မြင်ရသည့်အတွက် လွန်စွာမှ ဆင်းရဲလှပေ၏။ ငါသည် သီလကို စောင့်ထိန်းသော ငါးမင်းဖြစ်၏။ ယခုကဲ့သို့ ငါ စိတ်ဆင်းရဲနေသည်ကို သိပါလျက် အဘယ်ကြောင့် မိုးမရွာချသနည်း။ ငါသည် ဇာတ်တူသားစားသော အမျိုး၌ ဖြစ်ပါသော်လည်း ငါ့တစ်သက်၌ မည်သည့်ငါးကိုမျှ စားဖူးသည်မရှိ။ အခြားအခြားသော သတ္တဝါတို့အပေါ်၌လည်း သတ်ဖြတ်ညှဉ်းဆဲဖူးသည် မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ငါ၏ မှန်ကန်သောသစ္စာစကားကြောင့် ယခု ချက်ချင်း မိုးရွာစေသတည်း။ ငါနှင့် ငါ့ဆွေမျိုးအပေါင်း တို့ ဆင်းရဲဒုက္ခမှ ကင်းလွတ်စေသတည်း"

ဟူ၍ သစ္စာဆိုလိုက်သည်ရှိသော် ပဇ္ဇုန်နတ်သားလည်း မနေသာတော့ဘဲ ကောသလတစ်တိုင်းလုံးအား ထစ်ချုန်းမိုးရွာချလိုက်၏။ မိုးရေကြောင့် ကောက်ပဲသီးနှံများ လန်းရွှင်သွားကြသည်နှင့်အမျှ ချောင်း၊ ကန်၊ ဆည်၊ အင်း၊ အိုင်တို့မှာလည်း ရေများပြည့်နက်လာကြကာ ငါးမင်းနှင့်တကွ ရေနေသတ္တဝါအပေါင်းမှာ ဆင်းရဲဒုက္ခမှ ကင်းလွတ်ခဲ့ကြပါလေသတည်း။

ဤကဲ့သို့ ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေဆက်စပ်လျက် တရားနာရဟန်း ပရိသတ်တို့အား–

"ရဟန်းတို့၊ ထိုစဉ်အခါက ငါးအပေါင်းတို့သည် ယခုအခါတွင် ငါဘုရားရှင် ပရိသတ်များ ဖြစ်လာကြ၏။ ပဇ္ဇုန်နတ်သားသည် အာနန္ဒာဖြစ်လာ၏။ ငါးမင်းသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၇၆ ။ အသံကိရဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၇၆]

# အသံကိရဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်း၏ ဦးထိပ်တင်ရာဖြစ်သော သဗ္ဗညုဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစမွှယ်နေတော်မူစဉ် သောတာပန်ဆိုက်ခဲ့လေသော သီတင်းသည်တစ်ဦး ရှိလေ၏။

ထိုသီတင်းသည်သည် အကြောင်းကိစ္စတစ်ခုဖြင့် လှည်းကုန်သည်တို့ ခရီးထွက်ရာ၌ အတူလိုက်ပါခဲ့လေ၏။ တောအုပ်အတွင်းသို့ ဝင်၍ ညအချိန်ရောက်လေသော် လှည်းတို့ ရပ်နားပြီး နွားတို့ကို ထမ်းပိုးချွတ်လျက် ခေတ္တစခန်းချကြလေ၏။ သီတင်းသည်လည်း ည၌အခါ အိပ်စက်ခြင်းမပြုဘဲ သစ်ပင်ရင်းတစ်ခု၌ ည၌သုံးယံလုံး စင်္ကြံလျှောက်ကာ တရားမှတ်နေလေ၏။ ထိုအချိန်ဝယ် လှည်းကုန်သည်တို့အား လုယက်ရန်လာကြသော ခိုးသားငါးရာတို့သည် သီတင်းသည် အိပ်လိမ့်နိုးနှင့် စောင့်နေရာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ညဥ့်လုံး မအိပ်သဖြင့် လုယက်ခြင်းမပြုနိုင်ဘဲ ပြန်ကြရလေ၏။

သီတင်းသည်လည်း ပြုဖွယ်ကိစ္စများကို ပြုလုပ်ပြီးလေသော် သာဝတ္ထိပြည်သို့ ပြန်ခဲ့၏။ ထို့နောက် ဇေတဝန်ကျောင်းတော်သို့ သွားရောက်ပြီး ဘုရားရှင်အား ဖူးမြော်ကာ–

"အရှင်ဘုရား၊ မိမိကိုယ်ကို စောင့်ရှောက်သောသူသည် တစ်ပါးသူအပေါ်ကိုလည်း စောင့်ရှောက်သည် မည်ပါသလော။ သူတစ်ပါးကို စောင့်ရှောက်သောသူသည်လည်း မိမိကိုယ်ကို စောင့်ရှောက်သည် မည်ပါသလော"

ဟူ၍ မေးမြန်းလျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်က "နှစ်ပါးစုံ စောင့်ရှောက်ရာမည်ကြောင်း" မိန့်တော်မူလျှင်–

"အရှင်ဘုရား မှန်ပါ၏။ တပည့်တော်သည် အကြောင်းတစ်ခုဖြင့် ခရီးတစ်ခုသို့ လှည်းကုန်သည်တို့နှင့်အတူ လိုက်ပါသွားခဲ့ပါ၏။ ညဥ့်အခါ၌ နားနေကြသည်ရှိသော် တပည့်တော်သည် အိပ်စက်ခြင်းမရှိဘဲ စကြံသွားခဲ့ပါ၏။ ဤတွင် ခိုးသားငါးရာတို့မှာ မည်သည့်ပစ္စည်းဥစ္စာကိုမျှ လုယက်နိုင်ခြင်းမရှိဘဲ ပြန်သွားကြရပါ၏။ ဒီအတွက် တပည့်တော်သည် သူတစ်ပါးအပေါ်ကို စောင့်ရှောက်ခဲ့ပါသည် ဘုရား"

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်က–

"သီတင်းသည် ရှေးပညာရှိတို့သည် မိမိကိုယ်ကို စောင့်ရှောက်ရင်း သူတစ်ပါးကိုလည်း စောင့်ရှောက်ဖူးလေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူပါသတည်း။

* * *

ရှေးလွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ပုဏ္ဏားတစ်ယောက်သည် အရွယ်ရောက်သည်နှင့် ရသေ့ရဟန်းပြုလျက် ဟိမဝန္တာအရပ်၌ နေလေ၏။

တစ်နေ့သ၌ ရသေ့လည်း ချဉ်, ဆားမှီဝဲရန် ရွာငယ်ဇနပုဒ်များဆီသို့ ထွက်လာခဲ့လေ၏။ ဤတွင် လှည်းကုန်သည်များနှင့် ကြုံကြိုက်ရာ ၎င်းတို့နှင့်အတူ လိုက်ပါသွားလေ၏။ တောအုပ်တစ်ခုသို့ဝင်စဉ် ညချမ်းအချိန်ရောက်သည်နှင့် လှည်းတို့ကို ဖြုတ်ကာ ခေတ္တမျှ စခန်းချရပ်နားကြလေ၏။ ရသေ့လည်း လှည်းတို့၏အနီး၌ ဈာန်ချမ်းသာဖြင့်နေပြီးလျှင် သစ်ပင်ရင်းတစ်ခု၌ စင်္ကြံလျှောက်နေလေ၏။ ထိုအချိန်ဝယ် ခိုးသားငါးရာတို့သည် လှည်းကုန်သည်တို့အား လုယက်ရန် ရောက်ရှိလာကြ၏။ သို့ရာတွင် မအိပ်မနေ လှည်းတို့အနီး၌ စင်္ကြံလျှောက်နေသော ရသေ့ကို မြင်သောအခါ-

"ဤရသေ့သည် ငါတို့အား မြင်တွေ့ပါက လှည်းကုန်သည်တို့အား သတိပေးပေလိမ့်မည်"

ဟူ၍ တွေးမိကာ ရသေ့အိပ်စက်မည့်အချိန်ထိ စောင့်ဆိုင်းနေကြလေ၏။ ရသေ့လည်း တစ်ညလုံး အိပ်စက်ခြင်းမပြုဘဲ

www.burmeseclassic.com

www.burmeseclassic.com



စကြံလျှောက်နေလေရာ လုယက်ဖို့ အခွင့်မသာတော့ဘဲ ဆောင်ယူလာခဲ့သော လက်နက်တို့ကိုစွန့်လျက်–

"အို… လှည်းကုန်သည်တို့ သစ်ပင်ရင်း၌ စကြံလျှောက်နေသော ရသေ့မြတ်သာမရှိပါမူ သင်တို့၏ ပစ္စည်းများကို ငါတို့ လုယက်ကြပေအံ့။ သင်တို့လည်း ပျက်စီးဆုံးရှုံးကြပေအံ့။ သို့အတွက် မနက်ဖြန်ရောက်လျှင် သင်တို့၏ ကျေးဇူးရှင်ဖြစ်သော ရသေ့အရှင်သူမြတ်အား ပူဇော်သက္ကာရပြုကြကုန်လော့"

ဟု အော်ဟစ်ပြီး နေရာမှ စွန့်ခွာထွက်သွားကြကုန်၏။ လှည်းကုန်သည်တို့လည်း နံနက်လင်းအရုဏ်သို့ ရောက်လေသော် ခိုးသားတို့ စွန့်ပစ်ထားခဲ့ကြသော လက်နက်များကို မြင်တွေ့သွားခဲ့ကြပြီး ကြောက်ရွံ့ထိတ်လန့်ကာ ရသေ့ထံ ရောက်လာကြ၏။ ရိုသေစွာ ရှိခိုးပြီး–

"အရှင်ရသေ့၊ ညက သူခိုးတို့ကို မြင်ပါသလော"

ဟူ၍ မေးမြန်းလေ၏။ ရသေ့လည်း မြင်ပါကြောင်း မိန့်လေ၏။

"အရှင်ဘုရား၊ ဤမျှများပြားသော ခိုးသားတို့ကို မြင်ပါလျက် အဘယ်ကြောင့် ကြောက်ရွံ့ထိတ်လန့်ခြင်း မဖြစ်ပါသလော"

"ဒါယကာတို့၊ ခိုးသားတို့ကို မြင်၍ ကြောက်ရွံ့ထိတ်လန့်သူမှာ ဥစ္စာပစ္စည်းတို့ရှိသူပင် ဖြစ်၏။ ငါသည်ကား

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်ဥစ္စာမျှ မရှိ။ ဒီအတွက် ကြောက်ရွံ့ထိတ်လန့်စရာ အကြောင်းမရှိ။

အို... ဒါယကာတို့၊ ငါသည် ရှာဦးသော်လည်းကောင်း၊ တောဇနပုဒ်ဦးသော် လည်းကောင်း ကြောက်ရွံ့ထိတ်လန့် စိတ်များ မရှိပါချေ။ မေတ္တာ၊ ကရုဏာ၊ ဗြဟ္မဝိဟာရတရား ကို ပွားများကာ ဗြဟ္မာ့ပြည်သို့ ဖြောင့်ဖြောင့်ကြီး သွားနေ သူအဖို့ ကြောက်ရွံ့ထိတ်လန့်စရာ မည်သည့်အကြောင်းမျှ မရှိ”

ဟူ၍ တရားဟောလေ၏။ လှည်းကုန်သည်တို့လည်း ဝမ်း မြောက်ဝမ်းသာစွာ တရားနာယူလျက် ရသေ့အား ပူဇော်သက္ကာရ ပြုကုန်၏။ ရသေ့လည်း တရားမမေ့ဦး မေ့လျော့ရင်း သေလွန် သည်ရှိသော် ဗြဟ္မာ့ပြည်သို့ လားရလေသတည်း။

ဤသို့ ဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်လျက် တရားနာရဟန်းပရိသတ် တို့အား–

“ရဟန်းတို့၊ ထိုစဉ်အခါက လှည်းကုန်သည်တို့သည် ယခုအခါတွင် ငါဘုရားရှင်၏ ပရိသတ်များ ဖြစ်လာကြ၏။ ထိုစဉ်က ရသေ့သည် ယခုအခါ၌ ငါဘုရား ဖြစ်လာ၏” ဟူ၍ မိန့်တော်မူကာ ဇာတ်တော်ကို ပေါင်းလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၇၇။ မဟာသုပိနဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၇၇]

## မဟာသုပိနဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်း၏ ဆရာသခင်ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ စမ္မယ် သီတင်းသုံးစဉ်က ဖြစ်လေ၏။

ကောသလမင်းကြီးသည် ညဉ့်အခါ ပစ္ဆိမယာမ်၌ တစ်ဆယ့်ခြောက်ချက်သော အိပ်မက်ဆိုးကြီးတို့ကို မြင်မက်လေ၏။ မင်းကြီးလည်း အိပ်မက်မှ နိုးထသောအခါ လွန်စွာမှ ကြောက်ရွံ့တုန်လှုပ်စိတ်များ ဖြစ်ပေါ်လာခဲ့လေ၏။ ထိုအခါ ၎င်းထံ အခစားဝင်ရောက်လာသော ပညာရှိပုဏ္ဏားတို့အား မြင်မက်သော အိပ်မက်အကြောင်းကို ပြောကြားလေ၏။ ပုဏ္ဏားတို့လည်း တုအံ့တသြဖြစ်ကြလျက်–

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး၊ အရှင်မင်းကြီး မြင်မက်သော အိပ်မက်တို့မှာ လွန်စွာမှ ဆိုးဝါးကြမ်းကြုတ်သော အိပ်မက်များဖြစ်ချေ၏။ ထိုအိပ်မက်ဆိုးတို့အား အချိန်မီ မကုစားပါက တိုင်းသူ ပြည်သားတို့အပေါ်တွင် လည်းကောင်း၊ အရှင်မင်းကြီးအပေါ်တွင် လည်းကောင်း အန္တရာယ်များ ဖြစ်ပေါ်လာပါလိမ့်မည်။ သို့ဖြစ်၍ အဆိုပါအိပ်မက်ဆိုးတို့အား ကုစားလိုပါက ကြီးစွာသော ယဇ်ပူဇော်ခြင်းကို ပြုရပါလိမ့်မည်"

ဟူ၍ လျှောက်ထားလေ၏။ မင်းကြီးလည်း ပုဏ္ဏားတို့၏ စကားကို ကြားလေသည်ရှိသော်-

"ပုဏ္ဏားတို့၊ အန္တရာယ်အပေါင်းမှ ကင်းလွတ်မည်။ ငါ၏အသက်ကိုလည်း ချမ်းသာရာ ရမည်ဆိုလျှင် သင်တို့ အလိုရှိသည့်အတိုင်း ယဇ်ပူဇော်ခြင်းဖြင့် ကုစားပေးကြပါ"

ဟူ၍ ခွင့်ပြုမိန့်ကြားလေ၏။

ထိုအခါ ပုဏ္ဏားတို့လည်း များစွာသော ဆုလာဘ်ငွေကြေးဥစ္စာများ ရရှိတော့မည်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကြလျက် မြို့အပြင်၌ သင့်လျော်သောနေရာကို ရွေးချယ်ကာ ယဇ်တွင်းတို့ကို တူးကြ၏။ ယဇ်ပူဇော်ရန်အတွက် ခြေလေးချောင်းရှိသော သတ္တဝါတို့အား ယဇ်တွင်းအနီးသို့ ဖမ်းဆီးခေါ်ဆောင်လာခဲ့ကြကုန်၏။

ထိုအချိန်တွင် မလ္လိကာမိဖုရားကြီးသည် ငှက်အပေါင်းတို့ ဥစ္စာပစ္စည်းတို့ကာ ကိုက်ချီပျံသန်းနေကြသည်ကို အံ့သြဖွယ်ရာ တွေ့မြင်ရသဖြင့် မင်းကြီးအား မေးမြန်းလေ၏။ မင်းကြီးက-

www.burmeseclassic.com

www.burmeseclassic.com



"ရှင်မိဖုရား၊ သင်တို့ကား ဘာမျှမသိ။ စိတ်အေးချမ်းသာနေကြပေ၏။ ငါ့မှာမူကား ငါ့အပါး၌ မြွေဟောက်တို့ သွားလာနေသည်ကို မသိကြလေသလော"

ဟူ၍ ဆိုလေ၏။

"အရှင်မင်းကြီး၊ မင်းကြီး၏အပါး၌ သွားလာနေသော မြွေဟောက်တို့ ဆိုသည်မှာ အဘယ်အရာကို ဆိုလိုပါသနည်း"

ထိုအခါ မင်းကြီးလည်း ၎င်းမြင်မက်သော အိပ်မက်ဆိုးတို့ အကြောင်းကို ပြောပြလေ၏။ မိဖုရားကြီး သိရှိသွားလေသော အခါ–

"အရှင်မင်းကြီး၊ သတ္တဝါတို့၏အသက်ကို အကျိုးမဲ့ မပျက်စီးပါစေနှင့်။ အိပ်မက်ဆိုးတို့ကို ကုစားရာ၌ အမြတ်ဆုံးဖြစ်သော ဘုရားရှင်ထံမှောက် သွားရောက်၍ အကျိုးအကြောင်းကို မေးမြန်းလျှောက်ထားသင့်ပါ၏။ ဘုရားရှင်က အကောင်းဆုံး ကုစားပေးပါလိမ့်မည်။ ထိုအခါ အရှင်မင်းကြီး တွေ့ကြုံခံစားနေရသော စိတ်သောကများ ပြေပျောက်သွားပါလိမ့်မည်"

ဟူ၍ လျှောက်ထားကာ ဘုရားရှင်ထံ သွားရောက်ဖို့ တိုက်တွန်း ပြောကြားလေ၏။ ကောသလမင်းကြီးလည်း မလ္လိကာ မိဖုရားကြီး၏ တိုက်တွန်းချက်အရ ဘုရားရှင်ထံမှောက်သို့ ရောက်ရှိသွားပြီး ၎င်းမြင်မက်သော အိပ်မက် တစ်ဆယ့်ခြောက်ချက်အား တင်ပြလျှောက်ထား မေးမြန်းလေ၏။ ဘုရားရှင်ကလည်း ဖြေကြားပေးတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



## အိပ်မက် (၁)

"အရှင်ဘုရား၊ တပည့်တော်သည် မည်းနက်သော နွားလားဥသဘ လေးကောင်တို့ အရပ်လေးမျက်နှာမှ မင်းရင်ပြင်သို့ အရောက်လာ၍ ဇေ့မည်ဟု မြည်တွန်ကြုံးဝါးလျက် မဇေ့ဘဲ ဖဲခွာသွားကြသည်ကို မြင်မက်ပါသည် အရှင်ဘုရား"

"အရှင်မင်းကြီး ဤအိပ်မက်၏ အဓိပ္ပာယ်ကား သင်မင်းကြီး၏ လက်ထက်၌ မဖြစ်ပေါ်ပါ။ နောင်မင်းများ လက်ထက်ကျမှသာလျှင် ဖြစ်ပေါ်ပါလိမ့်မည်။ နောင်အခါ တရားမစောင့်သောမင်းနှင့် တိုင်းသူပြည်သားများ၏ လက်ထက်ဝယ် ရွာတော့မည်ကဲ့သို့ အရပ်လေးမျက်နှာမှ တက်လာသော မိုးသားတို့သည် ထစ်ချုန်းမြည်ဟီးလျက် မရွာဘဲ ပျောက်ကွယ်သွားကြပါလိမ့်မည်။ ထိုအခါ မိုးခေါင်သဖြင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးကာ လူတို့လည်း အစာရေစာ ငတ်မွတ်ခေါင်းပါးခြင်းဘေးသို့ ဆိုက်ရောက်ပါလိမ့်မည်။

အသင်မင်းကြီးအား လည်းကောင်း၊ မိဖုရားကြီးအား လည်းကောင်း၊ တိုင်းသူပြည်သားတို့အား လည်းကောင်း၊ အန္တရာယ်မရှိ။ ပုဏ္ဏားတို့ကား လာဘ်သပ်ပကာတို့ကို မျှော်ကိုး၍ ယဇ်ပူဇော်ခြင်းသာ ဖြစ်လေ၏"

www.burmeseclassic.com

www.burmeseclassic.com



## အိပ်မက် (၂)

"အရှင်ဘုရား၊ တပည့်တော်သည် အလွန်နုနယ်သော သစ်ပင်ချုံနွယ်တို့ တစ်ထွာတစ်တောင်မျှရှိလျှင်ပင် ပွင့်ကြ သီးကြသည်ကို မြင်မက်ပါသည် အရှင်ဘုရား"

"အရှင်မင်းကြီး၊ လူတို့၏သက်တမ်းကား တဖြည်းဖြည်း ဆုတ်ယုတ်လာကုန်၏။ ထိုကာလ၌ လူတို့သည် ကာမရာဂကိလေသာတို့ ထူပြောလျက် ယောကျ်ား မိန်းမ တို့သည် အရွယ်သက်တမ်း ငယ်စဉ်မှာပင် အိမ်ထောင် သားမွေးခြင်းကိုပြုကြမည်ဆိုသော အဓိပ္ပာယ်ပင် ဖြစ်ပေ၏"

## အိပ်မက် (၃)

"အရှင်ဘုရား၊ တပည့်တော်သည် နွားမကြီးတို့က ၎င်းတို့၏ မွေးဖွားပြီးစ နွားမငယ်ကလေးတို့၏ နို့အား စို့နေကြသည်ကို မြင်မက်ပါသည် အရှင်ဘုရား"

"အသင်မင်းကြီး၊ နောင်အခါ အသက်အရွယ် ဂုဏ် သိက္ခာ ကြီးမားသူတို့ကို အရိုအသေပြုခြင်းများ ကွယ်ပျောက် သောကာလ၌ အမိအဖ၊ ယောက္ခမ စသော သူတို့သည် ခိုကိုးရာမဲ့ဖြစ်လျက် သား၊ သမီး၊ ချွေးမ၊ သမက် စသည် တို့၌ ကပ်ရပ်နေထိုင်ရကာ ညှိုးညှိုးငယ်ငယ်၊ ဆင်းဆင်း ရဲရဲဖြင့် အသက်မွေးရမည့် အဓိပ္ပာယ်ဖြစ်ပေ၏"

www.burmeseclassic.com

www.burmeseclassic.com



## အိပ်မက် (၄)

"အရှင်ဘုရား၊ တပည့်တော်သည် ဝန်ကို ရွက်ဆောင်နိုင်သော နွားကြီးတို့ လှည်း၌ မကကြဘဲ နို့စို့နို့ညှာဖြစ်သော နွားငယ်တို့သာ ကကြကုန်၏။ ထိုနွားငယ်တို့လည်း ဝန်ကို မဆောင်နိုင်ကြသဖြင့် လှည်းတို့ မဆွဲနိုင် ဖြစ်သည်ကို မြင်မက်ပါသည် အရှင်ဘုရား"

"အရှင်မင်းကြီး၊ နောင်အခါ တရားမစောင့်သောမင်းတို့၏ လက်ထက်၌ အသက်၊ သိက္ခာ၊ ပညာကြီးများ၍ လုပ်ရည်ကိုင်ရည်ပြည့်ဝသော လူကြီးတို့ကို အမတ်၊ တရားသူကြီး စသော ရာထူးဌာနန္တရတို့၌ ခန့်အပ်ခြင်းမပြုဘဲ အသက်၊ သိက္ခာ၊ ပညာ သေးငယ်သော လုပ်ရည်ကိုင်ရည် မပြည့်ဝသေးသည့် လူငယ်တို့အား ရာထူးဌာနန္တရများ အပ်နှင်းကြလတ္တံ့။ ထိုအခါ လူငယ်တို့သည် အရေးအခွင့်ကို နားမလည်။ မသိစွမ်း၊ မလုပ်တတ်၊ မကိုင်တတ်ဘဲ ၎င်းတို့၏ ရာထူးဌာနန္တရတို့အား စွန့်လွှတ်ကြကုန်လတ္တံ့။ ထိုအခါ လူကြီးတို့က ငါတို့နှင့်မဆိုင်၊ ငါတို့သည် ပြင်ပလူဖြစ်၍ အနေသာချည်းဟုဆိုကာ ဝန်ကို မဆောင်ရွက်ဘဲ လျစ်လျူရှုကြကုန်အံ့။ သို့ဖြစ်၍ တရားမစောင့်၊ အမှုကိစ္စမပြီးပြတ်သောအခါ မင်းနှင့်တကွ တိုင်းပြည်တစ်ပြည်လုံး ပျက်စီးဆုံးရှုံးရမည့် အဓိပ္ပာယ်ဖြစ်ပေ၏"

www.burmeseclassic.com

www.burmeseclassic.com



## အိပ်မက် (၅)

"အရှင့်ဘုရား၊ တပည့်တော်သည် မျက်နှာနှစ်ခု၊ ခံတွင်းနှစ်ပေါက်ရှိသော မြင်းမှာ နံပါးနှစ်ဖက်မှကျွေးလာသော မုယောစပါးတို့အား ခံတွင်းနှစ်ဖက်ဖြင့်ပင် စားသောက်သည်ကို မြင်မက်ပါသည် ဘုရား"

"အရှင်မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းတို့၏လက်ထက်၌ တရားသူကြီးတို့သည် နှစ်ဖက်အမှုသည်တို့ လာဘ်ထိုးသော တံစိုးလက်ဆောင်တို့ကို ယူငင်ကာ တရားကို မမှန်မကန် ဆုံးဖြတ်ကြမည့် အဓိပ္ပာယ်ဖြစ်ပေ၏"

## အိပ်မက် (၆)

"အရှင်ဘုရား၊ တပည့်တော်သည် အဖိုးတစ်သိန်းထိုက်တန်သော ရွှေခွက်အား ကျင်ငယ်စွန့်ရန်အတွက် မြေခွေးဖိုအား ပေးသည်ရှိသော်၊ ထိုမြေခွေးဖိုလည်း ၎င်းရွှေခွက်၌ပင် ကျင်ငယ်စွန့်သည်ကို မြင်မက်ပါသည် အရှင်ဘုရား"

"အရှင်မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းတို့၏ လက်ထက်၌ အမျိုးမြတ်သူတို့သည် ရာထူးဌာနန္တရဖြင့် ချီးမြှောက်ခြင်းမခံရဘဲ ဆင်းရဲကြကုန်အံ့။ အမျိုးယုတ်သူတို့သည် ရာထူးဌာနန္တရဖြင့် ချီးမြှောက်ခြင်း ခံရလျက် ဥစ္စာစည်းစိမ်များ ကြွယ်ဝချမ်းသာအံ့။ ထိုအခါ အမျိုးမြတ်သူတို့သည် အသက်မွေးဝမ်းကြောင်းပြုရန် ခက်ခဲလျက်

www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့၏ သမီးကညာများအား အမျိုးယုတ်သူတို့အား ပေးစားလျက် အသက်မွေးဝမ်းကြောင်းပြုရမည့် အဓိပ္ပာယ် ဖြစ်ပေ၏"

## အိပ်မက် (၇)

"အရှင်ဘုရား၊ တပည့်တော်သည် ယောက်ျားတစ်ယောက် အင်ပျဉ်ပေါ်၌ ထိုင်လျက် လွန်ကြိုးကိုကျစ်၍ ခြေရင်း၌ထား၏။ ထိုအင်ပျဉ်အောက်ရှိ ဆာလောင်ငတ်မွတ်နေသော မြေခွေးမတစ်ကောင်သည် ထိုယောက်ျားမသိစေဘဲ တိတ်တဆိတ် လွန်ကြိုးခွေအား စားသောက်ပစ်သည်ကို မြင်မက်ပါသည် အရှင်ဘုရား"

"အရှင်မင်းကြီး၊ နောင်အခါ မိန်းမတို့သည် အစားအသောက်တွင် လည်းကောင်း၊ ဝတ်စားဆင်ယင်ရာတွင် လည်းကောင်း၊ အနေအထိုင်, အသုံးအစွဲတို့တွင် လည်းကောင်း လော်လည်ဖောက်ပြားကြ၍ ၎င်းတို့၏ ခင်ပွန်းလင်ယောက်ျားများ ဆင်းရဲငြိုငြင် ပင်ပန်းကြီးစွာ ရှာဖွေစုဆောင်းထားသော ဥစ္စာပစ္စည်းတို့ကို လည်းကောင်း၊အစားအသောက်တို့ကို လည်းကောင်း၊ အဝတ်တန်ဆာတို့ကို လည်းကောင်း၊ အပျော်အပါး၊ အသွားအလာ၊ အနေအထိုင်တို့တွင် လည်းကောင်း၊ လင်ငယ်ကို လင်ကြီးမသိအောင်ထား၍ လည်းကောင်း အကျင့်ဖောက်ပြန်ကြမည့် အဓိပ္ပာယ်ပင် ဖြစ်ပေ၏"

www.burmeseclassic.com

www.burmeseclassic.com



## အိပ်မက် (၈)

"အရှင်ဘုရား၊ တပည့်တော်သည် မင်းအိမ်၏ တံခါး၀၌ ရေမရှိသောအိုးတို့ ခြံရံလျက်ရှိသော ရေပြည့်အိုးကြီး တစ်လုံးကို တွေ့ပါ၏။ လူတို့သည် အရပ်ရှစ်မျက်နှာမှ ရေတို့ကို သယ်ဆောင်ကာ ထိုရေပြည့်နေသော အိုးကြီးကို သာ လျှံကျအောင် လောင်းထည့်နေကြပါ၏။ ရေမရှိသော အခြံအရံအိုးတို့ကိုမူ လောင်းထည့်ခြင်းမရှိသည်ကို မြင်မက် ပါသည် ဘုရား"

"အရှင်မင်းကြီး၊ နောင်အခါ မင်းနှင့်တကွ တိုင်းသူ ပြည်သားတို့ တရားပျက်ကွက်သဖြင့် မြေဆီဩဇာများ ညှဖျင်းကာ ဆင်းရဲခြင်းသို့ ရောက်ကြကုန်အံ့။ ထိုအခါ မင်းတို့သည် တိုင်းသူပြည်သားတို့အား နှိပ်စက်ကာ မင်း၏ အကျိုးစီးပွားအတွက်သာ လုပ်ကိုင်ဆောင်ရွက်ကြစေ လတ္တံ့။ တိုင်းသူပြည်သားတို့မှာ မိမိတို့ အကျိုးစီးပွားကို မလုပ်ဆောင်နိုင်ကြဘဲ မင်း၏ အကျိုးစီးပွားကို လုပ်ဆောင် ပေးကြရသဖြင့် မင်းတို့မှာသာ ချမ်းသာကြွယ်ဝပြီး တိုင်းသူ ပြည်သားတို့မှာမူ ဆင်းရဲငတ်မွတ်ကြမည့် အခိပ္ပာယ်ဖြစ် ပေ၏"

## အိပ်မက် (၉)

"အရှင်ဘုရား၊ တပည့်တော်သည် ပဒုမ္မာကြာတို့ ဖုံး လွှမ်း၍ နက်ရှိုင်းကျယ်ဝန်းလှသော ရေကန်ကြီးကို မြင်မက်

www.burmeseclassic.com



ပါ၏။ ထိုကန်ကြီးအတွင်းသို့ သတ္တဝါတို့သည် ဆင်းသက်ကာ ရေသောက်ကြပါ၏။ ထိုကန်ကြီး၏ အလယ်ရေနက်ရာ ဝန်းကျင်၌ ရေများမှာ နောက်ကျိလျက် သတ္တဝါတို့ ဆင်းသက်ရာ ရေကန်အစပ် ရေတိမ်ရာနေရာ၌မူ ရေများ ကြည်လင်လျက် ရှိသည်ကို မြင်မက်တော်မူသည် အရှင်ဘုရား"

"အရှင်မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းတို့၏ လက်ထက်၌ အဂတိလိုက်စား၍ တရားဆုံးဖြတ်ခြင်း၊ တံစိုးလက်ဆောင်စားခြင်း၊ လှျပ်ပေါ်လော်လည်ခြင်း၊ အခွန်အတုပ်အမျိုးမျိုးကို ကောက်ခံယူခြင်း စသည်ဖြင့် မေတ္တာ၊ ကရုဏာ ကင်းမဲ့လျက် မတရားနှိပ်စက်ကြကုန်လတ္တံ့။

ထိုအခါ လူတို့သည် မင်းတို့၏ နှိပ်စက်ညှဉ်းပမ်းမှုကို မခံနိုင်ကြသဖြင့် မြို့ကြီးရွာကြီးတို့၌ မနေနိုင်ကြဘဲ တိုင်းစွန်ပြည်နားဒြသာ နေကြရလတ္တံ့။ သို့အတွက် မြို့ကြီးရွာကြီးတို့၌ လူနေအိမ်ခြေ နည်းပါးလျက် တိုင်းစွန်ပြည်နားတို့တွင်သာ လူနေအိမ်ခြေတို့ စည်ကားများပြားမည့် အဓိပ္ပာယ် ဖြစ်ပေ၏"

## အိပ်မက် (၁၀)

"အရှင်ဘုရား၊ တပည့်တော်သည် တစ်ချိန်တည်းချက်သော ထမင်းအိုးတစ်လုံးမှာ တချို့က ပျော့၊ တချို့က

www.burmeseclassic.com

www.burmeseclassic.com



မန္တနပ်၊ တချို့က နပ်နှင့် သုံးမျိုးသုံးစား ဖြစ်နေသည်ကို မြင်မက်ပါသည် အရှင်ဘုရား"

"အရှင်မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းတို့၏ လက်ထက်၌ မင်းနှင့်လူတို့အားလုံး တရားပျက်ကွက်ကြသည့်အတွက် မိုးကွက်ကြား ရွာလတ္တံ့။ အချို့နေရာများတွင် မိုးကြီးလွန်းသဖြင့် ကောက်ပဲသီးနှံတို့ ပျက်စီးကြလတ္တံ့။ အချို့နေရာ၌မူ မိုးခေါင်သဖြင့် ကောက်ပဲသီးနှံတို့ အထွက်နှုန်းညံ့ဖျင်းကြလတ္တံ့။ အချို့သောနေရာ၌မူ မိုးမှန်သဖြင့် ကောက်ပဲသီးနှံတို့ အထွက်နှုန်းကောင်းလတ္တံ့။ ဤသို့ တိုင်းပြည်တစ်ပြည်တည်းပင်ဖြစ်လျက် မိုးကွက်ကြားရွာသည့်အတွက် ကောက်ပဲသီးနှံတို့ သုံးမျိုးသုံးစားဖြစ်ရသည့် အဓိပ္ပာယ်ပင် ဖြစ်ပေ၏။

## အိပ်မက် (၁၁)

"အရှင်ဘုရား၊ တပည့်တော်သည် အဖိုးတစ်သိန်းထိုက်တန်သော စန္ဒကူးနှစ်အား ရက်တက်ရည်ပုပ်ဖြင့် ရောင်းစားသည်ကို မြင်မက်ပါသည် အရှင်ဘုရား"

"အရှင်မင်းကြီး၊ နောင်အခါ ငါဘုရားရှင်၏ သာသနာတော် ဆုတ်ယုတ်ညှိုးနွမ်းသည့်ကာလ၌ လူအလဇ္ဇီ၊ ရဟန်းအလဇ္ဇီတို့သည် ကျောင်း၊ သင်္ကန်း၊ ဆေး၊ ဆွမ်း စသော ပစ္စည်းလေးပါး လာဘ်သပ်ပကာ အခြံအရံ အကျော်အစောတို့၌ လျှပ်ပေါ်လော်လည်ကာ တွယ်တာမက်မောကြလျက်

www.burmeseclassic.com

www.burmeseclassic.com



ပုဒ်ပါဠိအကျရာ ပြည့်စုံရုံ၊ နားထောင်ကောင်းရုံလောက်သာ တရားဟောကြလတ္တံ့။ နိဗ္ဗာန်၊ မဂ်၊ ဖိုလ်တို့ကို ပေးနိုင်၍ လွန်စွာ မွန်မြတ်လှသော တရားတော်ကို ခရီးလမ်း၊ ခရီးဆုံ၊ တံခါး၀၊ အိမ်ကြို့အိမ်ကြားတို့၌ တစ်ပဲ၊ တစ်မူး၊ တစ်မတ်၊ ငါးမူး၊ တစ်ကျပ် စသည့်နှုန်းထားတို့ဖြင့် ဟောကြားကြလတ္တံ့။ ရောင်းစားကြကုန်လတ္တံ့ဟူသော အဓိပ္ပာယ်ပင် ဖြစ်ပေ၏"

## အိပ်မက် (၁၂)

"အရှင်ဘုရား၊ တပည့်တော်သည် ပေါ့သောဘူးတောင်းတို့ ရေထဲသို့ နစ်မြုပ်သွားသည်ကို မြင်မက်ပါသည် အရှင်ဘုရား"

"အရှင်မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းတို့ လက်ထက်၌ ရာဇာ့ဌာနန္တရတို့အား အမျိုးယုတ်သူတို့ကို ချီးမြှင့်ကြသဖြင့် အမျိုးယုတ်သူတို့မှာ တန်ခိုးအာဏာကြီးမားလျက် စည်းစိမ်ဥစ္စာတို့ ပြည့်စုံကာ ထင်ပေါ်ကျော်ကြားပြီး လူဟွင်ကျယ် ဖြစ်ကြလတ္တံ့။ လူတို့မှာလည်း ၎င်းတို့၏ စကားကိုသာ နားထောင်ကြလတ္တံ့။ သံဃာ့အစည်းအဝေး၌ လည်းကောင်း၊ ကံကြီးကံငယ်ဆောင်ရာ၌ လည်းကောင်း၊ သီလကင်းမဲ့သော ရဟန်းယုတ်တို့၏ သြဇာသာ လွှမ်းမိုးနေမည်ဆိုသော အဓိပ္ပာယ်ပင် ဖြစ်ပေ၏"

www.burmeseclassic.com

www.burmeseclassic.com



## အိပ်မက် (၁၃)

"အရှင်ဘုရား၊ တပည့်တော်သည် အိမ်လုံးမျှ ပမာဏ ရှိသော ကျောက်ဖျာကြီးတို့ ရေ၌ ပေါ်နေသည်ကို မြင်မက်ပါသည် အရှင်ဘုရား"

"အရှင်မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းတို့၏ လက်ထက်၌ အမျိုးမြတ်သူတို့မှာ ရာထူးဌာနန္တရ စည်းစိမ်ဥစ္စာတို့ဖြင့် ချီးမြှောက်ခြင်း မခံရသဖြင့် တန်ခိုး အာဏာမရှိ၊ ပစ္စည်းဥစ္စာနည်းပါး၊ အရာရာ၌ ၎င်းတို့၏ စကား ဩဇာတို့မှာ မတွင်ကျယ်ဘဲ မတည်မမြဲ ဖြစ်ကြလတ္တံ့။ လူတို့မှာလည်း ၎င်းတို့၏စကားကို နာခံခြင်းမပြုဘဲ ရှောင်လွှဲကြလတ္တံ့။ သီလရှိသော ရဟန်းမြတ်တို့၏ စကားမှာလည်း အဟောသိကံ ဖြစ်ကြလတ္တံ့ဟူသော အဓိပ္ပာယ် ဖြစ်ပေ၏"

## အိပ်မက် (၁၄)

"အရှင်ဘုရား၊ တပည့်တော်သည် ဖားမငယ်တို့က အလွန်ကြီးမားသော မြွေဟောက်တို့ကား အတင်းကိုက် လျက် ဝါးမြိုနေသည်ကို မြင်မက်ပါသည် အရှင်ဘုရား"

"အရှင်မင်းကြီး၊ နောင်အခါ လူတို့သည် ကိလေသာ ရာဂစိတ်များ ကုန်ခန်းလျက် ကိလေသာရာဂ၏ အလိုသို့ လိုက်၍ ငယ်ရွယ်သော မယားတို့၏ အလိုသို့ လိုက်ကြ လတ္တံ့။ လုပ်ငန်းကိစ္စတို့၌ လည်းကောင်း၊ ပစ္စည်းဥစ္စာတို့ ၌ လည်းကောင်း၊ လင်သားအပေါ် ဩဇာလွှမ်းမိုးကာ

www.burmeseclassic.com

www.burmeseclassic.com



ဩဇာအာဏာပေးကြကုန်လတ္တံ့။ စီမံခန့်ခွဲကြကုန်လတ္တံ့။ လင်တို့မှာလည်း ပြားပြားဝပ်မျှ အလိုသို့ လိုက်ကြကုန်လတ္တံ့ဟူသော အဓိပ္ပာယ်ဖြစ်ပေ၏"

## အိပ်မက် (၁၅)

"အရှင်ဘုရား၊ တပည့်တော်သည် အဆင်းအရောင်မည်းနက်၍ ဆိုးဝါးယုတ်မာသော ကျီးတို့အား ရွှေအဆင်းရှိသည့် ဟင်္သာတို့က ခြံရံခစားနေသည်ကို မြင်မက်ပါသည် အရှင်ဘုရား"

"အရှင်မင်းကြီး၊ နောင်အခါ အင်အားချို့တဲ့သော မင်းတို့၏ လက်ထက်၌ ဆင်စီး၊ မြင်းစီး စသော အတတ်တို့ မတတ်ကျွမ်းသဖြင့် စစ်ရေးစစ်ရာ ပေါ်ပေါက်သော် စစ်မထိုးရဲဘဲ ဖြစ်ကြလတ္တံ့။ ထိုအခါ တိုင်းပြည်စည်းစိမ်ဆုံးရှုံးမည်ကို စိုးရိမ်ကာ ဇာတ်တူ အမျိုးကောင်းသားတို့အား ရာထူးဌာနန္တရ အုပ်စိုးခွင့်အာဏာကိုမပေးဘဲ မိမိတို့ထံ ခစားသော အမျိုးယုတ် ကျေးကျွန်တို့ကိုသာ ရာထူးဌာနန္တရပေးကြကုန်လတ္တံ့။ ထိုအခါ အမျိုးကောင်းသားတို့မှာ ကိုးကွယ်ရာမရသဖြင့် အုပ်စိုးသူ အမျိုးယုတ်တို့ထံတွင်သာ ဆည်းကပ်ခစားကြရမည့်အဓိပ္ပာယ် ဖြစ်ပါသည်။

## အိပ်မက် (၁၆)

"အရှင်ဘုရား၊ တပည့်တော်သည် ဆိတ်တို့မှာ သစ်တို့ကို သတ်စားကြသဖြင့် သစ်တို့လည်း ကြောက်ရွံ့ထိတ်

www.burmeseclassic.com

www.burmeseclassic.com



လန့်ကာ ဆိတ်တို့ကိုမြင်လျှင်ပင် တောချုံရှိရာသို့ ပြေးလွှား ပုန်းအောင်းနေကြသည်ကို မြင်မက်ပါသည် အရှင်ဘုရား"

"အရှင်မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းတို့၏ လက်ထက်၌ အမျိုးယုတ်သူတို့သည် မင်းနှင့် ကျွမ်းဝင်လျက် မင်းတို့ထံမှ ချီးမြှောက်ခြင်းကို ခံယူကာ တန်ခိုးအာဏာရှိကြကုန်လတ္တံ့။ ပေါ်လွင်ထင်ရှားကြကုန်လတ္တံ့။

အမျိုးမြတ်သူတို့ကား တန်ခိုးအာဏာ ကင်းမဲ့ကြကုန်လတ္တံ့။ မထင်မရှားဖြစ်ကြကုန်လတ္တံ့။ တရားရုံး၌ အမျိုးယုတ်သူတို့ ဩဇာအာဏာ လွှမ်းမိုးကာ အမျိုးမြတ်သူတို့၏ မိဘဘိုးဘွားပိုင် လယ်ယာမြေ အိုးအိမ်စည်းစိမ်ဥစ္စာတို့ကို နှိပ်စက်ဖိနှက် ခြိမ်းခြောက်နှင်ထုတ်ကာ မတရားသိမ်းပိုက်ကြလတ္တံ့။ ထိုအခါ အမျိုးမြတ်သူတို့သည် ကြောက်ရွံ့တုန်လှုပ်လျက် မိမိတို့ပိုင် ဥစ္စာပစ္စည်းတို့ကို စွန့်လွှတ်လျက် မိမိတို့အိမ်သို့ ပြန်၍ ပုန်းလျှိုးနေကြရလတ္တံ့။

ထို့အတူ ယုတ်မာသော ရဟန်းတို့ကလည်း သီလရှိသော ရဟန်းတို့ကို နှိပ်စက် ညှဉ်းပမ်းကြကုန်လတ္တံ့။ ထိုအခါ သီလရှိသော ရဟန်းတို့မှာ ကိုးကွယ်ရာမရ ဖြစ်ကုန်လျက် တောချုံဇနပုဒ်တို့၌ ပုန်းအောင်းနေကြရလတ္တံ့ဟူသော အဓိပ္ပာယ်ဖြစ်ပေ၏။

ဤသို့ ဘုရားရှင်လည်း ကောသလမင်းကြီး မြင်မက်သော အိပ်မက် (၁၆) ချက်တို့အား တစ်ချက်စီ ရှင်းလင်းမိန့်ကြားတော်မူပြီးနောက်—

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး၊ ယခုအခါ အရှင်မင်းကြီးတို့သာ တစ်ဆယ့်ခြောက်ချက် အိပ်မက်ကြီးတို့ကိုသာ မြင်မက်သည်မဟုတ်။ ရှေးမင်းတို့လည်း မြင်မက်ခဲ့ဖူးပေပြီ။ ပုဏ္ဏားတို့ကိုလည်း ယဇ်ပူဇော်ခိုင်းခဲ့ဖူးပေပြီ။ နောင်အခါ ပညာရှိတို့ကို မေးလျှောက်ရာ ပညာရှိတို့ကလည်း ငါဘုရားရှင်ဖြေကြားသည့်အတိုင်း ဖြေကြားခဲ့ဖူးပေပြီ"

ဟူ၍ မိန့်တော်မူလျက် အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ပုဏ္ဏားတစ်ယောက်သည် အရွယ်ရောက်သောအခါ ရဟန်းပြု၍ ဟိမဝန္တာတော၌ နေထိုင်သီတင်းသုံးလေ၏။ တရားဓမ္မတို့ကို အားထုတ်သည်ဖြစ်၍ ဈာန်အဘိညာဉ်သမာပတ်တို့ ရရှိပြီး ဈာန်ချမ်းသာဖြင့် အချိန်တို့ကို ကုန်လွန်စေခဲ့၏။ ထိုအချိန်တွင် ဗြဟ္မဒတ်မင်းကြီးသည် တစ်ဆယ့်ခြောက်ချက်သော အိပ်မက်ကြီးတို့ကို မြင်မက်ကာ လွန်စွာ ကြောက်ရွံ့တုန်လှုပ် ထိတ်လန့်သည်ဖြစ်၍ ပုဏ္ဏားတို့အား အိပ်မက်၏အဓိပ္ပာယ်ကို ဖော်စေ၏။

ပုဏ္ဏားတို့လည်း အိပ်မက်တို့ကို ချင့်ထောက်လျက် 'ယဇ်ပူဇော်မှ ဖြစ်လိမ့်မည်' ဟု လျှောက်ထားသော မင်းကြီး၏ ခွင့်ပြုချက်ဖြင့် ယဇ်ပူဇော်ရန် စီစဉ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုပုဏ္ဏားတို့အနက် အသိဉာဏ်ပညာရှိသော ပုဏ္ဏားလုလင် တစ်ယောက်သည် ဆရာပုဏ္ဏားကြီးဖြစ်သူအား--

"ဆရာ့ကြီး၊ အကျွန်ုပ်ကို သင်ကြားပေးသော ဗေဒင် ကျမ်းတို့၌ တစ်ဦးတစ်ယောက်ကို သတ်ဖြတ်၍ တစ်ဦး တစ်ယောက်ကို ချမ်းသာမှု ပြုနိုင်ပါသလော"

ဟူ၍ မေးလေ၏။ ဆရာပုဏ္ဏားကြီးလည်း တပည့်လုလင် အား--

"အမောင်လုလင်၊ တစ်ဦးတစ်ယောက်ကို သတ်ဖြတ် ၍ တစ်ဦးတစ်ယောက်ကို ချမ်းသာမှု မပြုနိုင်ပါ။ ယခုကိစ္စ၌ ငါတို့သည် မင်းကြီးထံမှ လာဘ်လာဘ ပူဇော်သက္ကာရ တို့ကို အလိုရှိ၍ ဤကဲ့သို့ ယဇ်ပူဇော်ရန် စီစဉ်ခြင်းဖြစ် ၏။ အမောင်အနေနှင့် ငါတို့ ပြုသည့်အမှုကိစ္စထဲ ပါဝင် ပါက လာဘ်လာဘများ ရရှိနိုင်ပေ၏"

ဟူ၍ ပြောဆိုလေ၏။ တပည့်လုလင်လည်း--

"ဆရာ့ကြီးတို့၏ အမှုကိစ္စ၌ ကျွန်ုပ် မပါဝင်လိုပါ။ ဆရာကြီးတို့ အမှုကိစ္စကို ဆရာကြီးတို့သာလျှင် ပြုလုပ်ကြ ပါလော့"

ဟူ၍ ပြောဆိုပြီး မင်းဥယျာဉ်သို့ ထွက်သွားခဲ့လေ၏။ ဤ တွင် ဟိမဝန္တာတောအုပ်၌ ဈာန်ချမ်းသာဖြင့် နေထိုင်သော ရသေ့ လည်း ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သတ္တဝါတို့အား သတ်ဖြတ်ကာ ယဇ် ပူဇော်မည့်အရေးကို မြင်မိလေ၏။ ထိုအခါ--

www.burmeseclassic.com

www.burmeseclassic.com



"ယခုအချိန်၌ ငါသည် ဗာရာဏသီသို့ အရောက်သွား ပါက သတ္တဝါတို့၏ အသက်ဘေးကို ကာကွယ်နိုင်လိမ့် မည်"

ဟူ၍ ကြံစည်မိပြီး ကောင်းကင်ခရီးမှ ကြွမြန်းကာ မင်း ဥယျာဉ်အတွင်းရှိ မင်္ဂလာကျောက်ဖျာထက်၌ ရွှေဆင်းတုအလား စမ္ပယ်သီတင်းသုံးလေ၏။ ဤတွင် ပုဏ္ဏားလုလင်လည်း ရသေ့ ကို တွေ့မြင်သွားပြီးသကာလ ရှိသေစွာ ရှိခိုးလျက် နှုတ်ခွန်း ဆက်လေ၏။ ထိုအခါ ရသေ့လည်း ပုဏ္ဏားလုလင်အား-

"အမောင်လုလင်၊ အမောင်တို့၏ မင်းကြီးသည် တရားသဖြင့် မင်းပြုပါ၏လော"

ဟူ၍ မေးလေ၏။ ပုဏ္ဏားလုလင်လည်း-

"အရှင်ရသေ့၊ မင်းကြီးသည် တရားကိုစောင့်သောသူ ဖြစ်ပါ၏။ သို့ရာတွင် မင်းကြီး၏ ပုရောဟိတ်ပုဏ္ဏားတို့ ကား မင်းကြီးကို မတရားသဖြင့် တိုက်တွန်းကြပါကုန်၏။ မင်းကြီးသည် တစ်ဆယ့်ခြောက်ချက်သော အိပ်မက်ကြီးကို မြင်မက်၍ ပုဏ္ဏားတို့ကို မေးမြန်းရာ ယဇ်ပူဇော်ရမည်ဟု တိုက်တွန်းကာ ယဇ်ပူဇော်ရန် အားထုတ်နေကြပါ၏။ အရှင်ရသေ့အနေဖြင့် အိပ်မက်၏ အဓိပ္ပာယ်မှန်ကို ပြော ကြားပါလျှင် ယဇ်ပူဇော်ခြင်းအမှု ပျက်ပြားပြီး သတ္တဝါ အများ အသက်ချမ်းသာရာ ရပါလိမ့်မည်"

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ ရသေ့လည်း

www.burmeseclassic.com

www.burmeseclassic.com



"အမောင်လုလင်၊ ငါသည် မင်းကြီးက မသိ။ မင်းကြီး အနေဖြင့် ငါ့ထံသို့ လာရောက်၍ မေးမြန်းပါလျှင် အဓိပ္ပာယ် မှန်ကို ပြောကြားရန် ဝန်မလေးပါ"

ဟူ၍ ပြောကြားလိုက်လေ၏။ ထိုအခါ ပုဏ္ဏားလုလင် လည်း ရှင်ရသေ့အား ခေတ္တစောင့်ဆိုင်းစေ၍ နန်းတော်သို့သွား ကာ မင်းကြီးအား ခေါ်ဆောင်လာခဲ့လေ၏။ ရသေ့လည်းမင်းကြီး အား တစ်ဆယ့်ခြောက်ချက်သော အိပ်မက်ကြီးတို့၏ အကျိုး အပြစ် အနက်အဓိပ္ပာယ်ကို ဖော်ထုတ်ပြောကြားကာ မင်းကြီး အား ကြောက်ရွံ့ထိတ်လန့်မှုအပေါင်းအား ဖယ်ရှားပစ်လေ၏။ မင်းကြီးလည်း အဓိပ္ပာယ်အမှန်ကို သိမြင်သွားပြီးနောက် ယဇ် ပူဇော်ခြင်းအမှုကို မပြုစေတော့ဘဲ ဖမ်းဆီးထားသည့် သတ္တဝါ အပေါင်းကို လွှတ်ပေးလေတော့၏။ ရသေ့လည်း ကောင်းကင် တွင်ရပ်ကာ မင်းကြီးအား တရားဓမ္မများ ဟောကြား၍ အဆုံး အမပေးကာ ငါးပါးသီလ၌ တည်စေ၏။ နောက်နောင်တွင်လည်း သတ္တဝါတို့ကို သတ်ဖြတ်၍ ယဇ်ပူဇော်ခြင်းအမှုကို မပြုလုပ်ရန် သတိပေးဆုံးမလျက် ဟိမဝန္တာတောအုပ်သို့ ပြန်ကြွသွားလေ၏။

မင်းကြီးလည်း ရသေ့၏ အဆုံးအမ၌တည်ကာ ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှုတို့ကိုပြုလျက် သေလွန်သည်ရှိသော ကောင်းရာသုဂတိသို့ လားရလေသတည်း။ (ဗြဟ္မဒတ်မင်းကြီး ၏ အိပ်မက် တစ်ဆယ့်ခြောက်ချက်နှင့် ကောသလမင်းကြီး၏ အိပ်မက် တစ်ဆယ့်ခြောက်ချက်မှာ တူညီနေသဖြင့် အကျယ် မဖော်ပြတော့ပါ)

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ဗုဒ္ဓဘုရားရှင်သည် အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်ပြီးနောက် တရားနာပရိသတ်တို့အား–

"ရဟန်းတို့၊ ထိုစဉ်အခါက ဗာရာဏသီမင်းကြီးသည် ယခုအခါ အာနန္ဒာ ဖြစ်လာ၏။ ပုဏ္ဏားလုလင်သည် သာရိပုတ္တရာဖြစ်လာ၏။ ရသေ့သည်ကား ငါဘုရားရှင် ဖြစ်လာ၏" ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

□ □ □

BURMESE CLASSIC

www.burmeseclassic.com